

ဖြည်သုဝတရားရှင်
အဝေတောက်တော်ကျန်ကျောင်းနှင့်

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

# ရန်မျိုးအောင်

# ပြည်သူ့တရားရှင်

# အထောက်တော်ကျနို်ကျောင်းနှင့် လျှို့ဝှက်ပုစ္ဆာ

( ဒုတိယပိုင်း )

# အခန်း (၂၆)

'သုခမိန်ကြီးပေါင်ချိန်ကျန်ကို ဥချင်းဖိန်က အရိုအသေပြုပါတယ်ခင်ဗျား'

ကျောက်သားခုံပေါ်တွင် ထိုင်နေသော သုခမိန်ကြီးကို ဥချင်းဖိန်က အရိုအသေပြုလိုက်၏။

'ထပါ ဥချင်းဖိန်၊ ဟိုက ကျောက်ခုံပေါ်မှာထိုင်ပါ'

သုခမိန်ကြီးက သူနှင့် မျက်နှာချင်းဆိုင်ကျောက်ခုံပေါ်တွင် ထိုင်ရန် လက်ဖြင့်ညွှန်ပြလိုက်၏၊ ဥချင်းဖိန်က ဒူးထောက်ကာ လက်နှစ်ဖက် ယှက်ထားရာမှထ၍ မျက်နှာချင်းဆိုင်တွင် ထိုင်လိုက်၏။

'မောင်မင်းဟာ၊ အခု လူသတ်မှုနဲ့ စွပ်စွဲခံနေရတယ်ဆိုတာ ကျုပ်သိပါတယ်၊ သူများတွေကတော့ မောင်မင်းကို လူသတ်တရားခံလို့ တစ်ထစ်ချစွပ်စွဲနေကြတယ်၊ ကျုပ်ကတော့ ဒါကို အပြည့်အဝ လက်မခံပါဘူး'

သုခမိန်ကြီးက ဝူချင်းဖိန်ကို အကဲခတ်ကြည့်ရှုရင်း မေးလိုက်၏။

'ဟုတ်ကဲ့၊ ကျွန်တော် လူသတ်မှု မကျူးလွန်ခဲ့ရတာအမှန်ပါခင်ဗျာ'

သုခမိန်ကြီးက ခေါင်းညိတ်လိုက်၏။

'မောင်မင်းရဲ့ နံပါတ်တံဆိပ်ပြားက သေဆုံးသူတွေရဲ့ နားမှာ သက်သေအထောက်အထားအဖြစ် တွေ့မြင်နေရတယ်၊ ဒါကို ဘာပြောချင်သလဲ'

'ကျွန်တော့်ရဲ့တံဆိပ်ပြားကို ခိုးယူသွားတဲ့လူတွေက လူသတ်ပြီး ဒါကို ချထားခဲ့တာပါခင်ဗျာ'

'မောင်မင်းစကားဟာ အမှန်ပဲလား'

'အမှန်ပါပဲ ခင်ဗျား၊ သုခမိန်ကြီးကို ကျွန်တော် ညာမပြောဝံ့ပါဘူး'

သုခမိန်ကြီးက ခေါင်းညိတ်လိုက်၏။

'မောင်မင်းရဲ့တံဆိပ်ပြားကို ဘယ်နေရာမှာ သိမ်းထားတတ်သလဲ'

'ကျွန်တော့်ရဲ့အခန်းထဲမှာဘဲ သိမ်းထားလေ့ ရှိပါတယ်ခင်ဗျား'



'ဒါဆိုရင် မောင်မင်းရဲ့အခန်းထဲက ဘယ်သူတွေဝင်ခွင့်ရှိသလဲ'

'ကျွန်တော်က အဲဒီအချိန်က သူဌေးကြီးလိုကျန်းဖုန်းရဲ့ ကိုယ်ရံတော်သုံးဦးထဲမှာ တစ်ဦးအပါအဝင်ပါ၊ ဒီတော့ ကျွန်တော့်အခန်းထဲကို သူဌေးကြီးရဲ့ ကိုယ်ရံတော်နှစ်ဦးဖြစ်တဲ့ အောင်ညက်နဲ့ကျောင်းဖုန်းစန်းတို့ ဝင်ထွက်လေ့ ရှိပါတယ်'

ဝူချင်းဖိန်၏စကားကို နားထောင်၍ သုခမိန်ကြီးကခေါင်းညိတ်လိုက်၏။

'ဟုတ်ပြီ၊ မောင်မင်းတံဆိပ်ပြားထားတဲ့နေရာကို သူတို့နှစ်ယောက်သိတာပေါ့'

'သိမယ်လို့ထင်ပါတယ်'

'သူဌေးကြီးလိုကျန်းဖုန်းကရော မသိနိုင်ဘူးလား'

ဝူချင်းဖိန်က ခေါင်းညိတ်လိုက်၏။

'သူထားခိုင်းတဲ့နေရာမှာ ကျွန်တော်က တံဆိပ်ပြားကို အမြဲသိမ်းထားရတာပါ၊ ကျွန်တော့်ကို လုပ်ကြံတဲ့ တရားခံကို သူက အသိဆုံးဖြစ်နိုင်ပါတယ်'

'ဒါပေမယ့်....မင်းမှာ သက်သေပြနိုင်ဖို့လိုတယ် ဝူချင်းဖိန်၊ အခုအတိုင်းဆိုရင် မင်းရဲ့တံဆိပ်ပြား ဘယ်သူ ယူသွားတယ်ဆိုတာကို မင်းမသိဘူး၊ ဒါဆိုရင် မင်းမလွယ်ဘူး၊ တရားစီရင်ရင် မင်းကို ကာကွယ်နိုင်လောက်တဲ့ အဆောက်အထား မရှိဘူး'

ဝူချင်းဖိန်ခေါင်းငိုက်စိုက်ကျသွား၏၊ ခိုင်ဖုန်းတရားသူကြီးပေါင်ချင်းကျန်းက ဝူချင်းဖိန်ကို ကရုဏာသက်သောမျက်လုံးများဖြင့် ကြည့်လိုက်၏။

'ဝူချင်းဖိန်'

'အမိန့်ရှိပါ သုခမိန်ကြီး'

'သူဌေးကြီး လိုကျန်းဖုန်းရဲ့ သမီးလေးကို ဘာလို့ပြန်ပေးဆွဲရတာလဲ'

'ကျွန်တော့်ကို လုပ်ကြံတဲ့သူကို သူဌေးကြီး လိုကျန်းဖုန်းက သိနိုင်လျက်သားနဲ့ ထုတ်ဖော်မပြောလို့ပါ၊ ဒီတော့ ကျွန်တော်စိတ်ဆင်းရဲသလို သူခံစားရပြီး ကျွန်ယော့်ကို ကူညီစေချင်လို့ပါ'

သုခမိန်ကြီး ခေါင်းခါယမ်းလိုက်သည်၊ သုခမိန်ကြီး၏မျက်နှာမှာလည်း တစ်ခဏအတွင်း တင်းမာသွားလေတော့သည်။

'မင်းသိပ်မှားတယ် ဝူချင်းဖိန်၊ တရားဥပဒေဆိုတာ အမှန်တရားကို ထုတ်ဖော်ပေးနိုင်ပေမယ့် အကြမ်းဖက်တဲ့ လူတွေအတွက် နေရာမရှိဘူး၊ သူက မင်းကိုကူညီချင်တဲ့စိတ် ခေါင်းပါးသွားမှာပေါ့၊ မင်း သူ့သမီးလေးကို သူ့ဆီ ပြန်ပို့လိုက်ပါ၊ မင်းမှာ လူသတ်မှုအပြင် ပြန်ပေးဆွဲမှုနဲ့ပါ အခု တိုင်ကြားတာ ခံနေရပြီ'

'လိုကျန်းဖုန်းဟာ သိလျက်သားနဲ့ ထုတ်ဖော်မပြောတာပါ သုခမိန်ကြီး'

'တိတ်စမ်း ဝူချင်းဖိန်'

သုခမိန်ကြီးက ဝူချင်းဖိန်ကို အော်ငေါက်ကာ စကားဆက်မပြောဖို့တားမြစ်လိုက်သည်၊ ဝူချင်းဖိန်မှာ စကားဆက်မပြောဘဲ ရပ်ထားလိုက်ရသည်။



'လူတစ်ယောက်ရဲ့ရင်ထဲမှာ စကားတစ်ခု လျှို့ဝှက်ထားရင် ထုတ်ဖော် ပြောဆိုလာအောင်လုပ်တဲ့ နည်းလမ်းတွေ အများကြီးရှိတယ်ဆိုတာ မင်း မသိဘူးလား လူအရဲ့၊ သူ့ကို မငြင်းနိုင်တဲ့ သက်သေတွေနဲ့တုပ်ချည်ပြီး သူ့ရင်ထဲက စကားတွေ ထွက်လာအောင် ဆုပ်ညှစ်ပေးတာ နည်းလမ်းမှန်တာပေါ့၊ ခု မင်းဟာက သူ့ကို စိတ်ထိခိုက်အောင် စိတ်ဆင်းရဲအောင် လုပ်တဲ့နည်းလမ်းပဲ'

ဝူချင်းဖိန်မှာ သူ့အမှားကို သူသိသကဲ့သို့ ခေါင်းငိုက်စိုက်ကျသွားသည်၊ ခိုင်ဖုန်းတရားသူကြီးကိုလည်း ကြည်ညိုလေးစားသော စိတ်များ ဖြစ်ပေါ်လာသည်။

'ခွင့်လွှတ်ပါ သုခမိန်ကြီး ခင်ဗျား၊ ကျွန်တော်မှာ ဒီလို ဆုံးမမယ့် လူကြီးသူမတွေ မရှိခဲ့လို့ပါ၊ ခု သုခမိန်ကြီးရဲ့စကားကို ကျွန်တော် နားထောင်ပါတော့မယ်'

သုခမိန်ကြီးက ခေါင်းညိတ်လိုက်သည်၊ ဝူချင်းဖိန် နေရာမှ ထရပ်လိုက်သည်။

'ကျွန်တော့်ကို သွားခွင့်ပြုပါ သုခမိန်ကြီး၊ ကျွန်တော့် ဒီအမှုအတွက် တရားဥပဒေနဲ့အညီ ရင်ဆိုင်ဖို့ ကျွန်တော့်ရန်သူတွေကို ရှာဖွေဖော်ထုတ်ခွင့်ပြုပါ'

သုခမိန်ကြီးက ခေါင်းခါလိုက်သည်။

'နေပါဦး ဝူချင်းဖိန်၊ မင်းကို ငါမေးစရာမေးခွန်းတွေ အများကြီးရှိသေးတယ်'

ဝူချင်းဖိန် ဒူးထောက်၍ ပြန်ထိုင်လိုက်ရလေသည်။

**မိုးဆမ်းပန်းစာပေ**

'လိုကျန်းဖုန်းဟာ မင်းရဲ့ကျေးဇူးရှင် ဖြစ်ခဲ့တယ် မဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ'

'ကျေးဇူးရှင်ကို ပြစ်မှားခြင်းဟာ ရာဇဝတ်မှုကျူးလွန်တာထက်ပိုပြီး လေးနက်တယ်၊ လူတစ်ယောက်ရဲ့အကျင့်ကို ထုတ်ဖော်ပြရာ ရောက်တယ်၊ သူဟာ လူကောင်းတစ်ယောက်မဟုတ်ဘူးလား'

ဝူချင်းဖိန် မဖြေဘဲ နှုတ်ဆိတ်နေသည်။

'သူဌေးကြီး လိုကျန်းဖုန်းအကြောင်းကို မင်း ဘယ်လောက်သိသလဲ'

'သူဟာ စိတ်ကောင်းရှိတဲ့ငွေကြေးချမ်းသာသူတစ်ယောက်ပါ၊ ဒါပေမယ့် သူ့မှာ လျှို့ဝှက်ထားတဲ့ ကိစ္စရပ်တွေ ရှိနိုင်ပါတယ် သုခမိန်ကြီး'

'ဘာဖြစ်လို့ မင်း ဒီလိုပြောနိုင်ရတာလဲ'

'အောညက်နဲ့ ချောင်ဖုန်းခန်းဘို့ကို သူတာ တိတ်တဆိတ်တိုင်ပင်တဲ့ကိစ္စတွေ ရှိပါတယ်၊ ပြီးတော့ သူ့ရဲ့ကိုယ်ရံတော်နှစ်ဦးဟာ သူဌေးကြီးဆီမှာ ကျွန်တော် နေရာရသွားမှာကို သိပ်စိုးရိမ်ကြပါတယ်'

'ဘယ်သူက အဆိုးဆုံးလဲ'

'အောညက်လို့ ထင်တာပါပဲ'

သုခမိန်ကြီးသည် ခါးထောက်ကာ စဉ်းစားလိုက်သည်။

'အောညက်က လိုကျန်းဖုန်းရဲ့ လူယုံတော်လား'

'ဟုတ်ပါတယ်၊ သူဟာ အရေးပေးခံရဆုံး လူတစ်ယောက်



ပါပဲ'

'ဒါဆိုရင် အောညက် လုပ်ကြံတယ်လို့ ယူဆနိုင်စရာ အထောက်အထားရှိလား'

ဝူချင်းဖိန်က ခေါင်းခါပြလိုက်သည်၊ သုခမိန်ကြီးမှာ ဝူချင်းဖိန်ကိုကြည့်လျက် စိတ်အပျက်ကြီး ပျက်သွားမိလေတော့သည်။

'အင်း....မင်းဟာ တော်တော်သုံးမျှင်းတဲ့ ကောင်ပဲ ဝူချင်းဖိန်၊ မင်းရဲ့သိုင်းပညာကို အားကိုးပြီး ပြဿနာကို ဖြေရှင်းလို့ရမယ် ပို မင်းတင်နေသလား၊ အဲဒီသိုင်းပညာကြောင့် မင်းဟာ နောက်ထပ် ပြစ်မှုတွေ ကျူးလွန်မိနိုင်ပြီး ဒုက္ခရောက်မယ်ဆိုတာကိုရော မင်း မစဉ်းစားမိဘူးလား'

ဝူချင်းဖိန် ခေါင်းငုံ့ ထားလိုက်လေသည်၊ ဝူချင်းဖိန်၏နောက်တွင် ကျန်ကျော်ငြိမ်းနှင့် ကုန်းစွန်းတို့က ရပ်၍စောင့်ကြည့်နေကြသည်။

'ကျွန်တော့်ကို သွားခွင့်ပြုပါတော့ သုခမိန်ကြီး'

ဝူချင်းဖိန်က ခွင့်တောင်းလိုက်သည်၊ သုခမိန်ကြီးက ထ၍ရပ်လိုက်၏။

'ကဲ....မင်း သွားချင်ရင်သွားနိုင်ပြီ ဝူချင်းဖိန်၊ အခုနေရာမှာတော့ မင်းဟာ ဘာသက်သေအထောက်အထားမှ မပြနိုင်ဘဲ တရားခံစာရင်းဝင်တစ်ယောက်ဆိုတာကိုတော့ မမေ့နဲ့နော်'

ဝူချင်းဖိန်က သုခမိန်ကြီးကို အရိုအသေပြုပြီး နောက်လှည့်လိုက်၏၊ ကျန်ကျော်ငြိမ်းနှင့် ကုန်းစွန်းတို့က ဝူချင်းဖိန်ကို လမ်းဖွင့်ပေးလိုက်ကြလေသည်။

ဝူချင်းဖိန် ထွက်ခွာသွားသည်နှင့် ကျန်ကျောင်းနှင့် ကုန်းစွန်းတို့ဟာ သုခမိန်ကြီးရှေ့ ရောက်ရှိလာကြ၏၊ သုခမိန်ကြီးက ကျန်ကျောင်းကို စိုက်ကြည့်လိုက်သည်။

'ကျန်ကျောင်း တို့ တစ်ခုမှားသွားပြီကွာ၊ အဲဒါ တော်တော်ဆိုးတာပဲ'

'ဘာများမှားလို့လဲ သုခမိန်ကြီး'

'မြို့ဝန်ရဲ့အိမ်မှာ တို့ဟာ ကျောင်းထန်ကို ဒီအတိုင်းထား ပစ်ခဲ့ကြတယ်၊ အင်း....ခုလောက်ဆိုရင် ကျောင်းထန် အသက်မှ ရှိပါဦးမလား မသိဘူး၊ ကဲ....မြန်မြန် မင်းတို့သွားနှင့်ကြပေတော့'

ကျန်ကျောင်းနှင့် ကုန်းစွန်းတို့မှာ သုခမိန်ကြီးကို အရိုအသေပြုပြီးနောက် ကျောက်ဂူထဲမှ လွှားခနဲ ခုန်ထွက်လာခဲ့ကြလေသည်၊ သုခမိန်ကြီးမှာမူ ဂူဝကိုစိုက်ကြည့်လျက် စိတ်ပျက်စွာ ခေါင်းခါယမ်းလိုက်လေတော့သည်။

## အခန်း (၂၇)

မြို့ဝန်ကြီး ချူရင်ထန်သည် မျက်တရက် ရောက်ရှိလာသော သူဌေးကြီးလိုကျန်းဖုန်းကို တွေ့လိုက်ရ၍ ခရီးဦးကြို ပြုလိုက်သည်။

'ဟာ....လိုကျန်းဖုန်းပါလား၊ ဘာများ အရေးတကြီး ပြောစရာရှိလို့လဲ'

'ဟြော်....မြို့ဝန်ကြီးနဲ့ အေးအေးဆေးဆေး ဆွေးနွေးစရာ ရှိလို့ပါ'

'ဘာကိစ္စများလဲဗျ'

နေရာထိုင်ခင်းပေးပြီးနောက် လိုကျန်းဖုန်း၏ရှေ့တွင် ဝင်ထိုင်ရင်း မြို့ဝန်ကြီး ချူရင်ထန်က မေးလိုက်သည်။

'ကျွန်တော့် သမီးလေး ဖုဖုရဲ့ကိစ္စပါ၊ ဖုဖုအတွက် ကျွန် သိပ်စိတ်ပူတယ်'

သူ့စအားမဆုံးမီမှာပင် လိုကျန်းဖုန်းက ချူရင်ထန်က လက်ကာပြလိုက်သည်။

'နေပါဦး၊ ကျုပ် အံ့သြစရာကောင်းတာရှိလို့ ပြောပါရစေ'

'ဘာများ အံ့သြစရာရှိသလဲဗျ'

'ခင်ဗျားရဲ့ သမီးလေးဟာ ကျုပ်တို့ ပြန်ပြီး ရှာတွေ့နေပါပြီ'

'ဗျာ....ဟုတ်လား၊ ဘယ်မှာလဲ၊ အခုရှိသလား'

လိုကျန်းဖုန်းက အားရဝမ်းသာ ထရပ်လိုက်သည်။

'ကျုပ်ပြောတာကို နားထောင်ပါဦးလေ'

လိုကျန်းဖုန်းက

'ကလေးက ဘယ်မှာလဲ၊ ကျုပ်သမီးလေး ကျန်းကျန်းမာ မာပဲလား'

'ကျန်းကျန်းမာမာပါပဲ၊ ဒါပေမယ့် သူ့ကိုဖမ်းသွားတဲ့ တရားခံကိုတော့ မတွေ့ဘူး၊ မမိလိုက်ဘူး ဆိုပါတော့ဗျာ'

'ဟိုကောင် ဝူချင်းဖိန်လား။ အဲ့ဒီကောင်ကို မြန်မြန်အသေ သတ်လိုက်ကြစမ်းပါဗျာ'

'ကျုပ်လဲ တွေ့တဲ့နေရာမှာ တပ်ဖွဲ့တွေကို အသေသတ်ဖို့ မှာထားတာပါပဲ၊ ဒါပေမယ့် အခုတော့ သူက လွတ်သွား



တယ် သူဌေးကြီး၊ ခက်နေတာက ခင်ဗျားရဲ့သမီးလေး ဖုဖုက ခေါင်းမာတယ်'

'ဘာ....ဘယ်လိုခေါင်းမာတာလဲ'

'ကျုပ်တို့က သူ့ကို တာဟူးကျောင်းထဲကနေပြီး ကယ်တင်လာခဲ့ဖို့ သွားတာ သူက မလိုက်ဘူးတဲ့'

'ကလေးပဲ အမိန့်နဲ့ ခေါ်လာရင်ပြီးရော၊ ဒီကောင်မလေးက ဘာနားသိတာမဟုတ်ဘူး၊ ပြီးတော့ ဝူချင်းဖိန်ကို သူ့ဦးလေး အရင်းလို ခင်နေတာ'

သူဌေးကြီး လိုကျန်းဖုန်းက သူ့နဖူးမှ ချွေးစက်များကို သုတ်ကာ ပြောလိုက်သည်။

'အင်းပေါ့လေ သူက ခင်ဗျားရဲ့ သက်တော်စောင့် ဘဝကတည်းက ဒီကလေးနဲ့ ခင်နေထာဖြစ်မှာပေါ့၊ အခုသူက ဘာပြောလဲဆိုတော့ ဦးဦးဟာ သူ့ကိုဖမ်းလာတာ မဟုတ်ဘူးတဲ့၊ သူကပျော်လို့လိုက်လာတာတဲ့၊ ပြီးတော့ ခင်ဗျားဆီကိုလဲ မပြန်ချင်သေးဘူးတဲ့'

'ဘာလို့လဲဗျာ'

'တာဟူးကျောင်းထဲမှာ ကစားနေရတာ ပျော်လို့တဲ့ဗျာ၊ ပြီးတော့ခင်ဗျားက ဝူချင်းဖိန်ကို ဘာမှတရားမစွဲဘူးဆိုမှ ပြန်လာမတဲ့'

'ခွေးကောင်မလေး၊ ကလေးပီပီ ဘာမှမသိဘူး'

သူဌေးကြီး လိုကျန်းဖုန်းက ဒေါသတကြီး အော်လိုက်သည်။

'ဟင်း....ဒါဆို ကျုပ်အခုသွားပြီး ဆွဲခေါ် လာခဲ့မယ်'

သူဌေးကြီးက တာဟူးကျောင်းသို့ လိုက်သွားရန် ထရပ်လိုက်လေသည်။

'နေပါဦး ကျုပ်စကားမဆုံးသေးဘူး၊ အခုကျုပ်ဆီမှာ ဘုရင့်တရားသူကြီး ပေါင်ချင်ကျန်းရောက်နေတယ်ဆိုတာတော့ ခင်ဗျားသိတယ် မဟုတ်လား'

'သိပါတယ်၊ ကျုပ်သမီးလေး ကျုပ်သွားခေါ်တာနဲ့ဘာဆိုင်သလဲ'

'အင်း ဘုရင့်အမိန့်နဲ့ ခန့်ထားတဲ့ တရားသူကြီး ဆိုတော့ ကျုပ်လဲမလွန်ဆန်နိုင်ဘူးဗျာ၊ သူဟာခင်ဗျားသမီးလေး ဖုဖုနဲ့ စကားပြောချင်လို့တဲ့'

လူဌေးကြီး လိုကျန်ဖုန်းမှာ ထိုစကားကို ကြားရသည်နှင့် မျက်နှာ အကြီးအကျယ် ပျက်သွားလေတော့သည်။

'ခင်ဗျားလဲ သိသားပဲ၊ ကျုပ်တို့ကိစ္စတွေဟာ ခိုင်ဖုန်းတရားသူကြီးသိလို့ မဖြစ်ဘူးလေ'

သူဌေးကြီးက ထုန့်ယင်သောအသံဖြင့်ပြောလိုက်လေသည်၊ သူဌေးကြီး၏ စကားကြောင့် မြို့ဝန်ကြီးမှာ ကြံရခက်သလို ထရပ်၍ အပြင်ပြတင်းပေါက်သို့ ငေးကြည့်နေလေသည်၊

'ကျုပ်တော့ထော်တော်စိတ်ပူလာပြီ. သူဌေးကြီး ခင်ဗျား ပေးတဲ့ ငွေကိုလဲ လက်မခံချင်တော့ဘူး ဒီအမှုထဲမှာကျုပ်တာမှ မပါချင်တော့ဘူး'



သူဌေးကြီးမှာ မြို့ဝန်ကြီး၏စကားကြောင့် ပို၍စိတ်ဆင်းရဲသော မျက်နှာ ဖြစ်သွားသည်။

'ခုထိတော့ ခိုင်ဖုန်းတရားရာကြီးဟာ ဘာမှမရိပ်မိသေးပါဘူးဗျာ'

'ဒီလိုမထင်နဲ့. သူဌေးကြီး သူကိုင်တွယ်တဲ့ အမှုတွေဟာ မပေါ်ဘူးဆိုတာမရှိဘူး၊ ဒါကြောင့် သူ့ကို နတ်မျက်စေ့ရတဲ့ သူလို့ လူတွေက ဝေဖန်ပြောဆိုနေကြတာပေါ့'

'ဟင်း'

သူဌေးကြီး၏ သက်ပြင်းချသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်၊ ထိုအချိန်မှာပင် မြို့ဝန်မင်း၏ နောက်ကျောရှိ ပြတင်းပေါက်ရှိရာသို့ သူသည် ထရပ်ကာ ဆတ်ကနဲ မေးငေါ့လိုက်သည်။

လူရိပ်တစ်ခုသည် မြို့ဝန်မင်းနောက်ကျောရှိပြတင်းပေါက်မှ ခေါင်မိုးပေါ်သို့ လွှားကနဲ · တက်ရောက် သွားလေသည်၊ ထိုနောက် နောက်ထပ် လူတစ်ဦးကပါ ထွပ်၍ ခုန်တက်သွားသည်ကို သူဌေးကြီးတွေ့နေရသည်။

သူဌေးကြီး ကြည့်နေသော နေရာသို့ ချူရင်ထန်းကချာကနဲ လှည့်ကြည့်လိုက်၏။

'ဘာတွေများ ပြတင်းပေါက်မှာ တွေ့ရလို့လဲ သူဌေးကြီး'

မယုံသင်္ကာသော အသံဖြင့် ချူရင်ထန်းက မေးလိုက်သည်။

'ဘာမှ မဟုတ်ပါဘူးဗျာ၊ ငှက်ကလေးတစ်ကောင် ပြတင်းပေါက်မှာ လာနားလို့ပါ'

'အော်ဘာများလဲလို့'

သူဌေးကြီး၏ စကားကြောင့် မြို့ပန်ကြီး ချုပ်ရင်ထန်းမှာ သူဌေးကြီးနှင့်စကားပြောရန်မျက်နှာပြန်လှည့်လိုက်လေသည်၊

## အခန်း (၂၈)

မြို့ဝန်မင်းအိမ်တွင် ရောက်ရှိနေသော ကျောင်းထန်မှာ ညတွင် အိပ်၍မပျော်ပေ၊ သူသည်အခန်းပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလျက် ထိတ်လန့်နေတတ်သည်၊ မီးအိမ်အရိပ်ထိုး၍ လိုက်ကာလှုပ်နေသည်ကိုလည်း ထိတ်လန့်ကာ အော်ဟစ်တတ်သည်။

ထို့ကြောင့် ကျောင်းထန်နေသော အခန်းတွင် အစောင့်လေးဦးကို ညစဉ်ချထားရသည်၊ ထိုအစောင့်များမှာလည်း ကျောင်းထန်၏ ဆိပ်ပြာလန့်မှုကြောင့် အိပ်ရေးပျက်ကြ၍ ပင်ပန်း ညည်းညူကြရလေသည်။

ခိုင်ဖုန်းတရားသူကြီး က အစောင့်များကို မကြာခဏ လာရောက်အကဲခတ်တတ်ပြီး ကျောင်းထန်ကိုလည်း စကားလာပြောတတ်သည်၊ ကျောင်းထန်၏အခြေအနေမှာ တနေ့တခြား ပိုဆိုးလာသည်၊ ကျောင်းထန်သည် ညတွင် ငုတ်တုတ်ထိုင်ကာ နေတတ်ပြီး နေ့လယ်ပိုင်းတွင်သာ အိပ်စက်လေ့ရှိ၏၊

အိပ်စက်သောအခါတွင်လည်း သူသည်ခုတင်ပေါ်တွင် သူ၏ခေါင်းအုံးများကို စောင်ဖြင့်ခြုံပေးထားပြီး ခုတင်အောက်တွင်ဝင်၍ အိပ်လေ့ရှိတတ်သည်၊ မိုးပြိုမှာကြောက်သည့်တစ်တီတူးငှက်နှင့်ပင် တူလေသည်။

ယခုလည်း ကျောင်းထန်သည် ထုံးစံအတိုင်းခုတင်အောက်တွင်ဝင်ကာ ကောင်းကောင်းအိပ်စက်နေပြီဖြစ်ပါ၏၊ အခန်းဝမှ အစောင့်များမှာလည်း တစ်ဦးပြီးတစ်ဦးထွက်၍သွားရာ အစောင့်နှစ်ဦးသာ ကျန်ခဲ့တော့၏။

‘လာပါ နေ့လည် ကြောင်တောင်မှာ ဘယ်က ရန်သူမှ မလာပါဘူး၊ ဒီကြောင်ကြောင့် ညကလဲ တစ်ညလုံး မအိပ်ရဘူး ပန်းခြံထဲ သွားအိပ်ရအောင်’

အစောင့်တစ်ဦးက သူ့အဖော်ကို ညှို့လိုက်သည်။

‘မင်းသွားချင်လဲသွားပေါ့ ချင်လေး၊ ငါတော့ဒီအခန်းထဲမှာပဲ ခါတိုင်းလိုအိပ်လိုက်မယ်၊ ခိုင်ဖုန်းတရားသူကြီးလဲ မရှိဘူး မဟုတ်လား’

‘ဟုတ်ပါတယ် မင်းက အိပ်ယာကို တယ်မက်တဲ့ကောင်ပဲ’

‘အခန်းထဲမှာလဲ အစောင့်ရှိတဲ့သဘောပေါ့ကွာ၊ ငါဒီမှာ အိပ်တာ မင်းအတွက်လဲ စိတ်ချရတာပေါ့ မဟုတ်ဘူးလား’



‘ဟုတ်တယ် ကဲငါသွားမယ်ကွာ’

ချင်လေးဟူသော အခန်းစောင့်က ထွက်ခွာသွားသည်နှင့် ကျောင်းထန်၏ ခုတင်ပေါ်တွင် တကယ်အိပ်လျက် မုလုံက ကျောင်းထန်၏ခေါင်းအုံးများကို ခြုံထားသည့်စောင်ကို ယူကာ ခေါင်းမြီးခြုံ၍ အိပ်လိုက်၏၊ တစ်ညလုံးအိပ်ရေးပျက်ထားသောကြောင့် မုလုံသည် တစ်ခဏအတွင်း အိပ်ပျော်သွားလေတော့သည်၊ မုလုံအိပ်ပျော်သည့်အခန်းထဲသို့ လူရိပ်တစ်ရိပ် ရုတ်တရက်ခေါင်မိုးပေါ်မှ ခုန်ချလာသည်။

ထိုလူရိပ်မှာ မျက်နှာကို အဝတ်နက်စည်းနှောင်ထားလေသည်၊ သူသည်အခန်းတံခါးကို ရှေးဦးစွာ သွားပိတ်လိုက်ပြီးနောက် ခေါင်မိုးပေါ်တွင်ရှိသော သူ့အပေါ်ကို မျက်ရိပ်ပြလိုက်၏။

ခေါင်မိုးပေါ်မှလူတစ်ယောက် အခန်းထဲသို့ လွှားခနဲကပ်၍ခုန်ဆင်းချလာသည်၊ အခန်းထဲသို့ရောက်လာသော မျက်နှာဖုံးစွပ်နှစ်ဦးလုံးမှာ မုလုံအိပ်နေသည့် ခုတင်ရှိရာသို့ တိုးကပ်လာကြသည်၊

‘ဒီလောက်လွယ်မယ်လို့ ငါမထင်ဘူးကွာ၊ ဒီအခန်းဆိုတာ သေချာပါတယ်နော်’

‘သေချာပါတယ်ယူကျင်ရာ ဒီကောင်ညဘက်ကို ကြောက်နေလို့ နေ့တက်မှ အိပ်တတ်တယ်ဆိုတဲ့ သတင်းကိုငါကြားပြီးပါပြီ’

‘ဟုတ်လား ဒါဆိုရင်တော့ ငါမျှင်းလိုက်တော့မယ်ကျင်ယို’

‘အေးလေ ဒီလောက်လွယ်နေတာ မင်းပဲ ရှင်းလိုက်တော့

ပေါ့ကွာ'

ယူကျင်သည် ခုတင်ပေါ်သို့ ပေါ့ပါးဖြတ်လပ်စွာ ခုန်တက်ကာ စောင်ကို ခေါင်းမြီးခြုံထားသော မုလုံ၏ ရင်ဝတည့်တည့်သို့ သူ့ထက်ထဲမှဓားရှည်ကြီးဖြင့် တစ်ချက်တည်းခုတ်ချလိုက်လေတော့သည်။

'အား'

ကျယ်လောင်သော မြည်သံထွက်ပေါ်လာသည်၊ အခန်းထဲမှလူနှစ်ယောက်မှာ ခေါင်မိုးပေါ်ကို ဖျတ်လတ်စွာ ခုန်တက်ကာ အမိုးကိုဖောက်၍ ထွက်သွားသည်။

အော်ဟစ်သံကြောင့် သူဌေးကြီးနှင့် စကားပြောနေသော ချူးရင်ထန်မှာ ထရပ်လိုက်၏။

'ဟာဘာစ်ခုခုတော့ဖြစ်ပြီ ကျုပ်သွားမှဖြစ်မယ်'

သူဌေးကြီးကလည်း မသိမျက်ယောင်ဆောင်သော မျက်နှာဖြင့်....

'ဒါဆိုရင်၊ ကျုပ်ကို တာဟူးကျောင်းကိုသွားဖို့ခွင့်ပြုပါဦး' ဟု နှုတ်ဆက်လိုက်၏။

'ကောင်းပါပြီ'

ချူးရင်ထန်သည် အော်သံကြောင့် စံအိမ်စောင့်များ ပြေးလွှားဝင်ရောက်သွားသော ကျောင်းထန်၏ အခန်းထဲသို့ ဝင်လာခဲ့သည်။

'ဟာ ကျောင်းထန်တော့ သွားပြီထင်တယ်' ခိုင်ဖုန်းတရားသူကြီးတော့ ငါ့ကိုအပြစ်တင်တော့မှာပဲ'

ချူးရင်ထန်က စိုးရိမ်သောအသံဖြင့် ပြောကြား၏။



'ကျောင်းထန်ကို သတ်သွားတာမဟုတ်ပါဘူး မြို့ဝန်မင်း ကျောင်းထန်ရဲ့အိပ်ယာမှာ ဝင်အိပ်နေတဲ့ မုလုံကို လူမှားသတ်သွားတာပါ'

'ဟင်'

မြို့ဝန်ကြီး ချူးရင်ထန်၏ သက်ပြင်းချသံ ထွက်ပေါ်လာသည်။

ချူးရင်ထန်သည် မုလုံကိုသွား၍ ငုံ့ကြည့်လိုက်ပြီးနောက် ကျောင်းထန်ကို အခန်းပတ်ပတ်လည်တွင် လှည့်ပတ် ရှာဖွေလိုက်သည်။

'ကျောင်းထန်၊ ကျောင်းထန်၊ ကျောင်းထန်မင်းဘယ်ရောက်နေတာလဲ'

'ကျွန်တော် ဒီမှာပါ မြို့ဝန်မင်း'

ထိတ်လန့်စွာနှင့် အခန်းထောင့်တွင်ထိုင်ကာ မျက်နှာကို လက်ဝါးနှင့်ပိတ်ထားသော ကျောင်းထန်ကိုတွေ့လိုက်ရသည်၊ မုလုံ၏အော်သံကြောင့် ကျောင်းထန်မှာ ခုတင်အောက်မှာပုန်းအိပ်နေရာမှ လေးဘက်တွားထွက်ကာ အခန်းထောင့်တွင် ထိုင်၍ ကြောက်ရွံ့နေခြင်းသာဖြစ်ပါသည်၊

## အခန်း (၂၉)

သုခမိန်ကြီးသည် စားပွဲကိုဝှန်းခနဲလက်ဝါးဖြင့် ရိုက်လိုက်၏၊ ကျောင်းထန်မှာ သုခမိန်ကြီးလက်ဝါးရိုက်သံကြောင့်ထိတ်လန့်၍ မော့ကြည့်လိုက်သည်။

'ကျောင်းထန် အမှန်တရားကို လျှို့ဝှက်တဲ့လူတွေဟာ သိပ်အပြစ်ကြီးတယ်ဆိုတာ မသိဘူးလား၊ မင်းဟာ လူသတ်မှုတစ်ခုကို မြင်တွေ့ရဲ့သားနဲ့ ထိန်ချန်ထားတယ်ဆိုရင် မင်းကိုပါ အပြစ်ပေးရလိမ့်မယ်'

'ကျွန်တော့်ကို အပြစ်မပေးပါနဲ့၊ ကျွန်တော်ဘာအပြစ်မှ မကျူးလွန်ခဲ့ပါဘူး'



ကျောင်းထန်က တုန်ယင်သော အသံဖြင့် ပြောလိုက်လေသည်။

'အပြစ်မရှိတဲ့လူတွေ အပြစ်ကျခံရတာကို မင်းမြင်တွေ့ချင်သလား၊ အခု မင်းကိုလိုက်သတ်နေတဲ့ သူတွေ ရှိတယ်ဆိုတာ မင်းသိတယ်မဟုတ်လား၊ မင်းဟာ အင်မတန်ကြောက်တတ်တဲ့အတွက် မြန်မြန် သေနိုင်တယ်ဆိုတာကိုရော သတိထားမိရဲ့လား'

ကျောင်းထန်က ခေါင်းကို တွင်တွင် ညိတ်ပြလိုက်သည်၊ သုခမိန်ကြီးက စားပွဲမှထရပ်လိုက်ကာ ကျောင်းထန် ထိုင်နေသည့်နေရာသို့လျှောက်လာခဲ့သည်။

ကျောင်းထန်၏နောက်တွင်ရပ်ကာ ကျောင်းထန်၏ ပုခုံးကို ဆုပ်ကိုင်လိုက်သည်၊

'ကျောင်းထန် မင်းဟာ လူရိုးလူကောင်းတစ်ယောက်လို ငါယုံကြည်တယ်ကွာ၊ ပြီးတော့ မင်းကို အခု လိုက်သတ်နေတဲ့ လူတွေဟာ သတ်ဖို့ခိုင်လုံတဲ့အကြောင်းရှိတယ်ဆိုတာလဲ ငါသိတယ်'

ကျောင်းထန်က မည်သို့မျှပြန်မပြောဘဲ ခေါင်းငုံ့ကာငြိမ်နေ၏။

'အခုမြို့ဝန်ရဲ့အိမ်မှာ မင်းကိုကာကွယ် စောင့်ရှောက်ထားရတာ ဘယ်လောက်လုံခြုံသလဲ၊ မင်းကိုသာ ကျန်ကျောင်းကဒီကိုသာ ခေါ်မလာခဲ့ဘူးဆိုရင် မင်းဟာ သူတို့လက်ချက်နဲ့ သေတာကြာလှပြီ၊ မင်းကိုသူတို့ နောက်ထပ် လိုက်မသတ်နိုင်

အောင် မလုပ်ချင်ဘူးလား၊ မင်းစိတ်အေးချမ်းသာ အပူအပင် မရှိ မနေချင်ဘူးလား

‘နေချင်ပါတယ်’

‘နေချင်ရင် မျက်စိတစ်ဖက်လပ် ဝမ်ချောင်းဟာ ပန်းမာလာစားသောက်ဆိုင်ထဲမှာ ဘယ်သူသတ်လို့ သေသွားတာလဲ၊ ဝူချင်းဖိန်သက်ချက်နဲ့ သေသွားတာလား’

ကျောင်းထန်က ခေါင်းခါလိုက်သည်။

‘ဒါဆိုရင် ဝူချင်းဖိန်ထွက်သွားတော့မှ သူ့ကို တစ်ယောက်ယောက်က သတ်တာလား’

သုခမိန်ကြီးက ကျောင်းထန်ကိုစိုက်ကြည့်ရင်း မေးလိုက်ပြန်သည်။

‘ဘယ်သူမှဆိုင်ထဲကိုလာပြီး သတ်တာမဟုတ်ပါဘူး’

‘ဒါဆိုရင် ဝမ်ချောင်းမသေခင်အချိန်မှာ ပန်းမာလာစားသောက်ဆိုင်ထဲမှာ ဘယ်သူတွေရှိသလဲ’

‘ကျွန်တော်ရယ်၊ ဆိုင်ရှင်ချူးကုရယ်၊ မေချူးရယ်၊ ဝူချင်းဖိန်ရယ် အားလုံးငါးယောက်ရှိပါတယ်’

‘တိတ်စမ်း’

သုခမိန်ကြီးက အော်ငေါက်လိုက်၍ ကျောင်းထန်ကခေါင်းငုံ့လိုက်သည်။

‘ငါမေးနေတာက ဝူချင်းဖိန်နဲ့ မေချူးတို့ထွက်သွားပြီးဆိုင်ထဲမှာဘယ်သူကျန်ရစ်ခဲ့သလဲ’

‘ဆိုင်ထဲမှာ ကျွန်တော်ရယ်၊ ချောင်းကုရယ် လတီမေ့နေတဲ့ ဝမ်ချောင်းရယ်ပဲကျန်ရစ်ခဲ့ပါတယ်’



‘အေး ဒါဆိုရင် ဝမ်ချောင်းကိုသတ်တာ ချင်းကု မဟုတ်ရင်မင်းပဲဖြစ်ရမှာပေါ့၊ အခုငါမြို့ဝန်ကို အလောင်းသွားပြီးစစ်ဆေးခိုင်းပြီးပြီ၊ တိုက်ခိုက်လို့ရတဲ့ဒဏ်ရာနဲ့ ဝမ်ချောင်းဟာသေတာမဟုတ်ဘူးတဲ့၊ အဆိပ်ဆေးလုံးကိုမြို့ဝါးတဲ့ဒဏ်ရာနဲ့သေတာတဲ့ကွ၊ ကဲ မင်းဘာငြင်းချင်သေးသလဲ’

‘ကျွန်တော်အဆိပ်ဆေးကို တိုက်တာမဟုတ်ပါဘူး၊ ကျွန်တော်လူမသတ်ရဲပါဘူး’

ကျောင်းထန်မှာ သူ့ကို လူသတ်တရားခံအဖြစ် စွဲချက်အတင်ခံရမည်စိုးသောကြောင့် ထိတ်လန့်စွာ ငြင်းဆန်လိုက်သည်။

‘မင်း အမှန်အတိုင်းမပြောရင်တော့ မင်းကို ငါ လူသတ်တရားခံအဖြစ် ယူဆရလိမ့်မယ် ကျောင်းထန်၊ ဒါဟာ လွယ်လွယ်လေးပါကွာ၊ ချင်းကုကို ငါအခု ခေါ်ခိုင်းလိုက်မယ်၊ သူက မင်း ဆေးလုံးကို ပါးစပ်ထဲထည့်လိုက်တာပါလို့ ပြောရင်မင်း အပြစ်ဒဏ်ခံရမှာပဲ’

‘သုခမိန်ကြီး ကျွန်တော် အဆိပ်ဆေးလုံးကို ဝမ်ချောင်းပါးစပ်ထဲ ထည့်လိုက်တာ မဟုတ်ပါဘူး၊ ချောင်းကုက အဆိပ်အဆိပ်ဆေးလုံးကို ပါးစပ်ထဲ ထည့်လိုက်တာပါ’

သုခမိန်ကြီးက ခေါင်းညိတ်လိုက်သည်။

‘ဒီမှာကျောင်းထန်၊ မင်း မှန်တာကိုပြောနော်၊ မင်း ကိုယ်တိုင် ဝမ်ချောင်းရဲ့ပါးစပ်ထဲကို ချောင်းကုက အဆိပ်ဆေးလုံးထည့်လိုက်တာကို မြင်တွေ့တာ ဘယ်အချိန်မှာလဲ’

‘ကျွန်တော် အခန်းထဲက ချောင်းကြည့်နေတဲ့ အချိန်မှာ

ပါ'

'ဒါဆိုရင် မင်း ချောင်းကြည့်တာကိုတော့ ချောင်းကု မသိဘူးပေါ့'

'မသိပါဘူးခင်ဗျာ၊ ကျွန်တော် တွေ့သွားတာကို ချောင်းကုက ရိပ်မိမှာစိုးရိမ်ပါတယ်၊ ချောင်းကုသာ ဒီလိုရိပ်မိရင်တော့ ကျွန်တော့်ကို ဒီနေရာမှာတင်သတ်လိုက်မှာ သေချာပါတယ်၊ ဒါကြောင့် အခန်းထဲကမထွက်ဘဲ ကျွန်တော် အလုပ်လုပ်ချင်ယောင်ဆောင်ပြီး နေလိုက်ပါတယ်'

'နောက်တော့ ချောင်းကုက မင်းကိုဘာပြောသလဲ'

'ကျွန်တော့်ကိုခေါ်ပြီး ဒဏ်ရာရတဲ့လူကို လာပြီးကြည့်ခိုင်းပါတယ်'

'မင်းက သွားကြည့်သလား'

'သူ မရိပ်မိအောင် သွားကြည့်ရပါတယ်၊ ဟုတ်တယ် သေနေပြီလို့ ကျွန်တော်ကပြောတော့ ဒီလူသတ်မှုကို မြို့ဝန်ဆီကိုသွားပြီးတိုင်တန်းဖို့ ကျွန်တော် စိတ်ကူးရတာနဲ့ ထွက်လာတာပါ'

'မင်းထွက်လာတော့ ချောင်းကုကို အသိပေးခဲ့သလား'

'အသိမပေးခဲ့ပါဘူး ခင်ဗျာ၊ ချောင်းကုကို အသိပေးရင်လဲ ခွင့်ပြုမှာ မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ လူဆိုးတွေနဲ့ အများကြီးအဆက်အသွယ်ရှိပါတယ်'

'အခု မင်းပြောသလိုဆိုရင် ဝူချင်းဖိန်ဟာ ဝမ်ချောင်းကို မသတ်ဘူးဆိုတာ သေချာတာပေါ့'



'သေချာပါတယ်ခင်ဗျာ'

သုခမိန်ကြီးက အခန်းဝတွင်ရပ်နေသော ကျန်ကျောင်းကို လှမ်းကြည့်လိုက်သည်။

'ကျန်ကျောင်း ကျောင်းထန်ကို သူ့နေရာပြန်ပို့လိုက်'

## အခန်း (၃၀)

တောအုပ်ထဲတွင် တစ်ယောက်တည်းဖြတ်သန်းလာရသော ယွင်ဖေးချူးမှာ သူမ၏ဖခင် ချင်တောင်ပိုင်းနယ်မြေတွင်ရှိသည် ဟု ဦးလေးရှောင်ပြောပြချက်အရ တောင်ပိုင်းပြည်နယ်သို့ ဦးတည်ကာ ခရီးထွက်လာခဲ့ခြင်းဖြစ်၏၊ သူနှင့်ဦးလေးရှောင်တို့မှာ သားအဖအရင်းအချာကဲ့သို့ ချစ်ခင်ခဲ့ရာမှ မိုးမျှော်စံအိမ်မှ ထွက်ပြေးခွင့်ရစေရန် ဦးလေးရှောင်က စီစဉ်ကူညီပေးခဲ့ခြင်းဖြစ်ပေသည်။

ဦးလေးရှောင်မှာ အသက်အရွယ်ကြီးရင့်သူ ဖြစ်သည့်အလျောက် မိုးမျှော်စံအိမ်မှ စားသုံးလက်ကျင်းယုံက လိုက်လံ



ကိုက်ခိုက်သောကြောင့် လမ်းခရီးတွင် ကွယ်လွန်ခဲ့ရှာပြီဖြစ်လေသည်၊ ဦးလေးရှောင်နှင့် သူမကို ဝူချင်းဖိန်ကသာ ဝင်ကူ၍ မတိုက်ခဲ့လျှင် သူမပါ ထိုနေရာတွင် အသက်ဆုံးရှုံးသွားခဲ့နိုင်ပေသည်။

ဝူချင်းဖိန်က သူမကိုကယ်တင်ပြီး တာမို့တုန်းတော်ကြီးကျောင်းသို့ ခေါ်ဆောင်သွား၍သာ အသက်ချမ်းသာရာရရှိခဲ့ခြင်းဖြစ်ပေသည်၊ ဝူချင်းဖိန်မှာ ခင်မင်စရာကောင်းသော လူငယ်တစ်ဦးဖြစ်၍ သူ့မှာလည်း လူသတ်သမားအဖြစ် စွပ်စွဲချက်ခံထားရသောကြောင့် သူမကို လိုက်ပါကူညီနိုင်ခြင်း မရှိကြောင်း သိလိုက်ရသည်၊ သူမ၏ခရီးစရိတ်အတွက် ဖခင်က အမြတ်တနိုးပေးထားခဲ့သော မြနှစ်ကောင်ပုံ ကျောက်စိမ်းလက်ကောက်လေးကို ရောင်းချခဲ့ရသည်။

တောထဲတွင်ထိုင်၍နားရင်း မြနှစ်ကောင်ပုံ ကျောက်စိမ်းလက်ကောက်အကြောင်းကိုစဉ်းစားမိပြီး ယွင်ဖေးချူးမှာ စိတ်မောက်ကျသွားသည်။

'အင်း....တကယ်တော့ ဒီလက်ကောက်လေးဟာ ငါနဲ့ပါလာဖို့ကောင်းယ်၊ ငါ့အဖေဟာ ငါ့ကိုတွေ့ရင် ကျောက်စိမ်းလက်ကောက်မပါတဲ့ သူ့သမီးအဖြစ် ယုံကြည်ပါ့မလား၊ ဒီလက်ကောက်ကို ငါရောင်းလိုက်တာ မှားပြီ'

ယွင်ဖေးချူးမှာ သမီးဖြစ်ကြောင်း သက်သေခံဖြစ်သည့် ကျောက်စိမ်းလက်ကောက်ကို ဈေးထဲမှ ဆေးဆိုင်ထဲတွင် ရောင်းချခဲ့ရခြင်းအတွက် အလွန်စိတ်မကောင်းဖြစ်ကာ ဆက်၍ ခရီးသွားသင့်မသွားသင့်ကိုပင် ဇဝေဇဝါဖြစ်သွား၏။

'ငါ့အဖေက ငါ့ကို သမီးအဖြစ် လက်မခံရင် ဘယ်လိုလုပ်မလဲ၊ အို ငါရှင်းပြမှာပေါ့၊ မိုးမျှော်စံအိမ်က မာကျောက်ယိအကြောင်း ပြောပြလိုက်ရင် အဖေဟာ ယုံကြည်မှာပါ'

သစ်ပင်ကြီးအောက်တွင် သူ တစ်ယောက်တည်းထိုင်၍စဉ်းစားနေစဉ်မှာပင် တောထဲမှသစ်ရွက်ခြောက်များကို နင်းကာလျှောက်လှမ်းလာနေသောခြေသံကိုကြားလိုက်ရသည်။

'မလုပ်ပါနဲ့ဗျာ ကျွန်တော့်ကိုလွှတ်ပါ၊ ကျွန်တော် ခင်ဗျားတို့ကို လာပြီးချောင်းကြည့်တာ မဟုတ်ပါဘူး'

လူတစ်ယောက်၏ တောင်းပန်ပြောဆိုသံကို ရှေးဦးစွာကြားလိုက်ရသည်။

'မင်း ဘာမှငြင်းမနေနဲ့၊ တို့ဝေစုခွဲနေတာကို မင်းတွေ့ကိုတွေ့တယ်၊ မင်းကိုလွှတ်ပေးလိုက်ရင် တို့ရဲ့ခိုးပြုမှုဟာ ပေါ်သွားမှာပေါ့'

အသံခပ်သြသြနှင့် နောက်လူတစ်ယောက်၏အသံကို ကြားလိုက်ရ၏။

ဟွင်ဖေးချူးသည် သစ်ပင်ပေါ်ရှိ အရွက်များဖုံးနေသော လုံခြုံစိတ်ချရသည့် သစ်ကိုင်းကြားတွင်ထိုင်နေကာ သစ်ပင်အောက်မှ ဖြတ်သန်းသွားသူများကို အကဲခတ်ကြည့်ရှုလိုက်သည်၊ လှပခန့်ညားသော လူရွယ်တစ်ဦးကို လူငါးယောက်က ကြိုးတုပ်ခေါ်လာသည်။

လူငါးယောက်မှာ ဝတ်စုံအပြာရောင် ဝတ်ဆင်ထားပြီး မျက်နှာများမှာ ကြမ်းတမ်းခက်ထန်နေ၏၊ ကြိုးတုပ်ထားသောလူမှာ လက်နှစ်ဖက်ကို နောက်ပစ်ထားပြီး ခြေထောက်



မှတစ်ပါး တစ်ကိုယ်လုံးကို ကြိုးများရစ်ပတ်ထား၍ မျက်နှာတွင် ဓားဒဏ်ရာ ကန့်လန့်ဖြတ်ရှိသော လူကြီးတစ်ဦးက ကြိုးစကို ကိုင်ထားလေသည်။

'ကျွန်တော် ဘယ်သူ့ကိုမှ မပြောပါဘူးခင်ဗျာ၊ ကျွန်တော့်လမ်းကို ကျွန်တော် သွားပါရစေ၊ ဘယ်တော့မှ ခင်ဗျားတို့ကိစ္စကို ဖွင့်မပြောဘူးလို့ ကတိပေးပါတယ်'

လူရွယ်က ထပ်မံ၍ တောင်းပန်စကား ဆိုလိုက်ပြန်သည်။

'ဟား....ဟား....ဟား....ပါးစပ်ပေါက်ဆိုတာ ဘယ်တော့မှ ပိတ်လို့မရဘူးကွ၊ မင်းက ဒီအချိန်မှာ ဒီစကားပြောတာ၊ မင်းလိုလူမျိုးတစ်ယောက် လွှတ်ပေးလိုက်ရင် တို့သေတွင်းကို တူးတာနဲ့ အတူတူပေါ့၊ သွားစမ်းကွာ'

'အား'

ဓားပြဗိုလ်ဖြစ်ဟန်တူသော မျက်နှာတွင် ဓားဒဏ်ရာနှင့် လူကြီးက လူငယ်၏ကျောကို နောက်မှ ပစ်ကန်လိုက်သောကြောင့် မြေကြီးပေါ်သို့ မှောက်လျားထိုး လဲကျသွားသည်ကို ဟွင်ဖေးချူး မြင်တွေ့လိုက်ရ၏။

'အင်း....သူတို့ ဒီလူကိုသတ်ကြတော့မယ် ထင်တယ်၊ သနားပါတယ်၊ ရုပ်ရည်လေး သနားကမားနဲ့ စောစောစီးစီးသေရတော့မှာပဲ'

ဓားပြငါးယောက်မှာ သူတို့ဝေစုခွဲတုန်း မြင်တွေ့သွားသည့်လူငယ်ကို လိုက်လံဖမ်းဆီးကာ သတ်ဖြတ်ဖို့ခေါ်လာခြင်း ဖြစ်ဟန်တူသည်။

'ဟေ့ ချန်ဖုန်၊ ငါတို့ ညကလဲ တစ်ညလုံးမအိပ်ရသေးဘူး

ကွာ၊ ဟိုရှေ့ကလစ်ပင်အောက်မှာ နားကြရင် ကောင်းမယ်ထင်တယ်'

ကြီးမားသော ဝက်သစ်ချပင်ကြီးတစ်ပင်အောက်သို့ရောက်သောအခါ ခါးဒဏ်ရာနှင့်လူကို ဘေးမှ တောင်တောင်မောင်းမောင်းနှင့် မုတ်ဆိတ်နှင့်လူက ပြောလိုက်သည်။

'အေး ငါလဲနားချင်တာပါပဲ ချင်းဖိန်၊ ဒါဆိုလဲ ဒီကောင်လေးကို ဒီနားမှာပဲ ရှင်းလိုက်တာ ကောင်းမယ်ထင်တယ်'

ဝက်သစ်ချပင်ဟောင်းရှိသစ်ပင်၏ ပင်စည်တွင် ကြိုးတုပ်ထားသောလူငယ်ကို ချုပ်နှောင်ထားလိုက်ရင်း ခါးဒဏ်ရာနှင့်လူက လှည့်ပြော၏။

'သူ့ကိုရှင်းတာ ဘယ်အချိန်ရှင်းရှင်း ရပါတယ်ကွာ၊ သူ့ကိစ္စ ခဏထားစမ်းပါဦး၊ တို့လမ်းခွဲခါနီးတော့ တစ်ယောက်တစ်ချက် ခါးစွမ်းပြကြတာပေါ့'

'ကျွန်တော့်ကိုမသတ်ပါနဲ့ဗျာ၊ ကျွန်တော်ဟာ သိပ်ကံဆိုးတဲ့လူတစ်ယောက်ပါ'

သစ်ပင်၌ ချည်နှောင်ထားခြင်း ခံထားရရာမှ လူငယ်က အော်ဟစ်တောင်းပန်နေပြန်သည်။

'ကောင်းဘယ်ဟော၊ မင်းတို့ကို လွတ်ပေးချင်စိတ် ရှိလာအောင် တောင်းပန်စမ်း၊ ကဲ ချောင်ချန်းမြန်နဲ့ ချင်းဖဲ့ မင်းတို့စားစရာတွေသယ်လာတယ်မို့လား ထုတ်ကြစမ်းကွာ'

ဝက်သစ်ချပင်ကြီးအောက်တွင် ဝိုင်းထိုင်လိုက်ကြကာ သူတို့လွယ်ထားသောအိတ်များထဲမှ ဝက်ပေါင်ခြောက်များ၊ အရက်ပုလင်းများ၊ ကြက်ကြော်များကို ထုတ်၍နီးစပ်ရာ ဖက်များခူး



ကာခင်းပြီး စားဖို့ပြင်ကြသည်။

ခါးပြခေါင်းဦးထဲတွင် ချင်းဖွဲ့ဟုအခေါ်ခံရသော ခါးပြမှာ မကြာခဏသစ်ပင်တွင် ချည်နှောင်ထားသော လူငယ်ကိုလှမ်းကြည့်သည်ကိုမြင်နေရ၏။

'ချင်းဖွဲ့ မင်းယောက်ဖကို ဘာသို့ခဏခဏ လှမ်းကြည့်တာလဲ ထွက်ပြေးမှာစိုးလို့လား၊ ညကျရင် အေးမှာကွ၊ ထင်းရှာပြီး မီးဖိုဖိုစမ်း'

'ဟိုကောင့်ကို ကြိုးဖြေပေးပြီး ထင်းခုတ်ခိုင်းရင်ကောင်းမယ်ထင်တယ် ဆရာချန်ဖုန်း'

ခါးဒဏ်ရာနှင့်လူကို ချင်းဖွဲ့က ပြောလိုက်ခြင်းဖြစ်သည်။

'အေး....မင်းတာဝန်ယူနိုင်ရင်တော့ ကြိုးဖြေပေးလိုက်လေ၊ ဒီကောင်ထွက်ပြေးသွားရင်တော့ မင်းကိုပါ ငါသတ်မယ်'

'ဒီကောင် သိုင်းပညာမှမတတ်ဘဲ ထွက်မပြေးနိုင်ပါဘူး၊ ကျွန်တော်တာဝန်ယူပါတယ်၊ ပြီးတော့ ကျွန်တော်နောက်က လိုက်သွားမှာပါ'

ချင်းဖဲ့၏စကားကို ခါးပြခေါင်းဆောင်ဖြစ်သော ချန်ဖုန်က ခေါင်းခါလိုက်သည်။

'မသေချာတဲ့အလုပ်ကို မလုပ်တာကောင်းတယ် ချင်းဖဲ၊ သွားစမ်းကွာ မင်းဟာမင်း ထင်းခုတ်စမ်း၊ ငါသိပ်ဆာနေပြီ၊ ကြက်ကြော်အေးနေတာတွေလဲ ပူအောင်လုပ်ရအောင်'

'ဟုတ်ကဲ့'

ချင်းဖဲ့မှာ ခေါင်းဆောင်၏ စကားကို မဖယ်ရှားနိုင်ဘဲ ချက်ချင်းထကာ နီးစပ်ရာ သစ်ပင်များကို ခုတ်ယူလိုက်သည်၊

ထို့နောက် မီးမွှေးကာ တုတ်တံနှင့်ကြက်ကြော်များကို ပြန်၍ ကင်နေသည်ကို မြင်တွေ့ရသည်။

အမှောင်ထုက တဖြည်းဖြည်းရောက်ရှိလာသည်၊ သစ်ပင်ပေါ်မှ ချောင်းကြည့်နေသော ယွင်မေချူးမှာ မီးဖိုမှမီးရောင်ကြောင့် အောက်မှမြင်ကွင်းကို ထင်ရှားစွာမြင်ရသည်။

ကြိုးတုတ်ခံထားရသော လူငယ်မှာမီးဖိုဘေးတွင် ဝိုင်း၍ထိုင်နေကြသော ခေါင်းပြောင်ဦးနှင့် ဆယ်ပေ အကွာလောက်တွင်ရှိသည်၊ မျက်နှာတွင် ဒဏ်ရာရရှိသူ ချန်ဖုန်းက ထိုလူငယ်ကို ကျောပေးထိုင်နေသည်ကို တွေ့ရသည်။

အရက်ပုလင်းများကိုကိုင်ကာ မော့သောက်၍ မီးဖိုပေါ်မှ ကြက်ကင်များကို စားသောက်နေကြသော ခေါင်းပြများမှာကား ဆာလောင်ငတ်မွတ်သောအသွင်များ ထင်ရှားနေသည်၊

မီးဖိုကမီးက ရုတ်ဘရက် ငြိမ်းသွားသည်၊ ယွင်ဖေးချူးမှာ ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ သစ်ပင်ပေါ်မှ လွှားခနဲ ခုန်ချလိုက်သည်။

ဦးလေးရှောင်သင်ပေးထားသော ကိုယ်ဖော့ပညာကြောင့် ကြိုးတုပ်ခံနေရသော လူငယ်အနီးသို့ ငြိမ်သာစွာ ကျရောက်သွားသည်၊ ယွင်ဖေးချူးသည် သူမ၏ကြိုးဖြင့် ချုပ်နှောင်ထားသော ကြိုးကိုဖြတ်ကာ လူငယ်၏ လက်ကို ဆုပ်ကိုင်လိုက်သည်။

'ရှင် အသံမထွက်နဲ့နော် တိတ်တိတ်နေ၊ လာ ကျွန်မနဲ့ လိုက်ခဲ့'

ယွင်ဖေးချူး လေသံဖြင့်ပြောကာ လူငယ်၏လက်ကို တွဲ



ခေါ်လိုက်သည်၊ လူငယ်မှာ ယွင်ဖေးချူးခေါ်ဆောင်ရာနောက်သို့ ခြေဖော့၍ လိုက်ပါသွားသည်၊ ပေနှစ်ဆယ်ခန့် ဝေးသော နေရာသို့ရောက်သောအခါတွင် ယွင်ဖေးချူးနှင့်လူငယ်တို့မှာခြေကုန်သုတ်၍ ပြေးကြလေတော့သည်။

နောက်မှ ခေါင်းပြအဖွဲ့မှာကား မီးဖိုမှမီးကို တောက်အောင် ပြန်မွှေးနေကြ၏၊ မီးမွှေး၍ မီးတောက်ထလာသည်နှင့်ချင်းဖိန်၏ အံ့အားသင့်သံထွက်ပေါ်လာသည်။

'ဟာ ဟိုကောင်လေးမရှိတော့ဘူး၊ ထွက်ပြေးသွားပြီ'

'ဘာ....ဟုတ်လား'

ချန်ဖုန်က လှည့်ကြည့်၍ အံ့အားသင့်သွား၏။

'ဟာ....စောစောက ငါသေသေချာချာ ချုပ်နှောင်ထားတာပဲ၊

ချန်ဖုန်းက ထရပ်ခြင်းပြောလိုက်၏၊ 'ဖေရှန်နဲ့ချင်းဖဲ့မင်းတို့ ဒီကောင်လေးနောက်ကို မြန်မြန်လိုက်စမ်း၊ တွေ့တဲ့နေရာမှာ သတ်ပစ်ခဲ့'

ဖေရှန်နှင့် ချင်းဖဲ့တို့သည် သူတို့၏ ဓားများကို ကောက်ကိုင်ကာ အမှောင်ထုအတွင်းသို့ တဟုန်ထိုး ပြေးထွက်လာခဲ့လေသည်။

ယွင်ဖေးချူးသည် လူငယ်၏ကြိုးများကို ဖြေပေးပြီးနောက် တောအုပ်ထဲတွင် ပြေးလွှားနေရာမှ....

'ဒီလမ်းတွေကိုတော့ ကျွန်မတစ်ခါမှ မရောက်ဖူးဘူး၊ ရှင်လမ်းသိသလား'

ဟု မေးလိုက်၏။

'ဟုတ်ကဲ့ ကျွန်တော် ဒီတောထဲရောက်နေတာ နှစ်ရက်ရှိပြီ၊ လာ ကျွန်တော့်နောက်ကိုလိုက်ခဲ့၊ ကျွန်တော်တို့ ချောက်ကြီး တစ်ခုကိုဖြတ်ပြီးရင် စိတ်ချရပါပြီ'

'ဘာရှင့်....ချောက်ကြီး ဟုတ်လား၊ ဒီလိုအမှောင်ထုထဲမှာ လိမ့်ကျနေပါမယ်ရှင်'

'လိမ့်မကျပါဘူး၊ ကျွန်တော့်လက်ကိုသာကိုင်ထားပါ'

သေရေးရှင်ရေးဖြစ်နေ၍ ယွင်ဖေးချူးမှာ ယောကျ်ားပျို တစ်ဦး၏ ဆုပ်ကိုင်ခြင်းကို မငြင်းပယ်နိုင်တော့ပဲ ဆွဲခေါ်ရာ သို့သာလိုက်ပါခဲ့ရလေသည်။

မကြာမီ ထိုလူငယ်ပြောသော ချောက်ကြီး၏အစပ်သို့ရောက် ရှိလာ၏။

'ကျွန်တော် ပြောမယ်နော်၊ အခုဆင်းတဲ့နေရာက ဆင်ခြေ လျှော ဘာထစ်နဲ့ဘာထစ် တစ်ခုပေလောက်မြင့်တယ်၊ ကျွန်တော် နောက်က မှန်းသာဆင်း'

ပြောပြောဆိုဆို လူငယ်က ချောက်ထဲသို့စ၍ဆင်းစပြုနေ ပြီဖြစ်လေသည်၊ ယွင်ဖေးချူးမှာ လူငယ်၏လက်ကို အားပြု ရင်း နောက်မှ ထိတ်ထိတ်လန့်လန့်နှင့် ဒရောသောပါး လိုက် နေရသည်။

ချောက်မှာ ပေငါးဆယ်ခန့် နက်ပုံရလေသည်၊ ပေါ်ထွက်စ လရောင်ကြောင့် ချောက်ထဲမှ ကျောက်သားပြင်ကိုမြင်နေ ရလေသည်၊ ချောက်ထဲသို့ဆင်းသည့်ခရီးတစ်ဝက်လောက်တွင် ယွင်ဖေးချူးက လူငယ်၏လက်ကို ဆောင့်ဆွဲလိုက်သည်။

'အို'



လူငယ်က နောက်သို့ယိုင်ထွက်လာ၏၊ ယွင်ဖေးချူးအပြု အမူကို အံ့အားသင့်သွားပုံလည်း ရလေသည်။

'ဘာလုပ်တာလဲဗျ'

'အို....ရှင်က ရှေ့ကို လော်ဆင်းနေတာ ကျွန်မကဘယ်လို လုပ်လိုက်မလဲ၊ ရှင်လုပ်ပုံနဲ့ နှစ်ယောက်စလုံး ဒလိမ့်ကောက် ကွေးကျပြီး သေနေမယ်'

'အို....စိတ်မရှိပါနဲ့ဗျာ၊ ကျွန်တော်ကြောက်အားလန့်အား ဖြစ်နေလို့ပါ'

'အကြောက်လွန်ရင် သေတတ်တယ်ရှင့်၊ လရောင်ထွက်လာ ပြီပဲ၊ ကျွန်မလက်ကိုလွှတ်ပါ၊ ကျွန်မလမ်းမြင်နေရပါပြီ'

'အော်....ဟုတ်ကဲ့'

'ဖြေးဖြေးဆင်း၊ သူတို့လိုက်လာလဲ ကျွန်မခုခံတိုက်မယ်'

ယွင်ဖေးချူးက ပြောလိုက်သောကြောင့် လူငယ်ကအံ့အား သင့်သည့်မျက်နှာဖြင့် လှည့်ကြည့်လိုက်သည်။

'ဟင်....ခင်ဗျားက သိုင်းတတ်သလား'

'တတ်အောင် သင်ထားရတာပေါ့ရှင်၊ ရှင်ရောသိုင်းပညာ မသင်ခဲ့ဖူးဘူးလား'

'ဟင့်အင်း ကျွန်တော်က သိုင်းပညာထက် တခြားပညာ ကိုပိုပြီးစိတ်ဝင်စားမိလို့၊ အင်းလေ ဒီပညာကြောင့်လည်း ကျွန်တော်သေဘေးက သီသီလေးလွတ်လာတာပါ၊ အခုတစ် ခါတော့ မလွတ်တော့ဘူးထင်နေတာ ခင်ဗျားကယ်မလို့'

'ရှင်တတ်တဲ့ပညာက ဘာတုန်း'

'မျက်နှာဖုံးအတုလုပ်တဲ့ပညာနဲ့ ပန်းချီပညာပါဗျာ'

'အော်....ရှင်ကာပန်းချီဆရာကိုး'

စံဘားပြောရင်း သူတို့ချောက်ထဲသို့ ရောက်ရှိလာကြ၏၊ လခရောင်မှာ ချောက်ပေါ်တွင် တည့်မတ်စွာ လင်းလက်လာ၍ ချောက်ဘေးရတ်ပတ်လည်တွင် ဂူပေါက်များကို တွေ့မြင်လာရသည်။

'ကဲ....ဒီညတော့ ကျွန်တော်တို့ ဒီချောက်ထဲမှာပဲ နားကြရင်ကောင်းမယ်ထင်တယ်၊ သူတို့ ဒီနေရာကိုတော့ လာရှာကြမှာ မဟုတ်ပါဘူး'

'ရှင်ဘယ်လိုလုပ်သိသလဲ'

ဂူပေါက်ဝတစ်ခုဆီသို့ လျှောက်လှမ်းလာရင်း သူငယ်ကို ယွင်ဖေးချူးက မေးလိုက်၏။

'သိတာပေါ့ဗျာ၊ သူတို့က ရှန့်ကျင်ရွာက လာတဲ့ လူတွေပဲ၊ ရှန့်ကျင်ရွာက လူတွေဟာ ဒီချောက်နားကို ဘယ်တော့မှ မကပ်ဘူး'

'ဘာဖြစ်လို့လဲရှင့်'

'သူတို့ရွာကလူတွေက ဒီချောက်ကြီးကို မကောင်းဆိုးဝါး ရှိတယ်လို့ ယူဆကြတယ်၊ ဒါကြောင့်မကပ်ရဲကြဘူး၊ ပြီးတော့ ဓားပြတွေဘာတွေကတောင် ဒီချောက်ကို ဝေးဝေးကရှောင်တာ ကျွန်တော်သိတယ်'

သူတို့နှစ်ဦးသည် အမြင့် ၁၀ ပေခန့်ရှိသော ဂူပေါက်ကလေးထဲမှ အတွင်းသို့ ဝင်ခဲ့ကြသည်၊ အတွင်းသို့ လရောင်က ထိုးဆင်းနေသည်၊ အလင်းရောင်သည် ဂူပေါက်၏အပေါ်



တောင်ထိပ်မှ အဆင့်ဆင့် ရောင်ပြန်ထိုးကာ ဂူထဲသို့ရောက်ရှိနေခြင်းဖြစ်လေသည်။

'ဟင် ဒီဂူထဲကို လရောင်ကရောက်နေပါလား'

ယွင်ဖေးချူး အံ့အားသင့်သံဖြင့် ပြောလိုက်သည်။

'ဟုတ်တယ် လရောင်ဖြစ်ဖြစ်၊ နေရောင်ဖြစ်ဖြစ် ဂူထဲကိုဝင်အောင် ပိသုကာပညာတတ်တဲ့လူတစ်ယောက်က ဖောက်သွားခဲ့တာ ဖြစ်မှာပါ'

'ဒါဆိုရင် အရင်တုန်းက ဒီဂူထဲမှာနေတဲ့သူ ရှိခဲ့ဘူးမှာပေါ့'

'အင်း တရားကျင့်တဲ့လူ တစ်ယောက်ယောက် ဒါမှမဟုတ် ဘုန်းတော်ကြီးတွေ ဘာတွေ နေထိုင်ခဲ့တာလဲ ဖြစ်ချင်ဖြစ်မှာပေါ့'

ဂူထဲတွင် ကျောက်သားကို ထွင်းထားသော ထိုင်ခုံများ ခုတင်များနှင့် နံရံတွင် ပစ္စည်းပစ္စယများ တင်၍ရအောင် လုပ်ထားသည့် အပေါက်ခုံလေးများကို တွေ့ရသည်၊ အပေါက်ခုံ တစ်ခုပေါ်တွင် အိတ်ကြီးတစ်လုံးရှိသည်။

ကျောက်ခုတင် တစ်လုံးပေါ်တွင် ယွင်ဖေးချူးက ဝင်ထိုင်လိုက်၏၊ နံရံတွင်ကပ်၍ လုပ်ထားသော ကျောက်စားပွဲနှင့် ရှေ့တွင်လုပ်ထားသော ကျောက်ထိုင်ခုံပေါ်တွင် လူငယ်ကထိုင်လိုက်သည်။

'ဟိုပေါ်မှာ တင်ထားတဲ့ အိတ်က ရှင့်အိတ်လား'

ဟုတ်တယ်၊ ကျွန်တော် ဒီဂူထဲမှာ နေခဲ့တာ သုံးလေးရက်ရှိပါပြီ'

'ဘာအန္တရာယ်မှ မရှိဘူးလား'

'ခုထိတော့ ဘာအန္တရာယ်မှ မရှိပါဘူး၊ ရှိမယ်လဲ မထင်တော့ပါဘူး၊ ကဲ ခင်ဗျားအေးအေးဆေးဆေး အနားယူပါ၊ ကျွန်တော် လုပ်စရာရှိတာကိုလုပ်လိုက်ဦးမယ်'

'ရှင်ဘာလုပ်မှာလဲ'

'အော် ခင်ဗျားနဲ့ကျွန်တော် နှစ်ယောက်စလုံး အတွက် အကာအကွယ် တစ်ခုခုရအောင်ပေါ့'

'ကျွန်မ အိပ်တော့ အိပ်ချင်တယ်၊ ဒါပေမယ့် ရှင့်ကို စိတ်မချဘူး'

ယွင်ဖေးချူက ပွင့်လင်းစွာပြောလိုက်သည်၊ လူငယ်ဟာ ယွင်ဖေးချူ၏စကားကြောင့် အံ့အားသင့်သွားပုံရ၏။

'ခင်ဗျားက ကျွန်တော့်ကျေးဇူးရှင်ပဲ၊ ကျွန်တော့်အသက်ကို ကယ်ခဲ့တဲ့သူကို ကျွန်တော်မစော်ကားဝံ့ပါဘူး'

'ကျွန်မက ယောကျ်ားတွေရဲ့စကားကို အကြွင်းမဲ့ တော့ မယုံဘူး၊ ဒါပေမယ့် ကျွန်မမှာ ဓားရှိပါတယ်၊ ဓားပြတွေလိုတော့ ရှင့်ကို ကျွန်မက အပြစ်မရှိဘဲ မသတ်ပါဘူး၊ အပြစ်ရှိရင် ညှာမယ်တော့ မထင်နဲ့နော်'

'သိပါတယ်ဗျာ၊ ကဲ စိတ်ချလက်ချသာ အိပ်ပါ၊ ကျွန်တော် လုပ်စရာရှိတာ လုပ်လိုက်ဦးမယ်'



ယွင်ဖေးချူးက သူမ၏အိတ်ထဲမှ ခင်းစရာအဝတ်စကို ယုတ်ကာ ကျောက်ခုတင်ပေါ်တွင် ခင်းလိုက်၏၊ ပြီးနောက် ခေါင်းအုံး၍ အိပ်ချလိုက်ရာ ခရီးပန်းလာ၍ တခဏအတွင်း အိပ်မောကျသွားလေသည်။

*   *   *

## အခန်း (၃၀)

ယွင်ဖေးချူးသည် သူမ၏ကိုယ်ခန္ဓာကို တစ်စုံတစ်ရာက လာရောက်ထိသည်ကို သိလိုက်သည်နှင့် ဝုန်းခနဲထကာ သူမက ခေးကို ကောက်ကိုင်လိုက်သည်၊ သူမ၏ခုတင်ဘေးတွင် အနီရောင်အကျီတစ်ထည်ကို ကိုင်ကာရပ်နေသော လူငယ်ကို တွေ့လိုက်ရ၏။

'ဒါ ရှင်ဘာလုပ်တာလဲ'

'အထင်မလွဲပါနဲ့ဗျာ၊ ကျွန်တော်က သိပ်အေးလို့ အကျီတစ်ထည်ယူပြီး ခင်ဗျားကို လာခြုံပေးတာပါ၊ မိုးတောင်လင်းတော့မယ်၊ ခင်ဗျား ခရီးပမ်းလာတယ်ထင်တယ်၊ တစ်ညလုံး အိပ်တာ လှုပ်တောင် မလှုပ်ဘူး'



လူငယ်၏မျက်နှာမှာ တည်ကြည်ပုံရလေသည်၊ ယွင်ဖေးချူးသည် လူငယ်လက်ထဲတွင် ကိုင်ထားသော အနီရောင်အကျီရှည်ကြီးကိုတွေ့၍ အားနာသွားသည်။

'စိတ်မရှိပါနဲ့ရှင်၊ ကျွန်မက လန့်သွားလို့ပါ၊ ဟုတ်တယ်၊ သိပ်အေးလို့ ကျွန်မတောင် ခိုက်ခိုက်တုန်နေတာပဲ'

လူငယ်လက်ထဲမှ အကျီကိုယူကာ သူမက ထပ်၍ဝတ်လိုက်ရင်း ဟန်မဆောင်တဲ တုန့်ပြန်ပြောကြားလိုက်လေသည်။

ပတ်ဝန်းကျင်ကို ကြည့်သောအခါတွင် အလင်းရောင်မှာ ဂူထဲသို့ရောက်ရှိနေပြီး ကျောက်စားပွဲပေါ်တွင် စားစရာများနှင့် မျက်နှာသစ်စရာ ရေခွက်တစ်ခွက်ကို တွေ့လိုက်ရသည်။

ကျောက်စားပွဲပေါ်၌ မျက်နှာဖုံးစွပ်နှစ်ခုကို တွေ့လိုက်ရလေသည်၊ မျက်နှာဖုံးစွပ်တစ်ခုမှာ အသွန်ရင့်ရော်သည့် အဘွားကြီးတစ်ဦး၏ မျက်နှာဖြစ်ပြီး ဆံပင်ဖြူများ ဖွာလံကျနေ၏၊ မျက်နှာဖုံးတစ်ခုမှာ အဘိုးအို၏ပုံစံမျိုး ဖြစ်နေသည်။

'ရှင့်လက်ရာက တော်တော်မြောက်တာပဲ၊ ကျွန်မတောင် ရုတ်တရက် လူခေါင်းပြတ်တွေလားလို့ လန့်သွားတာပဲ'

'အဲဒါ ခင်ဗျားနဲ့ ကျွန်တော်နဲ့အတွက်လေ၊ ပြီးတော့ ကျွန်တော်တို့က အကျီလက်ရှည်တွေ ဝတ်ရမယ်၊ ခင်ဗျားရဲ့လက်တွေနဲ့ ခြေတွေကို ဆေးလိမ်းပေးရဦးမယ်'

ယွင်ဖေးချူးက လူငယ်၏မျက်နှာကို အကဲခတ်နေသည်။

'အဲ ခင်ဗျား မျက်နှာသစ်ပြီးတော့ မနက်စာစားလိုက်ပါဦး၊ ညက ကျွန်တော် ယုန်တစ်ကောင်ဖမ်းပြီး မီးကင်ထားတာ ရှိတယ်'

ယှင်ဖေးချူးက မျက်နှာသစ်ပြီးနောက် ကျောက်စားပွဲတွင် ထိုင်လိုက်သည်၊ မီးကင်ထား၍ မွှေးနေသော ယုန်ကင်ကို ဟန်မဆောင်နိုင်ဘဲ အားရပါးရ စားနေလေသည်။

'အဲဒါ ခင်ဗျားအတွက်ပဲ၊ ကုန်အောင်သာစားဗျို့၊' ကဲ ခင်ဗျားခြေထောက်တွေကို ဒီဘက်ချပါ'

'အို....ရှင်ဘာလုပ်မလို့လဲ'

'ခင်ဗျားခြေထောက်တွေကို အဖွားကြီးတစ်ဦးရဲ့ ခြေထောက်တွေဖြစ်အောင် လုပ်ပစ်ရမယ်လေ၊ ခင်ဗျားစားပြီးတော့ ခင်ဗျားရဲ့လက်ကိုလဲ ဒီလိုလုပ်ရမှာပဲ'

'အို....ရှင်နဲ့တွေ့မှ ကျွန်မလဲ အဖွားအိုကြီး ဖြစ်ရတော့မယ် ထင်ပါရဲ့'

'တစ်ခါတစ်လေကျတော့ အသက်အန္တရာယ်အတွက်လူတွေဟာ ရုပ်ပြောင်းရုပ်လဲလုပ်ပြီး ကာကွယ်ရမှာပဲလေ၊ ဘယ်တတ်နိုင်မှာလဲ၊ ကျွန်တော့်ကို ကျွန်တော်လဲ ဒီလိုပဲလုပ်ရမှာပဲ'

ယှင်ဖေးချူးက ယုန်ကင်ပေါင်သားတစ်ဖဲ့ကို ပလုပ်ပလောင်းစားနေရာမှ သူမ၏ခြေထောက်ကို မရှုမရှာကိုင်ကာ စုတ်တံဖြင့် စေးကပ်သောဆေးများကို လိမ်းနေသည့် လူငယ်အား ငုံ့ကြည့်လိုက်သည်။

'အင်း....ရှင်ကလဲ လူတစ်မျိုးပဲ'

'ဘာဖြစ်လို့လဲဗျ'

'သူများရဲ့စိတ်ဆန္ဒကို မမေးဘဲ ရှင့်စိတ်ကူးနဲ့ ရှင် လုပ်ချင်တာတွေကို လုပ်တော့တာပဲကိုး'

'စေတနာလုပ်တာပါဗျာ'



'ကျွန်မသိပါတယ်၊ ဒါပေမယ့် ကျွန်မရဲ့စိတ်သဘောလဲ ရှုစိုက်ဦးမှပေါ့'

'ဗျာ....ခင်ဗျား အဖွားကြီးအတုလုပ်ရတာ ရှက်လို့လား'

'အို...ကိုယ့်အသက်က ဒီလောက်မှ မကြီးသေးတာ'

'ခင်ဗျားအသက် ဘယ်လောက်ရှိပြီလဲ'

'အို...ဘယ်လောက် ရှိရှိပေါ့'

'အကောင်းမေးတာပါ'

'ရှင်က ဘယ်လောက်ရှိပြီထင်လဲ'

'ရှိလှရင် ဆယ့်ရှစ်နှစ်ပေါ့'

'မမြှောက်ပါနဲ့ ရှင်'

'ကျွန်တော်ထင်တာ ပြောတာပါ'

'ဒါဆိုရင်တော့ ရှင့်ကို မုန့်ကျွေးရမှာပေါ့၊ အခုတော့ ရှင်ကျွေးတဲ့ယုန်သားကင်ကို ဝအောင်စားပါရစေနော်'

'စားပါဗျာ'

'ခစ် ခစ်....ရှင်က သဘောတော့ကောင်းသားပဲ၊ ဒါပေမယ့် ယောကျ်ားတစ်ယောက်ဖြစ်ပြီး သိုင်းပညာမတတ်တာတော့ ခက်တယ်'

'ခင်ဗျားသင်ပေးရင် တတ်မှာပေါ့၊ ဒီလိုလုပ်လေ၊ ကျွန်တော်က ပန်းချီနဲ့ ရုပ်ဖျက်တဲ့ပညာ ခင်ဗျားကို သင်ပေးမယ်၊ ခင်ဗျားက ကျွန်တော့်ကို သိုင်းပညာသင်ပေးသေ'

သူတို့နှစ်ဦးမှာ စကားပြောရင်း တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီးကာကြသည်၊ ယွင်ဖေးချူးမှာ တွေ့စဉ်က ခပ်စိမ်းစိမ်း စကားမပြောတော့ဘဲလူငယ်လေးကို ရင်းရင်းနှီးနှီး စကားပြောဆိုလာသည်။

'ကဲ....ခင်ဗျား အစားအသောက်ကို မြန်မြန်ပြီးအောင်စား'

'ဘာလို့လောနေရတာလဲရှင့်'

'ဩော်....ခင်ဗျားရဲ့ လက်တွေကို အဟွားကြီးတစ်ဦးရဲ့ လက်နဲ့တူအောင် လုပ်ရဦးမယ်ခလ'

'အင်း....ရှင်ကလဲ ဒီအလုပ်ကို တော်တော်ဝါသနာပါတာကိုး၊ ရှင်ခြယ်ထားတဲ့ဆေးတွေက ဘယ်လောက်ခံမှာမို့ လို့လဲ'

'ဟား ဟား ဟား ခင်ဗျားက ကျွန်တော့် ပညာကို အထင်သေးတာကို၊ ဒီမှာ ကျွန်တော်ခြယ်ထားတဲ့ ဆေးတွေက ရေနဲ့ဆေးလဲမပြောင်ဘူး၊ ဆီနဲ့ချွတ်လဲ မပြောင်ဘူး၊ တစ်ခု ခင်ဗျားကိုပြောလိုက်ဦးမယ်၊ မီးလောင်တာတောင်မှ ခင်ဗျားရဲ့အတွင်းကလက်ကို မပူနိုင်ဘူး'

'ဟင်....အံ့ဩစရာပါလား၊ ရှင် ဘယ်လိုလုပ်ပြီး ဆေးစပ်ထားတာလဲ'

'ဒါ ကျွန်တော့်ရဲ့ နည်းပညာပေါ့ဗျာ၊ ကဲပါ ခင်ဗျား စားပြီးရင် လက်တွေရေဆေးလိုက်၊ ကျွန်တော် အလုပ်ဆက်လုပ်မယ်'

'ဟုတ်ကဲ့ပါတဲ့ရှင်'

ယုန်သားကင်တစ်ပိုင်းကို ကုန်အောင်စားပြီးနောက် သူတို့



ဝင်လာသော ဂူပေါက်ဝလေးထောင့်ရှိ ရေအိုင်ကလေးတွင် လက်နှစ်ဖက်ကိုဆေးလိုက်သည်၊ လူငယ်အလေးက ကျောက်ကုလားထိုင်ဘေးတွင် စုတ်တံနှင့် ဆေးခွက်၊ တုတ်ချောင်းလေးများ၊ အခြား လက်ကိုပြုပြင်မည့် ဆေးဝါးများနှင့် ရပ်၍စောင့်ဆိုင်းနေသည်ကို တွေ့မြင်ရသည်။

လက်ကို ရေဆေးပြီးနောက် ယွင်ဖေးချူးသည် စားပွဲပေါ်မှ အဝတ်စတစ်စနှင့် လက်ကိုသုတ်လိုက်သည်၊ စားပွဲတွင် ကုလားထိုင်တစ်လုံးသာရှိ၍ သူမ စားပွဲရှိကုလားထိုင်တွင်ထိုင်နေလျှင် သူမလက်ကို မတ်တတ်ရပ်ကာ လူငယ်လေးက ဆေးခြယ်ရမည်ဖြစ်သည်။

သူမအတွက် ဂရုစိုက်ဆေးခြယ်ပေးရန် ပြင်ဆင်နေသည့်လူငယ်လေးကို မျက်စောင်းတစ်ချက်ထိုးကာ ညက သူမ အိပ်ခဲ့သည့် ကျောက်ခုတင်လေးပေါ်တွင် သွား၍ ထိုင်လိုက်သည်။

'ခင်ဗျား လက်ကို မပြုပြင်တော့ဘူးလား၊ ဒါဆိုရင် ခင်ဗျား မျက်နှာဖုံးစွပ်ထားလဲ အလကားနေမှာပဲ'

'ကျွန်မ ဘာပြောသေးလို့လဲရှင့်'

'မသိဘူးလေ၊ ခင်ဗျားက ဒီမှာလာမထိုင်ဘဲ ကျောက်ခုတင်ပေါ်ရောက်သွားတာကိုး'

'အဲဒီမှာဆိုရင် ရှင်က မတ်တတ်ရပ်ပြီး အလုပ်လုပ်ရမှာပေါ့၊ ဒါကြောင့် ရှင်ပါထိုင်ပြီး ဆေးခြယ်လို့ရတဲ့ နေရာကို ကျွန်မ ရွေးတာရှင့်'

'ဩော်....မသိလို့၊ ကျေးဇူးပါပဲ'

သည်ဘော့မှ သူ၏ဆေးခွက်များနှင့်စုတ်တံများ၊ ကိရိယာများကိုယူဆောင်ကာ ယှင်ဖေးချူးထိုင်နေသော ကျောက်ခုတင်ရှိရာသို့ ယူလာခဲ့သည်။

ယှင်ဖေးချူးက ပေါင်ပေါ်တွင် လက်နှစ်ဖက်ကိုတင်၍ ခုတင်အောက်သို့ ခြေထောက်များချကာ ထိုင်နေ၏၊ လူငယ်ကလေးက ယှင်ဖေးချူး၏ဘေးတွင် ဝင်ထိုင်လိုက်သည်။

‘ဩော်....ကျွန်တော် ခင်ဗျားလက်ကိုကိုင်မယ်နော်၊ ဘယ်လိုမှ မထင်နဲ့’

ယှင်ဖေးချူးက ပြုံးလိုက်သည်။

‘ကျွန်မခြေထောက်ကိုတောင် ရှင်ကိုင်ပြီး ဆေးခြယ်ပြီးမှ ကျွန်မလက်ကိုကိုင်တာ ခွင့်တောင်းနေရသေးသလားလို့’

‘ဩော်....အဲဒီတုန်းက ခွင့်မတောင်းမိတာ အပြစ်တင်ရင်လဲ ခံရမှာပဲ၊ စိတ်က လောကြီးနေလို့ ခွင့်မတောင်းမိတာပါ’

ယှင်ဖေးချူး၏ မှောက်၍ပေးလာသည့်လက်ကို ဆွဲကိုင်၍ စုတ်တံဖြင့် ဆေးခြယ်စပြုနေသည်၊ တကယ်တော့ ယှင်ဖေးချူးမှာ သူစိမ်းယောကျ်ားတစ်ဦး၏ ပိုင်ပိုင်နိုင်နိုင် လက်ကိုဆုပ်ကိုင်ကာ ယုယုယယ ပြုမူပေးနေသည်ကို မတွေ့ကြုံခဲ့ဘူးပေ။

သူမ၏ရင်မှာ ခုန်နေကာ မျက်နှာမှာလည်း ရှက်စိတ်ကြောင့် ရဲနေ၏။

‘ဒါနဲ့ နေပါဦး၊ ကျွန်မက ရှင့်ကို လူဆိုးမှန်း၊ လူကောင်းမှန်းမသိ ကယ်လာမိတာ၊ ရှင့်နာမည်ကိုတောင် မသိရသေးဘူး’



‘ကျွန်တော့်နာမည် ကျောင်းဖုပါ’

‘ကျောင်းဖုဟုတ်လား၊ ဒီနာမည်ကို ကျွန်မ ကြားဖူးသလိုပဲ’

‘အင်း.. နာမည်တူတာလဲ ဖြစ်ချင်ဖြစ်မှာပေါ့၊ ကျွန်တော်က တာဟူးမြို့မှာ နေခဲ့တာပဲ’

‘အို....ကျွန်မ တာဟူးမြို့က မိုးမျှော်စံအိမ်မှာ နေခဲ့တာရှင့်၊ ကျွန်မနာမည်က ယှင်ဖေးချူး’

ယှင်ဖေးချူးမှာ မိုးမျှော်စံအိမ်တွင် နေခဲ့စဉ်က အိမ်ထဲမှ အိမ်ပြင် မထွက်ခဲ့ရသူဖြစ်သောကြောင့် ကျောင်းဖုက ယှင်ဖေးချူးကို မသိပြီ။

ယှင်ဖေးချူးကသာ မိုးမျှော်စံအိမ်မှလူများ ပြောသံဆိုသံကြားမှ ကျောင်းဖုဆိုသည့်နာမည်ကို ကြားဖူးနေ၏။

‘ရှင် မိုးမျှော်စံအိမ်နဲ့ ပတ်သက်ခဲ့ဖူးသလား’

‘အင်း....ပတ်သက်ခဲ့ဖူးတယ်ဆိုပါတော့၊ လွန်ခဲ့တဲ့ဆယ်နှစ်လောက်က လူတစ်ယောက်ရဲ့မျက်နှာဖုံးနဲ့ ကိုယ်လက်အင်္ဂါတွေကို ပြုပြင်ပေးဖို့ မိုးမျှော်စံအိမ်ကလူတစ်ယောက် ကျွန်တော့်ကို ငှားခဲ့ဖူးတယ်’

‘ဟုတ်ပါပြီ၊ ဒါကြောင့် ရှင့်နာမည်ကို ကျွန်မ ကြားဖူးနေတာ’

ကျောင်းဖုသည် မိုးမျှော်စံအိမ်တွင် ယှင်ဖေးချူး နေခဲ့ဖူးသည်ဆို၍ ထိတ်လန့်သွားသည်၊ သူသည် မျက်နှာပျက်ကာ ယှင်ဖေးချူး၏လက်ကို လွှတ်ပေးလိုက်သည်။

‘ရှင် ဘာဖြစ်သွားတာလဲ’

‘မိုးမျှော်စံအိမ်ကလူကော့ဆိုရင်တော့ ကျွန်တော်ကြောက်တယ်ဗျာ၊ ခင်ဗျားလဲ ကျွန်တော့်ကိုသတ်ဖို့ လိုက်ရှာတဲ့လူလာ မသိဘူး’

‘အို....ကျွန်မက မိုးမျှော်စံအိမ်မှာ နေပေမယ့် အချုပ်ခံထားရတဲ့ လူတစ်ယောက်ပါ၊ သူတို့နဲ့ မပတ်သက်ပါဘူး’

‘အင်း တော်ပါသေးရဲ့’

ယွင်ဖေးချူး၏လက်ကို ပြန်ဆွဲယူကာ ကျောင်းမှုက ဆေးခြယ်ခြင်းအလုပ်ကို ဆက်လုပ်ပြန်လေတော့သည်။

‘ရှင်က တာဟူးမြို့ကနေ ဘာလို့ ဒီလောက်ဝေးလံတဲ့နေရာကို ထွက်လာတာလဲ’

‘တာဟူးမြို့မှာက ကျွန်တော် သေသွားပြီလေ’

‘ဘယ်လိုရှင့်’

‘တာဟူးမြို့မှာ ကျွန်တော်ဟာ ဥပဒေပြင်ပက အလုပ်တစ်ခုကို လုပ်ခဲ့တယ်။ ဒါပေမယ့် ကျွန်တော်လုပ်ခဲ့တဲ့ အလုပ်က လူတစ်ယောက်ရဲ့ မျက်နှာနဲ့ ကိုယ်လက်ကို အတုလုပ်ပေးရတာပါပဲ’

‘အင်....ရှင်ကလဲ့ ဒါကို အတော်ဝါသနာပါတာကိုး’

‘ဟုတ်ပါတယ်၊ ပြီးတော့ ငွေကြေးကလဲ မယုံကြည်နိုင်စရာကောင်းလောက်အောင် ပေးတာကိုး၊ ဒါနဲ့ လုပ်ပေးခဲ့တယ် ဆိုပါတော့ဗျာ၊ နောက်တော့ အဲဒီမျက်နှာအတု လုပ်ပေးခဲ့ရတဲ့လူနဲ့ ပတ်သက်တဲ့အဖွဲ့က ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်းထန်းဖိကို အဲဒီအဖွဲ့က ဆက်ဆံပုံဟာ မယုံသင်္ကာ



စရာ ဖြစ်လာတယ်၊ ဒါနဲ့ ကျွန်တော်က အခြေအနေသိရအောင် ကျွန်တော့်ဆီမှာ ပညာသင်နေတဲ့ တပည့်နှစ်ဦးကို ကျွန်တော်နဲ့ ထန်းဖိရဲ့ရုပ်တူ ရုပ်ဖျက်ပြီး နောက်ဆုံးတစ်ခေါက် သူတို့ချိန်းတဲ့နေ့မှာ လွှတ်လိုက်တယ်၊ အဲ့ဒီနေ့မှာပဲ သူတို့နှစ်ယောက် အသတ်ခံလိုက်ရတယ်’

‘အင်း....ရှင်က ဒါကြောင့် ကျွန်မနဲ့တွေ့စက တဲ့တိုးပြောခဲ့တာကိုး’

‘ဟုတ်ပါတယ်၊ ကျွန်တော့်ပညာနဲ့ပဲ ကျွန်တော့်ရဲ့ အသက်ကို ကယ်တင်ခဲ့ရတယ်ဆိုပါတော့၊ တာဟူးမြို့ကလူတွေကတော့ ကျောင်းဖုနဲ့ တန်းဖိဟာ အသတ်ခံရပြီလို့ ထင်ကြမှာ အမှန်ပါပဲ’

‘ရှင့်သူငယ်ချင်းက ရှင်နဲ့အတူ ဘာလို့ ထွက်ပြေးတိမ်းရှောင်တာ မလုပ်ဘာလဲ’

‘အင်း....သူက မိုးမျှော်စံအိမ်ကလူတွေနဲ့ အဆက်အသွယ်ရှိတယ်၊ မကြာခင်မှာ သူမသေဘူးဆိုတာကို စားသောက်ဆိုင်တစ်ဆိုင်က လူတစ်ယောက် သိသွားတယ်၊ အဲ့ဒီလူက မိုးမျှော်စံအိမ်ကလူတွေရဲ့ လျှို့ဝှက်ထောက်လှမ်းရေးတစ်ယောက်ပဲ သူက ထန်းဖိကိုဖမ်းပြီးတော့ စစ်ဆေးတယ်၊ တန်းဖိက သူတစ်ယောက်တည်းပဲရှင်တယ်၊ ကျွန်တော် တကယ်သေသွားတယ်လို့ထွက်ဆိုပြီး မိုးမျှော်စံအိမ်နဲ့ အဆက်အသွယ်ရှိတဲ့ လူဆိုးအဖွဲ့ထဲမှာ ဝင်လိုက်တယ်၊ သူက ကျွန်တော့် [illegible] တိတ်တဆိတ်ပြောပြလို့ ဒီလိုပြေးလာနိုင်တာပေါ့’

စကားပြောရင်း ပြုပြင်ပေးရာ ယွင်ဖေးချူး၏ လက်နှစ်

နှစ်ဖက်လုံးမှာ တဘယ့်အဘွားကြီးအိုတစ်ယောက်ကဲ့သို့ ဖြစ်သွားလေသည်။

အကြောများပေါ်ကာ ဖိန်လှိုရှည်လျား ကောက်ကွေးသော လက်ချောင်းကလေးများမှာ လူအိုတို့၏လက္ခဏာကို အပြည့်အဝဆောင်နေ၏။

'ကဲ... မျက်နှာဖုံး စွပ်ကြည့်ကြရအောင်နော်'

ကျောင်းဖုက အတိုးကြီးပုံ မျက်နှာဖုံးကိုစွပ်၍ ယွင်ဖေးချူးဘာလည်း သွားများကျိုးနေသော အဘွားကြီးအိုမျက်နှာဖုံးကို စွပ်လိုက်သည်၊ မျက်နှာဖုံးမှာ လည်တိုင်ဖုံးသည်အထိ ပြုလုပ်ထားရာ စွပ်လိုက်သည်နှင့် တကယ့် တစ်သားတည်းဖြစ်သွားသည်၊ မျက်လုံးများမှာလည်း အပြင်မျက်အိမ်နှင့် တစ်သားတည်း မြင်နေရာ သဘာဝကျနေသည်ကို တွေ့ရပေသည်။

ယွင်ဖေးချူးသည် ရေအိုင်ကလေးတွင် သူမ၏မျက်နှာကို ငုံ့ကြည့်လိုက်သည်၊ သူမမှာ အသက်ခုနစ်ဆယ်ကျော်အဘွားအိုတစ်ယောက် ဖြစ်နေသည်ကို တွေ့ရသည်။

'ဒါဆိုရင်တော့ ကျွန်မတို့က ခါးပြတွေကို မှတ်မိတော့မှာ မဟုတ်တာ အမှန်ပဲ၊ ကဲ ရှင်ဘာအကြံအစည်နဲ့ ဒီလို လုပ်ရတာလဲ'

'ခါးပြတွေရန်ကလဲ လွတ်အောင်၊ ပြီးတော့ သဘာဝလဲကျအောင်ပေါ့၊ ဒါ တကယ့်အရင်ကရှိခဲ့တဲ့ လူနှစ်ယောက်ရဲ့ မျက်နှာပုံတူတွေပေါ့'

'ရှင်....ဘယ်လို'



'ဟုတ်တယ်၊ မကြာခဏသားခင်ကမှ ဒီဘောဘဲမှာ ကွယ်လွန်သွားတဲ့ တောင်နီသိုင်းမောင်နှမရဲ့ ရုပ်ရည်တွေဘာ ဒီအတိုင်းပဲ....'

'အို'

'အဲဒီတော့ ခင်ဗျားမှတ်ထားဦးနော်၊ ခင်ဗျားရဲ့ နာမည်က ယန်ယန်တဲ့ တောင်နီသိုင်းမောင်နှမက အစ်မကြီး၊ ကျွန်တော့်နာမည်က ချန်ယန်၊ ယန်ယန်ရဲ့မောင်လေးပေါ့'

'ဟုတ်ပါပြီ၊ ကျွန်မ မှတ်ထားပါ့မယ်၊ သူတို့ သေသွားတာကို ဘယ်သူမှမသိဘူးလား'

'ဟုတ်တယ် သူတို့ဟာ ပြင်းထန်တဲ့ အဆိပ်ဝေဒနာခံစားပြီးတော့ ဒီတောထဲမှာ ရုတ်တရက်သေဆုံးသွားတယ်၊ မသေခင်မှာ ကျွန်တော်နဲ့တွေ့ခဲ့တယ်၊ ဒါကြောင့် သူတို့နှစ်ဦးရဲ့ ရုပ်ရည်ကို ကျွန်တော်က ပုံသောင်းပြီး သိမ်းထားလိုက်တာ'

'ရှင်ဟာ တော်တော်အံ့သြစရာကောင်းတာပဲ'

'ဒါပေမဲ့ပျာ သိုင်းလောကမှာ ကျွန်တော်တို့ ထင်ထင်ရှားရှားသွားလာလို့ရပါတယ်၊ သူတို့ဟာ သိကွဲရှိတဲ့ သိုင်းသမားပါ၊ ပြီးတော့ သူတို့ကိုလူတွေကလဲ လေးစားကြတယ်၊ ခက်တာက ခင်ဗျားက သိုင်းပညာတတ်ပြီးတော့ တော်သေးတယ်၊ ကျွန်တော်က ဘာသိုင်းပညာမှ မတတ်တော့ တစ်ယောက်ယောက်ဆို ရင်ဆိုင်ဖို့အကြောင်း ဆုံလာရင်ခက်မယ်'

'ဒီအတွက် မပူပါနဲ့ရှင်၊ ရှင့်ကို ကျွန်မတတ်တဲ့ သိုင်းပညာကိုသင်ပေးပါ့မယ်'

'တာ ဒါဆိုရင်တော့ သိပ်ကောင်းတာပေါ့၊ ဒါပေမယ့်

ဘယ်လောက်ကြာကြာသင်ရမှာလဲ'

'ရှင့်လိုဉာဏ်ကောင်းတဲ့လူအတွက် သိပ်ကြာမှာတော့မဟုတ်ပါဘူး၊ ဒါပေမယ့်သွားရင်းလာရင်းနဲ့ ခိုးပြီးသင်ပေးမှာပေါ့၊ မကောင်းဘူးလား'

'ကောင်းပါတယ်ခင်ဗျာ၊ ကဲ ခင်ဗျားကရော ဘယ်ကိုသွားပြီး ဘာလုပ်မှာလဲ'

'ကျွန်မက ကျွန်မဖေဖေကို လိုက်ရှာနေတာရှင့်၊ ကျွန်မဖေဖေနာမည်က ချူထန်းကျင်းတဲ့၊ သူဟာထင်ရှားတဲ့ သိုင်းသမားကြီးတစ်ဦးပါပဲ၊ ခုတော့အသက်ကြီးရောပေါ့'

'ခင်ဗျားအဖေနဲ့ခင်ဗျားနဲ့ ဘယ်လိုကွဲသွားတာလဲ'

'ပြောရရင်တော့ ရင်နာစရာပါပဲရှင်၊ ကျွန်မအဖေဟာ သူ့ထက်သိုင်းပညာတော်တဲ့ လူဆိုးက တိုက်ခိုက်ပြီး သမီးနဲ့မယားကို ခေါ်ဆောင်သွားတာ ခံခဲ့ရတာတဲ့၊ အဲဒီ လူဆိုးကတော့ မိုးမျှော်စံအိမ်က သခင်ကြီးနဲ့အဖွဲ့ပေါ့'

*   *   *

အခန်း (၃၂)

တောအုပ်ထဲတွင် ခါးပြငါးဦးတို့မှာ ပျောက်ဆုံးနေသောလူငယ်တစ်ဦးကို လိုက်လံရှာဖွေလျက်ရှိသည်၊ သူတို့၏ နာမည်များကို သိရှိသွားပြီး သူတို့အား မြို့စန့်ထဲတွင် တိုင်ကြားဟာ ရာဇဝတ်မှုဖြင့် အဖမ်းခံရမည်ကို ကြောက်ေ—ာကြောင့် လူခဲ့ကာ မတွေ့တွေ့အောင် ရှာဖို့ဆုံးဖြတ်ထားကြသည်။

'တောက်....တော်တော် ဒေါသထွက်ဖို့ကောင်းတဲ့ ကိစ္စပဲ မင်းတို့နှစ်ယောက် ချက်ချင်းထလိုက်တာတောင် ဒီကောင်လေးကိုမမီဘူး'

မိုးဆမ်းပန်းခါးစပ

ဒေါသထွက်နေသော ချန်ဖုန်းက သစ်ပင်ကိုကျောမှီကာ ပြောလိုက်သည်။

'တောလမ်းကမှောင်နေတော့ သူတို့တစ်နေရာရာမှာဝင်ပြီးတော့ ပုန်းနေတာဖြစ်နိုင်တယ်၊ ဆရာချန်ဖုန် ကျွန်တော်တို့လှည့်ရှာရင်တော့ တွေ့နိုင်ပါတယ်၊ ဒီလောက်အချိန်လေးနဲ့တော့ ဒီတောတော်ထဲက မထွက်နိုင်ပါဘူး'

ချင်းဖဲ့က သူ့ထင်မြင်ချက်ကို ပြောလိုက်သည်။

'အေး ဘာပဲဖြစ်ဖြစ် ဒီကောင့်ကို မတွေ့တွေ့အောင် ချဆုံးမြေဆုံးလိုက်ရှာရမယ်၊ နောက်ဆုံး သူတို့ ရှန့်ကျင်ရှာကို ရောက်ချင်ရောက်နေမှာပဲ'

'ကဲ ဖေရှန်၊ ချင်းဖိန်နဲ့ချောင်ကျန်းမြန် မင်းတို့သုံးယောက်က ငရဲချောက်ဘက်ကိုသွားပြီးရှာ၊ ငါ တောင်နီတောင်ဘက်ကို ချင်းဖဲ နဲ့ထွက်ပြီးရှာမယ်၊ တွေ့ရင်တော့အပြတ်ရှင်းခဲ့'

'စိတ်ချပါ ဆရာချန်ဖုန်၊ ဒီတစ်ခါတော့ အချိန်မဆွဲတော့ပါဘူး'

ဓားပြသုံးဦးက ငရဲချောက်ဖက်သို့ ဦးတည်ထွက်လာခဲ့ကြလေသည်၊ ဖေရှန်၊ချင်းဖိန်နှင့်ချောင်ကျန်းမြန်တို့ သုံးဦးမှာ ငရဲချောက်ရှိရာသို့ ဦးတည်လာခဲ့ကြသည်။

'ဒီကောင်လေးက ငရဲချောက်ထဲက သူတစ်ခုခုသဲမှာများ ဝင်ပြီးပုန်းနေသလားမသိဘူး'

'ကြံကြံဖန်ဖန် ရှန့်ကျင်ရှာကလူတွေတောင် ငရဲချောက်ထဲ မဆင်းရဲပါဘူး ဒီလောက်ကြောက်တတ်တဲ့ကောင်လေးက ငရဲချောက်ထဲ ဆင်းရဲမလွား ရှန်ဖေ့ရ'



'ပြောလို့မရဘူးလေ၊ ငါတော့ ငရဲချောက်ထဲကို ဆင်းပြီးရှာချင်တယ်'

'မလုပ်ပါနဲ့ကွာ ပြန်လမ်းမရှိဖြစ်နေပါဦးမယ်၊ တို့ဘယ်တုန်းက ငရဲချောက်နားရောက်အောင် သွားဖူးလို့လဲ၊ အဲဒီချောက်နားပတ်ဝန်းကျင်မှာ ရှာကြည့်ပါ၊ ဒီချောက်ထဲတော့ မဆင်းတာအကောင်းဆုံးပဲ'

သူတို့သည် ငရဲချောက်ရှိရာလမ်းကျဉ်းလေးထဲသို့ ရောက်ရှိလာသည်၊ ထိုစဉ်မှာပင် ရှေ့မှလူရိပ်နှစ်ရိပ်လာနေသည်ကို သူတို့သုံးယောက်မြင်တွေ့လိုက်ရသည်။

'ဟေ့ ရှေ့မှာလူနှစ်ယောက်လာနေတယ်'

'ဒီသစ်ပင်နားမှာ ခဏစောင့်ကြည့်စမ်း'

ချောင်ကျန်းမြန်က သတိပေးလိုက်ပြီးနောက် ချင်းဖိန်က သစ်ပင်နားမှ ခေတ္တစောင့်ဆိုင်းလိုက်သည်။

မကြာမီ လူရိပ်နှစ်ရိပ်မှာ ထင်ရှားလာသည်၊ အဘိုးအိုတစ်ဦး အဘွားအိုတစ်ဦးဖြစ်သည်။

'အဘိုးကြီး အဘွားကြီးတွေပါကွာ'

'အေး သူတို့မြင်ချင် မြင်လိုက်မှာပေါ့၊ ဒီကောင်လေးအကြောင်းကို သူတို့မေးကြည့်ရင်ကောင်းမယ်'

ချောင်ကျန်းမြန်က အကြံရရှိသွားသည်၊ သို့သော် ချင်းဖိန်ကမူ မျက်နှာပျက်နေသည်။

'ကြည့်လဲလုပ်ပါကွာ ခုလာနေတာ တောင်နီတောင်သိုင်းမောင်နှမကွ၊ တော်ကြာစကားပြောဆိုမတတ်ရင် သူတို့ လက်ချက်နဲ့ ကိစ္စပြတ်နေမယ်'

ချင်းဖိန့်က သတိပေးစကား ထပ်ပြောလိုက်၏၊ အသက်ငယ်ရွယ်၍သိုင်းပညာတော်သော ချောင်ကျန်းမြန်ကမူ တောင်နီတောင် သိုင်းမောင်နှမကို ကြုံတုန်းလက်ရည် စမ်းကြည့်လိုက်ချင်နေသည်၊

'ငါလဲ တောင်နီတောင် သိုင်းမောင်နှမဆိုတာ နာမည်ကြားဖူးနေပါတယ်၊ သူတို့ကအသက်ကြီးနေပါပြီ၊သိုင်းပညာဘယ်လောက်တော်တော် တို့လိုငယ်ရွယ်တဲ့ သူတွေနဲ့ ယှဉ်နိုင်ပါ့မလား'

'မင်းတော်တော် ပြောရခက်တဲ့ ကောင်ပဲ၊ အဲဒါထိပ်သီးသိုင်းသမားတွေကွ၊မင်းတို့ငါတို့ သုံးယောက်ဝိုင်းတိုက်အောင် သူတို့ထဲက တစ်ယောက်ကို နိုင်ဖို့မလွယ်ဘူး'

ဖေ့ရှန်က တောင်နီတောင် သိုင်းမောင်နှမ၏ သိုင်းပညာကို တွေ့ဖူးမြင်ဖူးသောကြောင့် ကန့်ကွက်စကား ဆိုလိုက်သည်။

'အရင်ကတော့ ဟုတ်ချင်ဟုတ်မှာပေါ့ကွာ၊ ခုကြည့်ပါလား အသက်က သိပ်ကြီးနေကြပြီပဲ၊အသက်ကြီးရင် လူတွေက ကလေးပြန်ဖြစ်သွားတာကွ'

ချောင်ကျန်းမြန်ကတော့ ခေါင်းမာသူပီပီ အမှုမထားဟန်နှင့် ပြောလိုက်ပြန်သည်။

မကြာမီသူတို့နှင့် မျက်နှာချင်းဆိုင်နေရာသို့တောင်နီတောင် သိုင်းမောင်နှမ ရောက်လာသည်၊ အမှုမထားဟန်နှင့် သူတို့ သုံးယောက်ကို ဖြတ်ကျော်သွားကြလေသည်၊

'ဒီမှာ ခဏနေကြပါဦး ဘိုးတိုးနဲ့ဘွားသွား'



သူတို့သုံးဦးကို ကျော်သွားမှပင် ချောင်ကျန်းမြန်က လှမ်းခေါ်လိုက်သည်၊ တောင်နီတောင် သိုင်းမောင်နှမ... အဖက်မလုပ်လိုဟန်ဖြင့် သူတို့ခြေလှမ်းများကို မရပ်တန့်ခဲ့ပေ။

'ဒီမှာ အဘိုးကြီးနဲ့ အဘွားကြီး ခဏရပ်ဦးလို့ ကျုပ်တို့ပြောနေတာ မရဘူးလား'

ချောင်ကျန်းမြန်က မာကျောသောအသံဖြင့် ပြောလိုက်ပြန်သည်။

'ဘာကိစ္စလဲဟေ'

ယန်ယန်က လှည့်မကြည့်ဘဲမေးလိုက်သည်။

'မေးစရာလေးတစ်ခုရှိလို့ပါ'

ချောင်ကျန်းမြန်က လေထဲမှ ခုန်တက်ကာ ရှေ့မှလမ်းပိတ်ထားလိုက်ရင်း ပြောလိုက်၏။

'မင်းတော်တော်ရိုင်းပါလား၊ လူကြီးသူမတွေကို စကားယဉ်ယဉ်ကျေးကျေး ပြောရတယ်ဆိုတာ မသိဘူးလား'

ယန်ယန်က ခပ်မာမာဖြင့် ဟောက်လိုက်လေသည်။

'ကျုပ်စကားကို ဒီလိုပဲပြောတတ်တယ် အဘွားကြီး၊ ခင်ဗျားကြီးက အသက်ကြီးတဲ့အထိ မာနကြီးတုန်းကိုး၊ ဒီလမ်းက ဖြတ်သွားတဲ့ ကောင်လေးတစ်ယောက်ကို မတွေ့မိဘူးလား'

'ဟင့်အင်း တို့လာတော့ ဘယ်သူမှ မတွေ့ပါဘူး ဘာဖြစ်လို့လဲ'

'ကျုပ်တို့သူ့ကိုရှာနေလို့ပေါ့၊ တွေ့ရဲ့သားနဲ့ မတွေ့ဘူးလို့တော့ မညာနဲ့နော်၊ ခင်ဗျားကြီးတို့နှစ်ယောက်လုံးကို မြေမြုပ်

ပစ်လိုက်မယ်၊ နားလည်လား'

ချောင်ကျွန်းမြန်က ခြိမ်းခြောက်စကားပြောလိုက်၍ ယန်ယန်၏မျက်နှာတင်းမာသွားသည်။

'ဒီမှာ မလောက်လေး မလောက်စားလေး၊ နင်တို့လောက်ကို ငါက ဂရုစိုက်မယ်လို့များ ထင်နေပြီလား၊ နင်တို့လို မိုက်ရိုင်းတဲ့လူတွေကို ငါဆုံးမလာတာကွာပြီ'

'သူများကိုသာ ဆုံးမလို့ရမယ်၊ ကျုပ်ကိုတော့ မရဘူးဗျို့'

ချောင်ကျွန်းမြန်က ဓားကိုဆွဲထုတ်ရင်း ပြောလိုက်သည်၊

'ဟော့ ချောင်ကျွန်းမြန် ဘဘကြီးတို့ကို ဒေါသထွက်အောင် မလုပ်ပါနဲ့ကွာ၊ ကျွန်တော်မတောင်းပန်ပါတယ် ဒေါ်ဒေါ်ယန်နဲ့ ဘဘချန်ယန် သူစကားပြောမတတ်လို့ပါ'

ချင်းဖိန်က ရန်မဖြစ်အောင် ဝင်ထိန်းထားလိုက်လေ၏၊ ချင်းဖိန်ဝင်ရောက်ပြောဆိုမှုကို ချောင်ကျွန်းမြန်က သဘောမကျ။

'ဒီမှာ အသွားကြီး၊ ခင်ဗျားရဲ့နာမည်ကို ကြားဖူးတာနဲ့ ခင်ဗျားတို့မောင်နှမ ကျုပ် သိုင်းပညာချင်း ယှဉ်ပြိုင်နေချင်တာကွာပြီ၊ ဒီတော့ ကျုပ်တို့ကို ပညာဘယ်လောက်ရှိတယ်ဆိုတာ သိရအောင် တစ်ပွဲတစ်လမ်းလောက် စမ်းကြည့်ချင်တယ်'

ချောင်ကျွန်းမြန်က စကားဆုံးသည်နှင့် ဖေ့ရှန်၊ ချင်းဖိန်တို့ကိုပါ အချက်ပြလိုက်သည်။

'မင်းတို့နှစ်ယောက် ဘာမှ သွေးလန့်မနေပါနဲ့၊ တောင်နီ



တောင် မောင်နှမရဲ့ သိုင်းပညာ ဘယ်အဆင့်ရှိတယ်ဆိုတာကို ကြုံတုန်း စမ်းကြည့်ရတာ ဂုဏ်ယူစရာကောင်းပါတယ်၊ မင်းတို့နောက်ဆုတ်ရင် ချန်းဖုန်နဲ့ တွေ့တဲ့အခါကျရင် မင်းတို့ကိုငါ ပြန်တိုင်လိုက်ရလိမ့်မယ်'

'မင်းတော်တော် ပြဿနာရှာတဲ့ကောင် ချောင်ကျွန်းမြန် သူတို့လမ်း သူတို့သွားပါစေကွာ၊ တိုက်ခိုက်ဖို့လုပ်တာ ကောင်းပါတယ်'

ချင်းဖိန်က သဘောမတူသော လေသံဖြင့် ပြောလိုက်၏၊ သို့သော် ဓားပြခေါင်းဆောင် ချန်ဖုန်က ရန်သူနှင့် တွေ့လျှင် ညီညီညာညာ စုပေါင်းတိုက်ခိုက်ရမည်ဟု အမိန့်ပေးပြီးသားဖြစ်သည်၊ ချောင်ကျွန်းမြန်ကသည်း ထိုအမိန့်ကို သိရှိထား၍ အကြောင်းကိုင်လိုက်ခြင်းဖြစ်သည်။

တောင်နီတောင်သိုင်းမောင်နှမအဖြစ်ဟန်ဆောင်ထားသော ယွင်ဖေးချူးနှင့် ကျောင်းဖုတို့မှာလည်း အခက်တွေ့သွားသည်၊ တတ်နိုင်က မတိုက်ခိုက်ဘဲ ရှောင်ရှားသွားကြလိုသည်၊ အထူးသဖြင့် ကျောင်းဖုကတော့ ထိတ်လန့်နေပြီဖြစ်သည်၊ ထို့ကြောင့် သူသည် စကားတစ်ခွန်းမျှပင်ဝင်မပြောမနေတော့ပေ၊ သူ့စကားသံကိုကြားက သူ့ကို မှတ်မိသွားမည်ကိုလည်း စိုးရိမ်ရသေးသည်။

'နင်တို့နဲ့ ငါ ငြိုးညှိုးနန်းစမှမရှိတာ၊ ငါတို့ကိုလဲ မနှောင့်ယှက်ပါနဲ့၊ နင်တို့နဲ့ ငါတို့ဟာ အဆင့်အတန်းမတူဘူး'

'ကြောက်ရင် ကြောက်တယ် ပြောစမ်းပါ၊ အသွားကြီးရာ၊ ဧရာအို အရွယ်ရောက်တော့ အရင်ကလို မသွက်လက်တော့ဘူး

မို့လား’

‘တိတ်စမ်း၊ နင်တို့သုံးယောက်လောက်ကိုတော့ ငါမောင်လေး ချန်ယန်တောင်ဝင်ကူစရာမလိုဘူး၊ သတ္တိရှိရင် ရှေ့တိုးကြည့်လေ’

ယွင်ဖေးချူမှာ မထတ်သာတော့သည့်အဆုံးတွင် စိန်ခေါ်လိုက်ရပြီဖြစ်၏၊ သူမ၏ စကားအဆုံး၌ ချောင်ကျုန်းမြန်က သူ၏ဓားဖြင့် ဝင်ရောက်တိုက်၏။

‘ကဲ....အဘွားကြီး၊ ကျုပ်ရဲ့တိမ်ပျံသိုင်းကွက်ကိုမြည်းကြည့်ပါဦး’

‘မောင်လေး နောက်ဆုတ်နေစမ်း’

ယွင်ဖေးချူက ကျောင်းဖုကို ဘယ်လက်ဖြင့် တွန်းဖယ်လိုက်၏၊ ကျောင်းဖုံလည်း နဂိုကကြောက်နေသူမို့ လမ်းဘေးရှိ သစ်ပင်တစ်ပင်ကို ကျောကပ်လိုက်၏။

သူသည် သုံးယောက်နှင့်တစ်ယောက် တိုက်နေသော ယွင်ဖေးချူအတွက် စိတ်ပူနေ၏၊ ယွင်ဖေးချူက သူ့အပေါ်သို့ တရိပ်ရိပ်လွှမ်းမိုးနေသော တိမ်ပျံဓားကွက်ထဲမှ ခုန်ထွက်လိုက်သည်။

‘ဖေရှန်တို့ ဘာကြည့်နေကာလဲ၊ ဝင်တိုက်လေကွာ’

‘ထန်’

‘ချင်’

‘အို’

ယွင်ဖေးချူ၏ သိုင်းပညာအဆင့်အတန်းမှာလည်း မသေးလှပါ၊ တိမ်ပျံသိုင်းကို ရှောင်တိမ်းရင်း ချောင်ကျန်းမြန်၏



ရင်ဝကို ခြေထောက်နှင့်ကန်၍ နောက်ကျွမ်း ပစ်လိုက်သည်။

မလှဲမရှောင်သာ သူမကို ဓားနှင့်ဝင်၍တိုက်ခိုက်နေသော ဖေရှန်နှင့်ချင်ဖိန်တို့ကိုလည်း ဓားနှင့်သိမ်းကာ ရိုက်ထုတ်ပစ်လိုက်လည်း။

သို့သော်....တိုက်ပွဲမှာ ပြင်းထန်သည်ထက် ပြင်းထန်လာ၏၊ ရေရှည်ဆိုလျှင် သူမ လက်ရည်ကျကာ အရှုံးပေးရတော့မလိုဖြစ်နေ၏၊ ထိုအဖြစ်အပျက်ကို မြင်တွေ့နေရသော ကျောင်းဖုက ယွင်ဖေးချူကို အကူအညီပေးနိုင်မည့်နည်းလမ်းကိုရှာနေသည်။

သူက သိုင်းပညာတတ်မြောက်သူ မဟုတ်ပေ၊ သို့သော် စဉ်းစားဉာဏ်ကောင်းသူဖြစ်သောကြောင့် သူရပ်နေရာ သစ်ပင်ဘေးရှိ ကျောက်ခဲကြီးကို မြင်တွေ့သွား၏၊

ထိုကျောက်ခဲပုံကြီးမှာ တောင်ပြိုကျပြီး လိမ့်လာသည့် ကျောက်ခဲပုံကြီးဖြစ်၏၊ အရွယ်အစားအမျိုးမျိုး ရောနေသည်၊ တချို့ကျောက်ခဲက လူ့ခေါင်းလောက်ရှိ၍ တချို့ကျောက်ခဲက အုန်းသီးအသေးစား၊ ဥသျှစ်သီးအသေးစားအရွယ်များဖြစ်နေသည်။

ကျောင်းမုက ထိုကျောက်ခဲပုံရှိရာသို့ရောက်အောင် ခုန်တက်လိုက်သည်၊ တိုက်ရင်းခိုက်ရင်းဖြင့် ယွင်ဖေးချူမှာနောက်ဆုတ်လာရ၏၊ ကျောင်းဖုက အုန်းသီးလောက်ရှိကျောက်ခဲကို လက်နှင့်မကာ အခြေအနေကြည့်နေ၏။

ယွင်ဖေးချူကို လိုက်တိုက်နေသည့် ချောင်ကျန်းမြန်သည် သူ့လူနှစ်ဦးနှင့်ညှပ်တိုက်ရန်ယွင်ဖေးချူခေါင်းပေါ်မှခုန်ကျော်

ကာ နောက်ဘက်ရောက်အောင် ကြိုးစားလိုက်သည်။

ကျောင်းမှုသည် ချောင်ကျန်းမြန်ခုန်တော့မည့်ဟန်ကို သိသည်နှင့် သူ့လက်ထဲမှ ကျောက်ခဲကိုချိန်ဆကာ လေထဲသို့ မြှောက်တင်လိုက်လေသည်။

ယွင်ဖေးချူကို မဲနေသော ချောင်ကျန်းမြန်မှာ လေထဲမှ ကျလာသည့် ကျောက်ခဲတုံးကြီးကို မမြင်ဘဲ သူရည်ရွယ်ထားသည့် လမ်းကြောင်းအတိုင်း လေထဲသို့ ခုန်တက်လိုက်သည်၊

ကျောင်းမှု၏ အချိန်အဆ တိကျလှသည် သူ မြှောက်ကာ ပစ်လွှတ်လိုက်သည့် ကျောက်ခဲကြီးရှိရာသို့ ချောင်ကျန်းမြန်၏ ခေါင်းက တန်းဝင်လာ၏။

'ခွပ်'

'အား'

ဘောလုံးကို ဂိုးသွင်းရန် ခေါင်းနှင့်တိုက်သကဲ့သို့ကျောက်ခဲ တုံးကြီးကို လေထဲသို့ ခုန်တက် ဆောင့်မိခြင်းကြောင့် ချောင်ကျန်းမြန်မှာ တစ်ချက်သာအော်နိုင်ပြီး လေထဲမှ အရုပ်ကြိုး ပြတ်ကျကာ ငြိမ်သက်သွားသည်။

'ဟင်'

ယွင်ဖေးချူငင် လျင်မြန်သော အဖြစ်အပျက်ကြောင့် အံ့အားသင့်သွားရလေသည်၊ ချောင်ကျန်းမြန် ကျဆုံးသွားသည်ကို တွေ့သည်နှင့် ဖေရှန်နှင့်ချင်းဖိန်တို့မှာ နောက်သို့ ဆုတ်၍ ခုခံကာကွယ်နေရ၏။

ဥသျှစ်လီးခန့်မျှရှိသော ကျောက်ခဲတုံးနှစ်တုံးကို ကိုင်ကာ ကျောင်းဖုံ အကွက်ကောင်းကို ချောင်းနေသည်၊



ဖေရှန်က ယွင်ဖေးချူ၏ လျှပ်တစ်ပြက်ဝင်၍ တိုက်ခိုက်သောဓားကွက်ကို လွှတ်စေရန် နောက်သို့ခုန်ဆုတ်လိုက်သည်၊ ကျောင်းဖုက ဖေရှန် ခြေထောက်ပြန်ကျမည့်နေရာကို ချိန်ရွယ်ကာ ကျောက်တုံးတစ်တုံး မြေကြီးပေါ်လှိမ့်ချပေးလိုက်သည်။

'ဗုတ်'

'အိုး'

မြေပြင်ညီပေါ်သို့ ခြေချလိုက်သော ဖေရှန်မှာ ကျောင်းမှု လှိမ့်ပေးလိုက်သည် ကျောက်ခဲကိုနင်းမိကာ ဟန်ချက် ပျက်သွားပြီး ဖင်ထိုင်ကျသွားသည်၊ ယွင်ဖေးချူက သူမ၏ ဓားဖြင့် ဖေရှန်၏ဓားကို ခတ်ထုတ်ပစ်လိုက်သည်။

'ချွင်'

'အား'

ဖေရှန်မှာ ဟန်ချက်ပျက်၍ ဖင်ထိုင်ကျနေချိန် ဖြစ်သော ကြောင့် ယွင်ဖေးချူ၏ဓားချက်ကို မခုခံနိုင်ဘဲ ဓားလွင့်ထွက်သွားသည်၊ ဓားက ကျောက်ခဲပုံပေါ်၌ရပ်နေသော ကျောင်းဖုံဘက်သို့ လွင့်သွားခြင်းဖြစ်သည်။

ကျောင်းဖုက ကျောက်ခဲပုံပေါ်မှခုန်ချကာ ဓားကို ဖမ်းယူလိုက်သည်၊ ပင်ကိုက တောင်နီတောင် သိုင်းမောင်နှမကို တိုက်ခိုက်ရန် စိတ်မပါသော ချင်းဖိန်မှာ သူ၏ဓားကို ဓားအိမ်ထဲသို့ ပြန်ထည့်ကာ နောက်သို့ဆုတ်လိုက်သည်။

'ကျွန်တော် တောင်းပန်ပါတယ် အဘွားယန်၊ ချောင်ကျန်းမြန့်ကြောင့် ခုလိုဖြစ်ရတာပါ၊ ကျွန်တော်တို့နှစ်ယောက်ကို အသက်ချမ်းသာပေးပါ'

ဖေ့ရှန်ကလည်း နေခက်သို့ဆုတ်၍ရပ်ကာ အရိုအသေပြုရင်း....

'ဟုတ်ပါတယ် ဖွားဖွား ယန်ရယ်၊ ဟိုကောင့်ကို တားမရလို့ ဝင်ပါရတာပါ၊ ကျွန်တော်တို့နှစ်ယောက်က အဖွားယန်တို့ မောင်နှမနဲ့ ပြဿနာမဖြစ်ချင်ပါဘူး'

'အေး....မင်းတို့အပြစ်ကို မင်းတို့သိရင် ပြီးရော၊ နောက်ကို ဒီလိုအမှားမျိုးဖြစ်ရင် ငါ ခွင့်မလွှတ်ဘူး'

ယန်ဖေးချူးက အဖွားအိုတစ်ဦး၏အသံဖြင့် သတိပေးကာ ပြောကြားလိုက်သည်၊ ဖေ့ရှန်နှင့် ချင်းဖိန်တို့က ယွင်ဖေးချူးနှင့် ကျောင်းဖုတို့ကို ခေါင်းညွှတ် အရိုအသေပြုလိုက်ကြသည်။

'ကဲ....နင်တို့လူကို နင်တို့ခေါ်သွား'

ချောင်ကျွန်းမြန်ကို ဖေ့ရှန်ကထမ်းကာ ချင်းဖိန့်နှင့်အတူ ခပ်သွက်သွက် ထွက်ခွာသွားကြလေတော့သည်။



## အခန်း (၃၃)

'ရှင် ခုလိုကူညီနိုင်တာ ကျေးဇူးတင်ပါတယ်'

ဖေ့ရှန်တို့ ထွက်ခွာသွားမှ ယွင်ဖေးချူးက ကျောင်းဖုကို ပြောလိုက်သည်။

'ကျွန်တော်လဲ ဘာလုပ်ရမှန်း မသိဘူး၊ တစ်ဖြည်းဖြည်း အခြေအနေ မကောင်းဘူးဆိုတာလဲ သိတော့ ကျွန်တော်ကလဲ သိုင်း သမားမဟုတ်တော့ မကူညီနိုင်ဘူး'

ကျောင်းမှုက စိတ်မကောင်းသံဖြင့် ပြောလိုက်လေသည်၊ ယွင်ဖေးချူးကတော့ ကျောင်းဖု၏ဉာဏ်တက်မြက်ပုံကို သဘောကျသွားသည်။

'ရှင်ပါ သိုင်းပညာဇာတ်တဲ့ လကာစ်ယောက်ထက် အသုံးကျပါတယ်ရှင်'

'ဘာဖြစ်လို့လဲဗျာ'

'သိုင်းပညာ နည်းနည်းပါးပါးတတ်ရင် သူတို့လက်ချက်နဲ့ ရှင်သေသွားနိုင်တာပေါ့'

'ခု ရှင်က ဝင်မတိုက်တဲ့ အေးကနေ ညက်နဲ့ကူညီလို့ ကျွန်မ အနိုင်ရတာ၊ ဒါနဲ့ ရှင့်အသက် ဘယ်လောက်ရှိပြီလဲ'

'ဘာဆိုင်လို့လဲဗျ'

'ကျွန်မနဲ့ ဘယ်သူက အသက်ကြီးလဲ သိချင်လို့ မေးတာပါ'

'ကျွန်တော် အသက် နှစ်ဆယ်မကျော်ပါပြီ'

'ဒါဆို ကျွန်မထက်ကြီးတာပေါ့၊ ရှင်နဲ့ ကျွန်မ စကားပြောရတာ သိပ်စိမ်းကားရာကျပါတယ်ရှင်၊ ရှင်နဲ့ ကျွန်မက ရဲဘော်ရဲဘက်တွေ ဖြစ်နေကြပြီပဲ၊ ကျွန်မက ရှင့်ကို အစ်ကိုကျောင်းဖုလို့ ခေါ်မယ်နော်'

'ဟာ ကောင်းပါ့မလား'

'ဘာဖြစ်လို့လဲရှင့်'

'ကျွန်တော်က တင်စီးသလိုများ ဖြစ်နေမလားမသိဘူး'

'ရှင်က သိပ်ရိုးတာပဲ၊ အဲဒီ ကျွန်တော်လို့ ပြောတာကိုက သိပ်ရယ်စရာကောင်းတာပဲ'

'ဒါဆို အစ်ကိုလို့ ယွင်ဖေးကခေါ်လေ၊ ယွင်ဖေးကို ကျွန်တော်က အဲ့....အစ်ကိုက ညီမလို့ခေါ်မယ်၊ မကောင်းဘူးလား'

'အဲဒီလိုခေါ်ရတာကိုရော ရှင် စိတ်ပါလက်ပါ ရှိရဲ့လား'

'ဟာ ရှိပါတယ် ရှိပါတယ်'



သူက်လက်စွာပြောရင်း ကျောင်းဖုက ယွင်ဖေးချူး၏လက်ကို ဆုပ်ကိုင်ရန်ပြင်လိုက်၏။

'အို ဆတိထားဦးမှပေါ့၊ အခုက ညီမက ယန်ယန်ဆိုတဲ့ အဖွားကြီးလေ၊ ချန်ယန်ဖြစ်တဲ့သူ့ရဲ့ အစ်မ၊ မှားသွားဦးမယ်'

'ဟာ တောင်နီတောင် မောင်နှမယောင် ဆောင်ထားတာကြီးကို ပြောမနေပါနဲ့ ညီမရယ်၊ အစ်ကိုနဲ့ ညီမနဲ့ နှစ်ယောက်တည်း ရှိတာပဲ၊ ဟန်ဆောင်နေရဦးမှာလား'

'ဟန်မဆောင်ရအောင် အစ်ကိုနဲ့ ညီမနဲ့က ချစ်သူတွေမှ မဟုတ်တာ၊ မိတ်ဆွေတွေပဲ မဟုတ်လား၊ မိတ်ဆွေဆိုတာ သတိထားရတဲ့ရှင့်'

'အို....အစ်ကိုကလဲ သတိမရှိဘဲ အသုံးကို မလုပ်ပါဘူး၊ ကဲ အစ်ကိုတို့ ရှန့်ကျင်ရွာကို သွားကြမယ်'

'ရှန့်ကျင်ရွာဟာ တောင်ပိုင်းပြည်နယ်ထဲက ရွာကလေးလား'

'ဟုတ်တယ် ညီမ၊ အဲဒီရွာနဲ့ ရွေ့မှာလေ နှင်းဆီတောင်ပဲ ရှိတော့တယ်'

'ဒါဆိုရင် ကောင်းတာပေါ့၊ ညီမရဲ့အဖေ နှင်းဆီတောင်မှာ ရှိနိုင်တယ်လို့ ဦးလေးချောင် ပြောဖူးတယ်၊ အဲဒီတောင်အထိ အစ်ကို လိုက်ပို့မယ်မဟုတ်လားဟင်'

ကျောင်းဖုက ခေါင်းညိတ်လိုက်သည်။

'လောလောဆယ် အစ်ကိုက ဘယ်ရောက်ရောက် ဘယ်နေပါက်ပေါက် ထွက်လာခဲ့တာပဲ၊ ဒီတော့ ညီမသွားမယ့်ခရီးကို အဖော်အဖြစ် လိုက်နိုင်ပါတယ်'

'ကောင်းပါတယ် အစ်ကို၊ ညီမကလဲ အဖော်မရှိတဲ့ တစ်ကောင်ကြွက်ပါ၊ အစ်ကို့လို ရိုးသားတဲ့ မိတ်ဆွေမျိုးရတာ ညီမ ကံကောင်းတာပါပဲ'

သူတို့နှစ်ဦးသည် တောင်နီတောင် သိုင်းမောင်နှမအသွင်ဖြင့်ပင် ရှန်ကျင်ရွာရှိရာသို့ ဦးတည်လာခဲ့ကြသည်။

ရှန်ကျင်ရွာသားများသည် တောင်နီတောင် မောင်နှမနှင့် ရင်းနှီးခင်မင်ပြီး ဖြစ်သည့်အတိုင်း လက်ပြ နှုတ်ဆက်သွားကြ၏၊ ကျောင်းဖုံနှင့် ယွင်ဖေးချူးတို့ကလည်း ပြန်၍ လက်ပြနှုတ်ဆက်ရင်း ရွာထဲသို့ ဝင်လာခဲ့ကြသည်။

ရှန်ကျင်ရွာမှာ စည်ကားသော ရွာကြီးတစ်ရွာ ဖြစ်သည်၊ တောင်ပိုင်းနှင့် မြောက်ပိုင်းနယ်စပ်ကို ဆက်စပ်ထားသည့် ရွာကြီးဖြစ်၍ အရောင်းအဝယ် ကုန်သွယ်ရေး အချက်အချာနေရာဖြစ်သောကြောင့် မြို့ကြီးတစ်မြို့နှင့်မခြား စားသောက်ဆိုင်နှင့် တည်းခိုခန်းများ စုံစုံလင်လင်ရှိသော ဒေသဖြစ်၏။

'ဟင်'

အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသူတစ်ဦးမှာ လမ်းချိုးတစ်ကွေ့သို့ ကွေ့လာစဉ် တောင်နီတောင် မောင်နှမကို မြင်လိုက်သည်နှင့် သူ့ရဲ့တစ်ဘွ့ကို မြင်တွေ့ရသကဲ့သို့ပင် ရှောင်ကာ နောက်ကြောင်းလှည့်ပြေးသွားသည်ကို တွေ့ရလေသည်၊

'ဟိုလူတစ်ယောက်ဟာ ညီမတို့ကိုတွေ့တာနဲ့ ထွက်ပြေးသွားတာ တွေ့လား အစ်ကို'

'အစ်ကို တွေ့လိုက်တယ်၊ အစ်ကိုတို့ တည်းခိုခန်းရှောက်တာနဲ့ ဒီအဝတ်အစားနဲ့ အသွင်အပြင်တွေကို ပြောင်းဖြ



ရမယ်'

'ဘာဖြစ်လို့လဲ အစ်ကို'

'ဒီလူဟာ တောင်နီတောင် မောင်နှမကို အဆိပ်ခတ်သတ်လိုက်တဲ့ လူတွေနဲ့ ပတ်သက်တဲ့လူ ဖြစ်မယ်၊ ဒါ့ကြောင့် သူတို့ သေပြီလို့ ထင်တဲ့သူကို တွေ့တော့ လန့်ပြီးပြေးတာပဲ'

'ညီမတို့ အရှုပ်အရှင်းထဲမှာ ပါနေပြီလား အစ်ကိုရယ်'

'တောင်နီတောင် မောင်နှမကို ဘာလို့သတ်ရသလဲ ဆိုတာတော့ အစ်ကို သိချင်တယ်'

'သိချင်ရင် စုံစမ်းကြည့်တာပေါ့'

## အခန်း (၃၄)

'စိမ်းလဲ့ပြာ တည်းခိုခန်း'တွင် ကျောင်းဖုနှင့် ယွင်ဖေးချူး
တို့ ဝင်ရောက်တည်းခိုကြသည်၊ တည်းခိုခန်းသို့ရောက်သည်နှင့်
သူတို့နှစ်ဦးသည် တောင်နီတောင် သိုင်းမောင်နှမ၏ ပုံတူရုပ်
ရည်များကို ပြောင်းလဲကာ သူတို့၏ ပင်ကိုယ်ရုပ်ရည်အတိုင်း
လဲလှယ်ပြုပြင်လိုက်ကြလေသည်။

'တည်းခိုခန်းပိုင်ရှင်ကတော့ ညီမတို့ကို အံ့အားသင့်နေမှာ
ပဲနော်'

'အင်း...မသိချင်ယောင်ဆောင်ပြီး ထွက်သွားပြီးမှ ဒီပုံ
အတိုင်း တည်းခိုခန်း ပြန်ငှားနေရမှာပေါ့ ညီမရယ်'

သူတို့နှစ်ဦး တည်းခိုခန်းထဲတွင် အဝတ်အစားများ ပြင်ဆင်
လဲလှယ် ထွက်လာစဉ်မှာပင် တည်းခိုခန်းဝတွင် လူသုံးယောက်
ရောက်နေသည်ကို တွေ့လိုက်ရသည်။



ထိုလူသုံးယောက်မှာ တည်းခိုခန်းပိုင်ရှင်ကို ကွယ်ကာ မတ်
တတ်ရပ် စကားပြောနေကြ၍ တည်းခိုခန်းပိုင်ရှင်က ယွင်ဖေး
ချူးတို့ကို မမြင်တွေ့လိုက်တော့ပေ၊ တည်းခိုခန်းအဝသို့ သူတို့
ရောက်လာစဉ် လူသုံးယောက်၏မေးသံကို ကြားလိုက်ကြရလေ
သည်။

'တောင်နီတောင် မောင်နှမ ခင်ဗျားတည်းခိုခန်းမှာ လာ
တည်းတာ သေချာပါတယ်နော်'

'သေချာပါတယ်'

တည်းခိုခန်းအဝနားတွင် ယွင်ဖေးချူးနှင့် ကျောင်းဖုတို့က
မသိမသာရပ်ကာ နားထောင်နေသည်၊ မကြာမီ ထိုလူသုံး
ယောက်သည် တည်းခိုခန်းမှ ထွက်လာကြ၏။

'လာ ညီမ သူတို့နောက်ကို နောက်ယောင်ခံပြီး လိုက်
ကြည့်ကြရအောင်'

'အို အစ်ကိုက ရှုပ်ရှုတ်ယှက်သှက် သူများကိစ္စထဲ ပါ
နေပါဦးမယ်'

'လာပါ ညီမရယ်၊ တောင်နီတောင် သိုင်းမောင်နှမလို
စိတ်ကောင်းရှိတဲ့လူကို ဘာလို့ ဒီလူတွေ အသိပ်ခတ်သတ်
သလဲဆိုတာ သိရတာပေါ့'

ယွင်ဖေးချူးက မျက်စောင်းထိုးကာ အပြာရောင်ဝတ် လူ
သုံးယောက်၏နောက်သို့ လိုက်ပါလာခဲ့ကြသည်၊ ရှေ့မှ လူ
သုံးယောက်ကတော့ သူတို့ကို ဂရုမပြုမိလိုက်ပေ။

ရှေ့မှလူသုံးယောက်သည် လမ်းများ တစ်လမ်းပြီးတစ်
လမ်း ချိုးဝင်သွားကာ ကျယ်ခန်းသော ဝင်းခြံခတ်ထားသည့်

ကြီးမားသည့် စံအိမ်ကြီးတစ်ခုထဲသို့ ဝင်သွားကြလေသည်။

စံအိမ်ကြီး၏မနီးမဝေးတွင် ခရီးသွားများ စားသောက်သော စားသောက်ဆိုင်ကြီးတစ်ဆိုင်ကို တွေ့လိုက်ရသည်။

'အစ်ကိုတို့ ဒီဆိုင်မှာထိုင်ပြီး စားသောက်ရင်းနဲ့ မိုးချုပ်တဲ့အထိ နေလိုက်ရင်ကောင်းမယ်'

'ဘာလဲ အစ်ကိုက စံအိမ်ကြီးထဲကို ခိုးဝင်ပြီး အခြေအနေကြည့်ချင်လို့လား'

'ဟုတ်တယ်'

'အစ်ကို့ သဘောလေ'

ကျောင်းဖုနှင့် ယွင်ဖေးချူးတို့သည် စားသောကဆိုင်ထဲသို့ ဝင်လာခဲ့ကြ၏၊ ဆိုင်ထဲတွင် လူများစည်ကားနေသည်။

'ခေါက်ဆွဲကြော်နှစ်ပွဲနဲ့ အရက်တစ်လုံးပေးပါ'

စားပွဲထိုးကို ကျောင်းဖုက လှမ်းမှာလိုက်လေသည်၊ မကြာမီမှာပင် ခေါက်ဆွဲကြော်နှင့် အရက်ရောက်လာ၏၊ ကျောင်းဖုကသည် အရက်ကိုထည့်ကာ အငမ်းမရသောက်လိုက်သည်။

'ဟင်....အစ်ကိုက အရက်သိပ်ကြိုက်တာကိုး၊ ညီမ အစ်ကို့ကို အရက်သောက်တတ်မယ် မထင်ဘူး'

ယွင်ဖေးချူးက အံ့သြသောမျက်နှာဖြင့် ကျောင်းဖုကို ပြောလိုက်သည်။

'ဟုတ်တယ် ညီမ၊ အစ်ကိုဟာ အရင်က အရက်ကို အမြဲတမ်း သောက်ခဲ့တဲ့ လူပျစ်ယောက်ပဲ၊ ဒီလို အရက်သောက်လို့လဲ အစ်ကိုသိပ်ချစ်ခဲ့ရတဲ့ မိန်းကလေးတစ်ဦးရဲ့ စွန့်ပစ်သွားတာ အစ်ကိုခံခဲ့ရတယ်'



'အော်....အစ်ကိုက ချစ်သူ ရှိဖူးခဲ့တာကိုး'

'ဟုတ်တယ်၊ တာဟူးမြို့ ဈေးထဲက အရှပ်ရောင်းတဲ့ကောင်မလေး၊ မေချူးနဲ့အစ်ကို ကွဲခဲ့ရတာ ဒီအရက်ကြောင့်ပဲပေါ့၊ ဒါကြောင့် အစ်ကို အရက်ကိုစွန့်ပစ်ပြီ့နေခဲ့တာ ကြာပြီပေါ့'

ယွင်ဖေးချူးကို သူ့ဘဝအကြောင်း ဆွေးဆွေးမြေ့မြေ့နှင့် ပြောပြနေသည့် ကျောင်းဖုကို ကရုဏာသက်သော မျက်လုံးများဖြင့် စိုက်ကြည့်နေ၏။

တစ်စတစစ် မှောင်ရိသန်းလာသည်၊ သူတို့ ငွေရှင်းသည့်အချိန်တွင် အမှောင်ထုက ကြီးစိုးနေပြီဖြစ်၏။

## အခန်း (၃၅)

နှစ်ထပ်စံအိမ်ကြီးသည် တိတ်ဆိတ်နေသော်လည်း အပေါ်ထပ်ရှိ ခန်းမကြီးထဲတွင် မီးလင်းကာ လူသုံးယောက်မှာ ခေါင်းချင်းဆိုင်နေကြသည်၊ ထိုလူသုံးယောက်၏ မျက်နှာများမှာ တစ်စုံတစ်ရာကို စိုးရိမ်နေကြပြီး ဝေခွဲရခက်နေသည့်အသွင်တို့ ဆောင်နေသည်။

'မင်း တောင်နီတောင်မောင်နှမကို တွေ့ခဲ့တယ်ဆိုတာအမှန်ပဲလား ရှောက်အော့'

'အမှန်ပဲ ဆရာကုန်းကျွန်း၊ တောင်နီတောင် မောင်နှမနဲ့ လမ်းချိုးမှာကို မျက်နှာချင်းဆိုင် တွေ့ခဲ့တာပါ'

'အင်း....ဒါဆိုရင်တော့ တို့ရဲ့အဆိပ်က ဘာဖြစ်လို့ သူတို့နှစ်ယောက်ကို မသေစေနိုင်တာလဲ'



'ဒါတော့ ကျွန်တော် မပြောတတ်ဘူး'

ခေါင်မိုးပေါ်တွင် တိတ်တဆိတ် ရောက်ရှိနေသော ယွင်ဖေးချူးနှင့် ကျောင်းဖုတို့ လူသုံးယောက်၏စကားကို ခိုး၍ နားထောင်နေလေသည်။

'ဒီကိစ္စအတွက်ဆရာကုန်းကျွန်းက ကျွန်တော်တို့နှစ်ယောက်ကို အခကြေးငွေ ပေးထားခဲ့တာပဲ၊ ကျွန်တော်တို့ အောင်မြင်အောင် ဆောင်ရွက်ခဲ့တာ ဆရာကုန်းကျွန်းရှေ့မှာ အဆိပ်အရက်ကို သူတို့နှစ်ယောက်လုံး သောက်သွားတာ မြင်သားပဲ'

အသက်ကြီးကြီး ကုန်းကျွန်းဆိုသောသူက စားပွဲပေါ်တွင် တင်ထားသော ဓားရှည်ကြီးကို မကျေမနပ်သော အကြည့်ဖြင့် ကြည့်နေသည်။

'ဒီသံသေဓားကို လိုချင်လို့ ငါလဲ ခုလိုကြံစည်ခဲ့တာပဲကွ၊ ဒါပေမယ့် အဆိပ်ခတ်တာ ငါမဟုတ်ဘူးဆိုတာကို မြင်းဖြီးတော့ ဒီဓားကို မနက်ဖြန် သူတို့နှစ်ယောက်ကို ပြန်အပ်လိုက်ရင် ရန်အေးမှာယ်ထင်တယ်'

'ဒါဆိုရင် ဆရာကုန်းကျွန်း၊ ကျွန်တော်တို့ကို ငွေတွေပေးခဲ့ရတာ အလကားဖြစ်ပြီပေါ့'

ရှောက်အော့က အားနာသောမျက်နှာဖြင့် ပြောလိုက်၏။

'ဘယ်တတ်နိုင်မလဲ၊ ရွာအကြီးအကဲကိုသာ ဒီကိစ္စ သွားတိုင်ရင်တော့ ငါအဖမ်းခံရမှာပဲ၊ တောင်နီတောင် မောင်နှမက သဘောထားကြီးပါတယ်၊ မနက်ဖြန် ဒီဓား ကို ငါကိုယ်တိုင်ယူပြီးတော့ သွားတောင်းပန်မယ်'

'ဒါဆိုရင် ကျွန်တော်တို့က ရှောင်တိမ်းနေဖို့ လိုသေးသလား'

'မလိုပါဘူးကွာ၊ ရှောင်တိမ်းမနေပါနဲ့တော့၊ ဒီသံသေခါးဟာ ဘယ်ခါးနဲ့မှယှဉ်လို့မရဘာတော့ အမှန်ပဲ၊ ဒါပေမယ့် တောင်နီတောင်အစ်မကြီး ယန်ယန်ကာလွဲပြီး ဘယ်သူမှ ဒီခါးနဲ့မထိုက်တန်ပါဘူးကွာ'

'ဒီခါးကို အဘွားယန်က ဘယ်သူ့ဆီက ရလာခဲ့တာလဲ ဆရာကုန်းကျန်း'

ရှောက်အော့က မေးလိုက်၏။

'အင်း....ဒီခါးက နှင်းဆီတောင်မှာခနတဲ့ အတုမဲ့သိုင်းသမားချူထန့်ကျင်းဆိုတဲ့အဘိုးကြီးဆီက သူတို့ရတာပေါ့၊အဲဒီအဘိုးကြီး နှင်းဆီတောင်မှာလာပြီး တရားကျင့်ကုန်းက သူတို့မောင်နှမကာ ပြုစုခဲ့ကြတာ၊ ဒါကြောင့် ဒီအဘိုးကြီး သေခါနီးမှာ ဒီသံသေခါးကို သူတို့မောင်နှမက အမွေရခဲ့ကြတာပဲ'

'ဩော်....ဒါကြောင့်ကိုး'

ခေါင်မိုးပေါ်တွင် ခိုး၍နားထောင်နေကြသော ယွင်ဖေးချူးမှာ သူ့အဖေ ချူထန်းကျင်း သေဆုံးသွားပြီ ဖြစ်သောကြောင့် သိလိုက်ရသောအခါ မျက်လုံးအိမ်မှ မျက်ရည်များ ယိုစီးကျလာသည်။

'အသံမထွက်စေနဲ့နော် ညီမ၊ သတိထားပါ'

ကျောင်းဖုက ယွင်ဖေးချူး၏ ပခုံးကိုဆုပ်ကိုင်ကာ သတိပေးလိုက်လည်။

'ကဲ....မင်းတို့ပြန်ကြတော့၊ ငါလဲ ခလောဘကြောင့် ကျူး



လွန်မိတဲ့အပြစ်ကို ဝန်ချပြီး ငါနဲ့မထိုက်တန်တဲ့ခါးကို ပြန်ပေးလိုက်တော့မယ်ကွာ၊ မနက်ဖြန်မနက် သူတို့တည်းခိုတဲ့ တည်းခိုခန်းကို ငါသွားမယ်'

'သူတို့ စီမ်းလဲ့ပြာတည်းခိုခန်းမှာ ရှိနေတာ ကျွန်တော်တို့ သေချာသွားစုံစမ်းပြီးပါပြီ'

မကြာမီ ရှောက်အော့နှင့် သူ့အဖော်တို့မှာ အခန်းထဲမှ ထွက်သွားကြသည်၊ စံအိမ်ကြီးသည်လည်း မီးမှောင်ကျသွားလေသည်။

'ကဲ....သွားကြစို့ ညီမ၊ တော်ကြာ ရိပ်မိသွားရင် မနက်ဖြန် ညီမ အဖေရဲ့ခါးကို အမွေမရဘဲနေမယ်'

ယွင်ဖေးချူးက တိုးတိတ်စွာရှိုက်ရင်း ခေါင်မိုးပေါ်မှ ထလာခဲ့လေသည်။

❀

## အခန်း (၃၆)

စိမ်းလဲ့ပြာ တည်းခိုခန်းသို့ပြန်၍ သူတို့ ရောက်ရှိလာသည်နှင့် ကျောင်းဖုသည် မအိပ်တော့ဘဲ သူနှင့်ယှင်ဖေးချူတို့၏ ရုပ်ရည်ကို တောင်နီတောင်သိုင်းမောင်နှမ၏ ရုပ်ရည် အသွင်အဖြစ်သို့ ပြန်ပြောင်းရန် စီစဉ်နေရလေသည်။

နံနက်မိုးသောက်ကာနီးမှပင် ဆေးခြယ်သောအလုပ် ပြီးသွား၍ တောင်နီတောင်သိုင်းမောင်နှမအသွင်ဖြင့် သူတို့ အိပ်စက်ခဲ့ကြလေသည်၊ နံနက်မိုးသောက် နေအတော်မြင့်သည့်တိုင် သူတို့နှစ်ဦး အိပ်ရာမှ မနိုးခဲ့ကြပေ။

'ဘိုးဘိုးနဲ့ဘွားဘွား နိုးပြီလား'

'ဒေါက် ဒေါက် ဒေါက်'



တည်းခိုခန်းပိုင်ရှင်၏ တံခါးခေါက်သံကြားမှ သူတို့အိပ်ရာမှ နိုးလာကြသည်။

'အဘွားယန် ဆေးဆရာကြီးကုန်းကျန်းက ကန်တော့ဖို့ ဝင်ခွင့်တောင်းနေပါတယ်'

'အေး....အေး၊ ညက အိပ်မပျော်လိုက်ကွယ်၊ မျက်နှာသစ်လိုက်ဦးမယ်နော်၊ ခဏနေရင် လွှတ်လိုက်ပါ'

'ဘုတ်ကဲ့ ဘွားဘွားယန်'

တည်းခိုခန်းပိုင်ရှင် ရိုသေစွာပြောရင်း ပြန်ထွက်သွား၏၊ တစ်ဖက်ခုတင်မှ ကျောင်းဖုကလည်း နိုးထလာသည်။

'ညီမ စကားပြောမမှားစေနဲ့နော်'

အဝတ်အစားများကို တောင်နီတောင် သိုင်းမောင်နှမ၏ အဝတ်အစားနှင့် အသွင်အပြင်အတိုင်း ဝတ်ဆင်ကာ အခန်းထဲတွင် ထိုင်၍စောင့်နေကြသည်၊ မကြာမီ တံခါးခေါက်သံကြားရ၏။

'ကျွန်တော် ကုန်းကျန်း၊ အဘွားယန်နဲ့ အဘိုးချန်ယန်ကျိကို လာကန်တော့တာပါ'

'ဝင်ခဲ့ပါ'

တည်းခိုခန်းတံခါးကိုတွန်းဖွင့်ကာ ဓားတစ်ချောင်း လွှယ်ထားသော ကုန်းကျန်းခေါင်းငုံ့၍ဝင်လာသည်။

'ဆေးဆရာကြီးကုန်းကျန်းပါလား၊ အစောကြီးပါလား'

ယှင်ဖေးချူက အသံကို တည်ငြိမ်စွာထား၍ ပြောလိုက်၏။

'ဟုတ်ပါတယ်၊ ကျွန်တော့်ရဲ့အမှားအတွက်လဲ တောင်း

ပန်ချင်လို့ပါ၊ ပြီးတော့ ကျွန်တော်ခရီးထွက်စရာရှိလို့ ကျွန်တော့်ဆီမှာ အပ်နှံထားတဲ့ ဟောဒီဘွားဘွားတို့ရဲ့ သံသေဓားကို လာပို့တာပါ’

‘ရပါတယ်၊ တို့လိုချင်တော့ လာယူမှာပေါ့၊ ဘာလို့ တကူးတက လာပေးရတာလဲ’

ကုန်းကျွန်းမှာ သူက အဆိပ်အရက်ခတ်၍ သေကြောင်းကြံသည်ကို မသိချင်ယောင်ဆောင်၍ ပြောနေသည်ဟု ထင်မှတ်ကာ ဝမ်းသာသွားသည်။

‘အဘွားယန်နဲ့ အဘိုးချုန့်ယန်တို့ရဲ့ စိတ်ထားမြင့်မြတ်မှုကို ကျွန်တော်ရိုသေလေးစားလို့ ဒီဓားနဲ့ ဟောဒီ ကျောက်စိမ်းတံဆိပ်ပြားကိုပါ ကျွန်တော် ကန်တော့ခွင့်ပြုပါ’

ဒူးထောက်၍ထိုင်ရင်း ယွင်ဖေးချူ၏ ရှေ့ရှိစားပွဲပေါ်သို့ ကျောက်စိမ်းပြားနှင့်ဓားအိမ်စွပ်ထားသော ဓားရှည်ကြီးကို တင်ကာ ကုန်းကျွန်းက ကန်တော့သည်။

‘အေး…ခုလို သိတတ်တဲ့အတွက် ဘယ်တော့မှ အမှားအယွင်းကျူးလွန်တဲ့လူမျိုး မဖြစ်ပါစေနဲ့ အဘွားယန် ဆုတောင်းပါတယ်ကွယ်၊ ကဲ…အဘွားယန်ကလဲ လက်ဆောင်တစ်ခု ပြန်ပေးပါရစေ’

‘ဟာ…နေပါစေခင်ဗျာ၊ ကျွန်တော်ဘာလက်ဆောင်မှ လိုချင်လို့ လာကန်တော့တာ မဟုတ်ပါဘူး’

‘မဟုတ်ပါဘူးကွယ်၊ ရော့…ဒါက အမှားကို ပြင်နိုင်တဲ့ သတ္တိနဲ့ စိတ်ထားကို ဂုဏ်ပြုတဲ့အနေနဲ့ အဘွားယန်က အမှတ်တရပေးတာပါ’



ယွင်ဖေးချူသည် သူ၏လည်တိုင်တွင် ဝတ်ဆင်ထားသော ကျောက်စိမ်းဆွဲကြိုးကို ဖြုတ်၍ ဆေးဆရာကျွန်းကျွန်း၏ လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

‘ကျွန်တော့်ကို ဒီလိုခွင့်လွှတ်တဲ့အတွက် ကျေးဇူးကို ဘယ်တော့မှ မမေ့တော့ပါဘူး၊ ပြန်ခွင့်ပြုပါဦး အဘွားယန်’

ယွင်ဖေးချူက ခေါင်းကိုဖြည်းညှင်းစွာ ညိတ်ပြလိုက်သည်၊ ဆေးဆရာကုန်းကျွန်းမှာ ဦးညွှတ်အရိုအသေပြု၍ ထွက်ခွာသွားလေတော့သည်၊ ဆေးဆရာ ကုန်းကျွန်း ထွက်ခွာသွားသည်နှင့် ယွင်ဖေးချူမှာ သူ့ဖခင်၏ ဓားကို ကပျာကယာ ကောက်ယူကာ ဆွဲထုတ်ကြည့်လိုက်၏။

လေးလံ၍ ပြောင်လက်တောက်ပသော ဓားတစ်စင်းကိုတွေ့လိုက်ရသည်၊ ဓားပြားမှာ သာမန်ဓားများ၏အပြားထက်ကြီးမားပြီး ငါးကြင်းကွက်များထနေ၏။

‘ညီမ အဖေရဲ့အမွေဟာ ညီမနဲ့ဘယ်လောက်ထိုက်တန်တယ်ဆိုတာ ယုံကြည်ပြီလား ညီမ’

‘ဒါဟာ အစ်ကိုရဲ့ကျေးဇူးကြောင့်ရတာပါ၊ အစ်ကိုကျောင်းဖု အစ်ကိုကျောင်းဖုံသာ ဒီလိုအယောင်မဆောင်ခိုင်းရင် ဒီဓားကို ညီမရမှာမဟုတ်ဘူး၊ ပြီးတော့ ညီမရဲ့အဖေရဲ့သတင်းကိုလဲသိရမှာမဟုတ်ဘူး’

ကျောင်းဖုက ခေါင်းခါလိုက်သည်။

‘အစ်ကို့အသက်ကို ညီမကယ်ခဲ့တဲ့အတွက် ဒါမျိုးတွေ တို့ဆက်ကြုံရတာပါ၊ ဘာပဲဖြစ်ဖြစ် ညီမနဲ့အစ်ကိုနဲ့ဟာ ကံချင်းကိုဆုံတယ်လို့ပြောရမှာပဲနော်’

ယှဉ်ဖေးချူက ခေါင်းငံ့လိုက်သည်၊ သူမသည် ကျောင်းဖု၏ စကားကြောင့် ရှက်ရွံ့သွားလေသည်။

'ကဲ ညီမရဲ့ခရီးက ဆုံးသွားပြီ ဘယ်ကိုသွားချင်သေးလဲ'

'ညီမတော့ တာဟူးမြို့ကိုပြန်ပြီး ညီမတို့မိသားစုကို ပြိုကွဲအောင်လုပ်ခဲ့တဲ့ မာကျောက်ယိကို ကလဲ့စားချေချင်တယ် အစ်ကို'

⑩

## အခန်း (၃၇)

ချောင်းကုသည် ကျောင်းထန်ကို မြို့ဝန်အိမ်မှဖမ်းဆီးသွားသည်ဟူသော သတင်းစကားကို ကြားပြီးကတည်းက စိတ်နှလုံးခြောက်ချားနေခဲ့သူဖြစ်သည်၊ သူသည် ကျောင်းထန်က သူ့ကိုရိပ်မိသွားခဲ့ကောင်း ရိပ်မိသွားသည်ဟုတော့ တွေးတောယူဆခဲ့မိ၏။

ထို့ကြောင့် စားသောက်ဆိုင်ကို ပိတ်ထားခဲ့သည်မှာ သုံးရက်တိတိပင် ရှိခဲ့ပြီဖြစ်သည်၊ သူ့ဆိုင်တံခါးပိတ်ထား၍ ထိုင်နေစဉ်မှာပင် ဆိုင်တံခါးကို ထဒုန်းဒုန်း ထုသံက ထွက်ပေါ်လာသည်။

'ဒုန်း ဒုန်း ဒုန်း'

'ဘယ်သူလဲဟေ'

ချောင်းကုက တံခါးဖွင့်မပေးသေးဘဲ လှမ်းမေးလိုက်လေသည်။

'ကျုပ် ယုကျင်နဲ့ ကျင်းယုံပါ'

'လာပြီဗျို့'

သူ့ မိတ်ဆွေများအသံမှန်း သေချာတော့မှပင် ချောင်းကုက ဆိုင်တံခါးကို ထဖွင့်ပေးလိုက်သည်။

မျက်စိမျက်နှာပျက်ပျက်ဖြင့် ယုကျင်နှင့် ကျင်းယုံတို့ ဆိုင်ထဲသို့ ဝင်လာကြသည်။

'ခင်ဗျားစိတ်အေးအေးသာ ထားတော့ဗျို့၊ ကိစ္စတော့ ပြီးသွားပြီ'

ယုကျင်က ချောင်းကုထိုင်နေသည့် စားပွဲတွင် ဝင်ထိုင်ရင်း ပြောလိုက်သည်။

'ခင်ဗျားတို့ ကျောင်းထန်ကိုရှင်းပစ်လိုက်ပြီလား'

'ကဲ....ပြောပြလိုက်စမ်း ကျင်းယုံ'

ကျင်းယုံက သူတို့နေ့လည်ဘက်အချိန်တွင် မြို့ဝန်အိမ်ခေါင်မှ ဖောက်ဝင်ကာ ကျောင်းထန်အိပ်ပျော်နေတုန်းတွင် ဓားနှင့်ထိုးသတ်ခဲ့သည့်အကြောင်းကို ကျင်းယုံကပြောပြလိုက်၏။

'သေချာရဲ့လား ကျင်းယုံရာ စောင်ခေါင်းမြီးခြုံထားတာဖွင့်ကြည့်ခဲ့ဖို့တော့ကောင်းတယ်၊ တခြားလူဖြစ်နေရင် ဘယ်လိုလုပ်မလဲ'

ချောင်းကုက စိုးရိမ်သံဖြင့်ပြောလိုက်သည်။

'သူနေတဲ့အခန်း၊ သူအိပ်တဲ့အိပ်ယာ သူဆိုတာ သေချာပါတယ်၊ ကျုပ်ကစောင်ကိုဖွင့်ကြည့်ဖို့သတိရပါတယ်၊ ဒါပေမယ့် မြို့ဝန်အိမ်မှာ အစောင့်တွေကပြည့်နေတာ ကျုပ်တို့အင်မတန်လျှင်မြန်လို့သာ ဒီလိုလစ်လာနိုင်တာ'



'အေးလေ ကျောင်းထန်မရှိတော့ရင် ကျုပ်အတွက် စိတ်အေးရပါပြီ၊ ကဲ ခင်ဗျားတို့ဘာစားကြမလဲ'

ချောင်းကုက ဝတ်ပြုလိုက်သည်၊ ယုကျင်က ဟန်ဆောင်မနေနိုင်ပေ။

'ကျေးချင်တာကျွေးဗျို့၊ ကျုပ်တို့ကတော့ ဘာဖြစ်ဖြစ်စားမှာပဲ'

'လောလောဆယ်တော့ အစိမ်းကြော်နဲ့အရက်ပဲရမယ်'

'ရတာလုပ်ဗျာ'

ချောင်းကုမှာ သူကိုယ်တိုင်ဝင်ကာ အစိမ်းကြော်ကို ကြော်ပေးနေသည်၊ ထိုအချိန်မှာပင် ခြံမပေါက်ဝမှ ပိတ်ထားသောတံခါးကို ထုရိုက်သံထွက်ပေါ်လာသည်။

'တံခါးဖွင့်ကမ်း စစ်ဆေးစရာရှိလို့ဟေ့၊ တိုခိုင်ဖုန်းတရားသူကြီးရဲ့ ရဲမက်တွေပါ'

'တာ'

ယုကျင်နှင့်ကျင်းယုံတို့မှာ ဝုန်းခနဲဆိုင်နောက်ဖက်သို့ ပြေးဝင်လာကြသည်။

'ဘယ်လိုလုပ်မလဲ ရဲမက်တွေ ဆိုင်ရှေ့မှာရောက်နေပြီ တံခါးသွားဖွင့်ပေးလိုက်ပေတော့'

'ခင်ဗျားတို့ကတော့ ပုန်းနေပါ၊ ကျုပ်ကြည့်ပြီး ပြောလိုက်ပါ့မယ်'

ချောင်းကုက အေးဆေးသောအမူအရာဖြင့် ဆိုင်ရှေ့သို့ထွက်လာကာ တံခါးကို ဖွင့်ပေးလိုက်သည်၊ ကျန်ကုန်ဝေခေါ်

ကျန်ကျော်ခင်းက ရှေ့ဆုံးမှဝင်လာသည်။

'ခိုင်ဖုန်းတရားသူကြီးက ချောင်းကုကို တွေ့ဆုံလိုတဲ့အတွက် ခေါ်ခိုင်းလို့ပါ'

ကျန်ကျော်ခင်းက လာရင်းကိစ္စကို ပြောလိုက်သည်၊ ကျန်ကျော်ခင်း၏နောက်မှ အပြာရောင်ဝတ်စုံဝတ်ထားသော ရဲမက်များက ဆိုင်ထဲသို့ဝင်ကာ စစ်ဆေးကြည့်ရှုနေကြသည်၊

ဆိုင်နောက်ဘက်ရှိ အရက်အိုးများကြားတွင် ယူကျင်နှင့် ကျင်းယုံတို့မှာ ပြားပြားဝပ်အောင်ပုန်းအောင်းလျက် ရှိသည်၊ ဆိုင်နောက်ဘက်သို့ ရဲမက်များဝင်လာသည်ကို တွေ့မြင်သောအခါတွင် ယူကျင်တို့နှစ်ဦးမှာ နောက်ဖေးတံခါးကို ဖွင့်ကာ လမ်းကြားထဲသို့ ထွက်ပြေးသွားသည်။

'ဘယ်သူရှိသေးလဲ ချောင်းကု'

'ကျုပ်တစ်ယောက်ထဲပါ၊ ကျုပ်ဆိုင်ကို ဒီအတိုင်းထားခဲ့ပြီးလိုက်လို့မရဘူးထင်တယ်'

မလိုက်လိုသောကြောင့် ချောင်းကုက ညင်သာစွာဖြင့်ငြင်းပယ်လိုက်သည်။

'ခိုင်ဖုန်းတရားရုံး သုခမိန်ကြီးက ခုချက်ချင်းလိုက်ခဲ့ရမယ်လို့ အမိန့်ချထားပါတယ်'

ရဲမက်များက ဝိုင်းရံထားသောကြောင့် ချောင်းကုမှာငြင်းဆန်ခွင့်မရတော့ပေ။

'ကျုပ် ဘာလုပ်လို့လဲ၊ ကျုပ်ဘာအမှုမှမကျူးလွန်ဘဲနဲ့ ဘာဖြစ်လို့ ခိုင်ဖုံးတရားသူကြီးက ကျုပ်ကိုခေါ်ရတာလဲ'

'ဒါကိုကိုရောက်တော့ သိပါလိမ့်မယ်၊ ကဲ အချိန်မရှိဘူး'



ရဲမက်များက တွန်းလိုက်သောကြောင့် ချောင်းကုမှာမျက်စိမျက်နှာပျက်ဖြင့် အပြင်သို့ထွက်ကာ လိုက်ပါလာသည်။

ခိုင်ဖုံးတရားရုံးတွင် အစောင့်အကြပ်များ ညီညာစွာရပ်နေကြသည်၊ သုခမိန်ကြီးသည် တရားစီရင်မည့်စားပွဲတွင်ထိုင်နေ၏၊ ဘေးနှစ်ဘက်တွင် ရဲမက်များက လက်နက်များကိုင်ဆောင်ကာ အသင့်နေကြသည်။

ချောင်းကုမှာ ခိုင်ဖုံးတရားသူကြီး၏ရှေ့သို့ ခေါ်ဆောင်ခြင်းခံရပြီး တရားခွင်တွင် မတ်တပ်ရပ်နေ၏။

'အခုရောက်နေတာ ဘယ်သူလဲ'

သုခမိန်ကြီးက မေးမြန်းလိုက်သည်။

'ပန်းမာလာ စားသောက်ဆိုင်ပိုင်ရှင် ချောင်းကုပါ သုခမိန်ကြီး'

'ကောင်းပြီ၊ မောင်မင်းဟာ ဝမ်ချောင်းကို ပါးစပ်ထဲဆေးလုံးထည့်ပြီး အသေသတ်တယ် ဟုတ်တယ်ဟုတ်လား'

'မဟုတ်ပါဘူး၊ သုခမိန်ကြီး ကျွန်တော်ဝမ်ချောင်းကိုမသတ်ပါဘူး၊ ဝမ်ချောင်းကိုသတ်တာ ဝူချင်းဖိန်းပါ'

'ဒုန်း ဒုန်း ဒုန်း'

ခိုင်ဖုံးတရားသူကြီး ပေါင်ချင်ကျန်းက စားပွဲကိုရိုက်လိုက်၍ ချောင်းကုမှာငြိမ်သက်သွားသည်။

'တိတ်စမ်း၊ မောင်မင်း သတိမေ့နေတဲ့ လူတစ်ယောက်ကို ဘာဖြစ်လို့ရက်ရက်စက်စက် သတ်လိုက်ရတာလဲ'

'ကျွန်တော်မသတ်ပါဘူး'

'မောင်မင်းဟာ အပြစ်ကိုကျူးလွန်ပြီး ကိုယ့်အပြစ်ကို

ကိုယ်ဝန်မခံပါလား၊ ကျန်းဖု ကျောက်ကု၊ ကျောင်းထန်ကို လွှတ်လိုက်ပါ'

မကြာမီ ကျောင်းထန်သည် ထိတ်လန့်သော အသွင်ဖြင့် တရားခွင်သို့ ရောက်ရှိလာ၏၊ ကျောင်းထန်ကို အသက်ရှင်လျက် တွေ့လိုက်ရ၍ ချောင်းကုမှာ မျက်နှာပျက်နေသည်၊

'မောင်မင်းနာမည် ဘယ်သူလဲ'

သုခမိန်ကြီးက ကျောင်းထန်ကို မေးလိုက်သည်။

'ကျွန်တော် ကျောင်းထန်ပါ'

'ဘာအလုပ်လုပ်သလဲ'

'ပန်းမာလာ စားသောက်ဆိုင်မှာ စားပွဲထိုးလုပ်ပါတယ်'

'အခုရှေ့မှာ ရပ်နေတဲ့သူကိုသိသလား'

'သိပါတယ်၊ ကျွန်တော်တို့ရဲ့အလုပ်ရှင် ချောင်းကုပါ'

'ဝမ်ချောင်းဟာ ပန်းမာလာ စားသောက်ဆိုင်ထဲမှာသေဆုံးသွားတယ်၊ ဘာ့ကြောင့်သေဆုံးသွားတာလဲ'

ချောင်းကုက ဒေါသထွက်သော မျက်လုံးများဖြင့် လှည့်ကြည့်၍ ကျောင်းထန်မှာ နှုတ်ခမ်းများ တုန်နေသည်။

'မောင်မင်းကို မေးနေတာဖြေလေ'

'အဆိပ်ဆေးလုံးခတ်ကာခံရပြီး သေဆုံးသွားပါတယ်'

ကျောင်းထန်၏ အဖြေစကားကိုကြားသည်နှင့် ရှေ့တွင်ရပ်ကာ အစစ်ဆေးခံနေသော ချောင်းကုမှာ ကျောင်းထန်ကို လှည့်ကာ ဒေါသတကြီးဖြင့်....

'ကျောင်းထန် မင်းဘာလို့ ငါ့ကိုချောက်တွန်းတာလဲ၊ ငါ ထမင်းကျွေးခဲ့တဲ့ ကျေးဇူးကို ဆပ်လိုက်တာလား'



ဟု မေးလေသည်။

'ဒုန်း....ဒုန်း....ဒုန်း'

'ချောင်းကု ရုံးတော်ကိုမလေးမစားလုပ်တာလား၊ ရုံးတော်မှာ တစ်ယောက်ကို မေးနေရင် တစ်ယောက်က စကားဝင်မပြောရဘူးဆိုတာ နားမလည် ဘူးလား'

သုခ်မိန်ကြီး၏ တင်းမာသောစကားသံကြောင့် ချောင်းကုမှာ မကျေမချမ်းဖြင့် မျက်နှာကို ဇစ်ဘက်သို့လှည့်လိုက်၏။

'ကျောင်းထန် မေးတာကို မှန်မှန်ဖြေပါ၊ ဝမ်ချောင်းရဲ့ ပါးစပ်ထဲကို အဆိပ်ဆေးလုံး ဘယ်သူထည့်တာလဲ'

ကျောင်းထန်မှာ မျက်နှာကို လက်ဝါးနှင့်အုပ်၍ ငိုယိုစပြုနေပြီဖြစ်သည်။

'အီး ဟီး ဟီး'

'ကျောင်းထန် ဒါရုံးတော်ကို မလေးမစား လုပ်နေတာလား၊ မင်းဘယ်သူ့ကိုမှကြောက်နေစရာမလိုဘူး၊ ဝမ်ချောင်းရဲ့ ပါးစပ်ထဲကို အဆိပ်ဆေးလုံး ဘယ်သူထည့်တာလဲ'

'ချောင်းကုပွေ့ချီရင်း ဆေးလုံး ထည့်လိုက်တာပါ'

'ဘာကွ မင်းတော်တော် ကျေးဇူးကန်းပါလား၊ ငါ့ကိုဘာသဘောနဲ့ ဒီလိုစွပ်စွဲရတာလဲ'

ကျောင်းထန်ကို ကန်ကျောက်ရန်အတွက် ချောင်းကု ဟန်ပြင်လိုက်သည်။

'ကျန်းဖု ကျောက်ကု တရားခံကို ဆုံးမလိုက်စမ်း ရုံးတော်ကို မထီလေးစား လုပ်နေတယ်'

သုခမိန်ကြီး အမိန့်ပေးလိုက်သည်နှင့် ကျန်းဖုနှင့်ကျောက်

ကုမှာ ချောင်းကုကို ချုပ်ကိုင်ကာ ပါးကို ဘယ်ပြန်ညာပြန် ရိုက်ထည့်လိုက်ရ မှသည်။

ချောင်းကု၏ မျက်လုံးမှာ နီရဲလာပြီး မျက်နှာမှာလည်း တင်းမာနေသည်။

'ငါ့ချောင်းကု ဘာပြောချင်သလဲ မင်းဟာတော်တော်ရက်စက် ယုတ်မာတဲ့သူပဲ၊ သတိမေ့နေတဲ့ လူတစ်ယောက်ကို သေအောင် အဆိပ်ထည့်ပြီးသတ်တယ်၊ မင်းအပြစ်ကိုမင်းဝန်ခံစမ်း'

'သုခမိန်ကြီးခင်ဗျား ကျောင်းထန်ဟာကျွန်တော့်အပေါ်မှာ အတွင်းကြိတ်အညိုးရှိလို့ ခုလိုထွက်ဆိုတာပါ၊ ကျွန်တော် အဆိပ်မခတ်ပါဘူး၊ သူ့ဟာသူ သေနေတာပါ'

သုခမိန်ကြီး၏မျက်နှာ ပိုတင်းမာသွားလေသည်။

'မင်းဟာ ကောက်လဲ ကောက်ကျစ်တယ်၊ ရုံးတော်ကိုလဲ လှည့်ပတ်ချင်တယ်၊ မြို့ဝန်ကို စစ်ဆေးခိုင်းတော့ သေတဲ့သူဟာ အဆိပ်ဆေးလုံးမိလို့ သေတယ်ဆိုတာ သေချာနေပြီ၊ အဲ့ဒီအဆိပ်ဆေးလုံးဟာလဲ မင်းရဲ့ဆိုင်ထဲမှာသုံးတဲ့ အရက်နဲ့စားသောက်ဖွယ်ရာတွေကို အချဉ်ပေါက်အောင်ထားပြီး အဆိပ်ရည် စိမ်ထားတဲ့ ဆေးလုံးဆိုတာ ထင်ရှားနေတယ်'

ချောင်းကုမှာ ငြင်းဆို၍ မရတော့သောကြောင့်မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ဒူးထောက်လိုက်သည်။

'ကျွန်တော့်အပြစ်ကို ခွင့်လွှတ်ပါ သုခမိန်ကြီးရယ်၊ ကျွန်တော့်ရဲ့ ဇနီးနဲ့သားသမီးတွေကို ငဲ့ညှာပါခင်ဗျာ'



'ဝမ်ချောင်းရဲ့ ဇနီးနဲ့ သားသမီးတွေကိုတော့ မငဲ့ညှာပဲ ဘာဖြစ်လို့ မညှာမတာ သတ်ရတာလဲ အဲဒီအချိန်တုန်းက ဝမ်းချောင်းကို သနားဖို့ မင်းသတိမရဘူးလား'

ချောင်းကုမှာ တစ်ကိုယ်လုံးတုန်လှုပ်သည်အထိ ရှိုက်ငိုနေသည်။

'မင်းသဘောနဲ့မင်း ဝမ်ချောင်းကို သတ်ဘာမဖြစ်နိုင်ဘူး၊ ဝမ်ချောင်းကိုသတ်ဖို့ မင်းကိုဘယ်သူက ညွှန်ကြားသလဲ ပြောစမ်း'

သုခမိန်ကြီးက ချောင်းကုကို ထပ်၍ မေးခွန်းထုတ်လိုက်သည်။

'ကျွန်တော်သေမှာကြောက်လို့ ဝမ်ချောင်းကို သတ်လိုက်ရတာပါ၊ ကျွန်တော့်ကို အမိန့်ပေးတဲ့လူက မိုးမျှော်စံအိမ်က မာကျောက်ယီပါ'

'ဘာ....မင်းစကားကို ဆင်ခြင်ပြောပါ၊ မိုးမျှော်စံအိမ်က မာကျောက်ယီဆိုတာ နန်းတော်က မင်းသားနဲ့ ရင်းနှီးတဲ့ မိတ်ဆွေဆိုတာ သိတယ် မဟုတ်လား'

'သိပါတယ် ခင်ဗျာ၊ မာကျောက်ယီက ဝမ်ချောင်းကို ခိုင်ဖုန်းတရားရုံးမှာ စစ်ဆေးခံရရင် သူ့ရဲ့ဖြစ်ကြောင်းတွေ ပေါ်မှာစိုးလို့ လုပ်စေဖျောက်ခိုင်းတာပါ'

'ချောင်းကု၊ မင်းတရားစီရင်ခံရမှာကြောက်လို့ သွေးရှုးသွေးတန်းနဲ့ ပြောနေတာလား'

'မဟုတ်ပါဘူး သုခမိန်ကြီး၊ အမှန်အတိုင်း ပြောနေတာပါပဲ၊ ကျွန်တော့်အပြစ်ကို လျှော့ပေါ့စဉ်းစားပေးပါ၊ အမိန့်

အဘိုင်း မလိုက်နာရင် ကျွန်တော်ဟာအသတ်ခံရမှာပါ'

'မင်းပြောတဲ့ စကားတွေဟာ အမှန်တွေချည်းပဲလား ချောင်းကု'

'သုခမိန်ကြီးကို ကျွန်တော်မလိမ်ရဲပါဘူးခင်ဗျာ'

'ဝမ်ချောင်း မာဟန်....သူ့ကို ခေါ်သွားကြတော့'

'သုခမိန်ကြီး၊ ကျွန်တော့်ကို အပြစ်မပေးပါနဲ့'

ချောင်းကုမှာအော်ရင်း ဝမ်ချောင်းနှင့် မာဟန်တို့ခေါ်ရာ နောက်သို့ ပါသွားရတော့သည်။

## အခန်း (၃၈)

အခန်းထဲ၌ ခိုင်ဖုန်းတရားသူကြီး ပေါင်ချင်းကျန်းမှာ စိတ်ပျက်သောမျက်နှာဖြင့် လက်ထောက်၍ထိုင်နေ၏၊ ကုန်စွန်းက သုခမိန်ကြီး၏ဘေး၌ မတ်တတ်ရပ်နေ၏၊ ကျန်ကုဝေ (ခေါ်) ကျန်ကျောင်းမှာ တံခါးဝတွင် ရပ်လျက်ရှိနေသည်။

'ဒီအမှုက တော်တော်ရှုပ်ထွေးသာပြီ ကုန်စွန်း၊ ပြီးတော့ မင်းသားရန်နဲ့ပါ ပတ်သက်နေတယ်၊ မိုးမျှော်စံအိမ်က မာကျောက်ယိဟာ မင်းသားရန်ရဲ့လက်စွဲတော်ဖြစ်နေပြီး နန်းတော်ထဲမှာပါ အဝင်အထွက်ရှိနေတယ်၊ ခုချိန်မှာ သူ့ကို ခေါ်ပြီး စစ်ဆေးရင် သူက ငြင်းဆိုမှာပဲ၊ ချောင်းကု တစ်ယောက်တည်းရဲ့စကားနဲ့ သူ့ကို မစွပ်စွဲနိုင်ဘူး'

'ဒါပေမယ့် လူသတ်မှုတွေရဲ့အဓိကတရားခံဟာမာကျောက်ယိုတော့ ဖြစ်ဖို့များနေပြီမဟုတ်လား သုခမိန်ကြီး'

သုခမိန်ကြီးက ခေါင်းညိတ်လိုက်၏။

'ချောင်းကို ထွက်ဆိုတဲ့အတိုင်းဆိုရင် မာကျောက်ယိုဟာ တစ်ခုံတရာကို ထိတ်လန့်ကြောက်ရွံ့နေတဲ့သူဆိုတာ သေချာတယ်၊ ဒါပေမယ့် ငါတစ်ခုစဉ်းစားလို့မရသေးတာက သူဌေးကြီး လိုကျန်းဖုန်းဟာ ငါနဲ့ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေပဲ၊ တာဟူးမြို့ကိုငါရောက်တော့ ငါ့ကို ဘာလို့ လာနှုတ်မဆက်လဲဆိုတာ ငါ စဉ်းစားလို့မရဘူး'

'သုခမိန်ကြီးနဲ့ လိုကျန်းဖုန်းနဲ့မတွေ့တာ ဘယ်လောက်ကြာပြီလဲ ခင်ဗျာ'

ကုန်စွန်းက သုခမိန်ကြီးကိုမေးလိုက်သည်။

'အင်း....ငါနဲ့မတွေ့တာ ဆယ်နှစ်လောက်ရှိရောပေါ့၊ သူ့သမီးလေးဖုံဖု တစ်နှစ်မပြည့်ခင်ကတော့ ငါနဲ့ တွေ့ပါသေးတယ်၊ အဲဒီနောက်ပိုင်းကတည်းက ငါနဲ့မတွေ့တော့တာပဲ'

'သုခမိန်ကြီး၊ သူဌေးကြီးလိုကျန်းဖုန်းဟာ ဒီအမှုနဲ့ သက်ဆိုင်နေတယ်လို့ထင်နေပါသလား'

'လိုကျန်းဖုန်းဟာ ဟိုတုန်းကတည်းက သူတော်ကောင်းတစ်ယောက်ပဲ၊ သူတစ်ပါးကိုကူညီတယ်၊ စောင့်ရှောက်တယ်၊ အလှူဒါနကိုဝါသနာပါတယ်၊ အင်း....လူဆိုတာ စိတ်တော့ ဖောက်ပြန်တတ်တာပဲလေ၊ ကျန်ကျောင်း'

'ခင်ဗျား'

'မင်း သူဌေးကြီးလိုကျန်းဖုန်းအကြောင်းကို စုံစမ်းပြီး



တော့ ငါတို့ အကြောင်းပြန်ပါ၊ ပြီးတော့ ဘားမိုဘုရားကျောင်းမှာရှိနေတဲ့ ဖုဖုကို ငါနဲ့တွေ့ဖို့အတွက် ခေါ်လာခဲ့ပါ'

'ဟုတ်ကဲ့'

ကျန်ကျောင်းသည် သုခမိန်ကြီးကို အရိုအသေပြုပြီးနောက် အခန်းထဲမှ ထွက်သွားတော့၏၊ အခန်းထဲ၌ သုခမိန်ကြီးနှင့် ကုန်စွန်းသည် ရပ်၍ကျန်ခဲ့ကြသည်။

'ကုန်စွန်း၊ ဖုဖုဟာ သူ့အမေ မရှိတော့တဲ့နောက် သူနဲ့ အတူနေတဲ့ ဒီအဖေကို တစ်ဦးတည်းသောသမီးအနေနဲ့ သိပ်ချစ်ရမယ်၊ မခွဲမခွာနိုင်တဲ့ဖြစ်ရမယ်၊ ဒါဟာ သဘာဝကျတယ် မဟုတ်လား'

'ဟုတ်ပါတယ် သုခမိန်ကြီး၊ မိဘတစ်ဦးတည်းသာကျန်တဲ့ သားသမီးတွေဟာ အဖေ့ကိုဖြစ်ဖြစ်၊ အမေ့ကိုဖြစ်ဖြစ် တစ်ခုတည်းသော အားကိုးရာအဖြစ် အရမ်းချစ်ကြပါတယ်'

'ဒါဆိုရင်တော့ ကျုပ်မိတ်ဆွေ သူဌေးကြီးလိုကျန်းဖုန်းနဲ့ သူ့သမီးလေးဟာ သဘာဝမကျတာ တစ်ခုတော့ ဖြစ်နေကြပြီ'

'ဘာဖြစ်လို့ပါလဲ သုခမိန်ကြီး'

'အခု တာမိုးဘုန်းကြီးကျောင်းမှာရောက်နေတဲ့ဖုဖုဟာ သူ့အဖေဆီမပြန်ချင်ဘူး၊ ဘုန်းကြီးကျောင်းမှာ နေရတာ ပျော်တယ်လို့ပြောနေတယ်၊ ပြီးတော့ သူ့ကို ဖမ်းခေါ်သွားတဲ့ ဝူချင်းဖိန်ကိုလဲ သူ့ကိုဖမ်းခေါ်တာ မဟုတ်ပါဘူး၊ သူကခင်လို့ လိုက်တာပါလို့ပြောနေတယ်'

'ကလေးဆိုတော့ မသိတတ်လို့ သူပျော်တဲ့နေရာမှာနေပြီး

ဒီလိုစကားတွေ ပြောတာများလား သုခမိန်ကြီးရယ်'

'အေး....မင်းပြောတာလဲ စဉ်းစားစရာပဲ ကုန်းစွန်း၊ တစ်ခါတစ်လေတော့ ငါ့အတွေးတွေဟာ စဉ်းစားရတာများလို့ သိပ်ခေါင်နေသလား မသိဘူး'

'လိုကျန်းဖုန်းရဲ့အကြောင်းကို သုခမိန်ကြီး စိတ်ဝင်စားတာ မမှားနိုင်ပါဘူး ခင်ဗျာ'

'ဘာဖြစ်လို့လဲ ကုန်းစွန်းရဲ့'

'သူဟာ တစ်ရပ်တစ်ရွာကို ရောက်တဲ့အခါ သိဟောင်းကျွမ်းဟောင်းတွေနဲ့ တွေ့ချင်တဲ့စိတ်မျိုး ရှိတတ်မြဲမို့လား၊ တစ်ရပ်တစ်ရွာက လာလည်တဲ့မိတ်ဆွေပေါ့ကိုလဲ ရွာခံက ခရီးဦးကြိုပြုပြီး စကားလတ်ဆုံ ပြောမကုန်အောင်ဖြစ်နေတတ်တာပါပဲ'

'ကုန်းစွန်း'

'ခင်ဗျာ'

'မင်းပြောမှ ငါအကြံရလာတယ်၊ ငါ လိုကျန်းဖုန်းကိုခေါ်ပြီး စကားပြောရရင် သိပ်ကောင်းမယ်'

အခန်း (၄၉)

ဝူချင်းဖိန်သည် ဈေးတန်းထဲသို့ အပြေးအလွှားရောက်လာလေသည်၊ ခန်းမို့သည် ဝူချင်းဖိန် ပြေးလာသည်ကို တွေ့သည်နှင့် စားသောက်ဆိုင်တစ်ဆိုင်ထဲမှ ထွက်လာကာ ရှေ့မှ တားလိုက်လေသည်။

'ဝူချင်းဖိန်'

'ဟာ....ခန်းမို့'

'မင်း ဘာတွေ အရေးကြီးလာတာလဲကွ ဝူချင်းဖိန်'

'ငါ မေချူးအတွက် စိတ်ပူလို့ကွ၊ ငါ့နောက်မှာ ရန်သူတွေ ရှိနေတယ်၊ အဲဒီရန်သူတွေက မေချူးကို ဒုက္ခပေးမှာ ငါ စိုးရိမ်တယ်'

'လာပါကွာ ဆိုင်ထဲမှာ အေးအေးဆေးဆေး စကားပြောကြတာပေါ့'

ခန်းမို့က ဝူချင်းဖိန်ကို လက်မောင်းဆုပ်ကိုင်ကာ သူထိုင်နေသော စားသောက်ဆိုင်ထဲသို့ ခေါ်သွားသည်၊ ခန်းမို့၏ မျက်နှာမှာ ညှိုးလျော်နေသည်။

'မင်း ဘာစားမလဲ ဝူချင်းဖိန်'

'ငါ ဘာမှ မစားချင်ပါဘူးကွာ၊ အရက်တစ်လုံးပဲ မှာပေးပါ'

'အေး....ဟုတ်တယ်၊ ဒီအချိန်မှာ မင်း အရက်သောက်တာ အကောင်းဆုံးပဲ'

ခန်းမို့က အေးစက်စက်အသံဖြင့် ပြောသည်။

'ဘာဖြစ်လို့လဲကွ'

'မင်း အရက်တစ်ခွက်နှစ်ခွက်လောက် သောက်ပါဦးကွာ'

'မင်းကို ငါကြည့်ရတာ တစ်မျိုးပဲ ခန်းမို့၊ မင်းမျက်နှာကြီး ကိုကြည့်ပြီး အရက်သောက်ချင်တဲ့ စိတ်တောင် မရှိတော့ဘူး'

ခန်းမို့က မျက်နှာကို တစ်ဖက်သို့ လှည့်လိုက်သည်။

ဝူချင်းဖိန်သည် အရက်တစ်ခွက်ကိုယူကာ မော့သောက်လိုက်၏၊ ခန်းမို့က စိတ်လှုပ်ရှားသော အမူအယာဖြင့် စားပွဲကို လက်ညှိုးဖြင့် ခေါက်နေသည်။

'မေချူးတို့ဆိုင်ဖွင့်တာ တွေ့လား'

ဝူချင်းဖိန်၏အမေးကို ခန်းမို့က ခေါင်းခါပြလိုက်သည်၊

'ဘာ ဆိုင်မဖွင့်ဘူး ဟုတ်လား၊ ဘာဖြစ်လို့လဲ၊ သူ့အမေ



နေမကောင်းလို့လား'

ခန်းမို့ဟာ ထပ်၍ခေါင်းခါပြသည်။

'မင်း စကားမပြောတတ်သေးရဲ့လား ခန်းမို့ရာ၊ မင်းနဲ့ စကားပြောရတာ ခြောက်ကပ်ကပ်နဲ့'

'အေး....ငါလဲ စကားပြောချင်စိတ် မရှိတော့အောင် စိတ်ပျက်နေလို့ပဲကွ'

'ရှင်းရှင်းပြောစမ်းပါ ခန်းမို့ရာ'

'ရှင်းရှင်းပြောရရင်တော့ မင်း သိပ်ပြီး နောက်ကျနေပြီ ဝူချင်းဖိန်'

'ဘာ နောက်ကျနေပြီဟုတ်လား'

'ဟုတ်တယ်ကွ၊ မေချူးကို လွန်ခဲ့တဲ့နှစ်ရက်ကလည်းက လူဆိုးတွေ ဖမ်းသွားပြီ'

'ဟေ'

ခန်းမို့၏စကားအဆုံးတွင် ဝူချင်းဖိန် ၁ ပါးစပ်ဟောင်းလောင်းဖြစ်သွားလေတော့သည်၊ ဝူချင်းဖိန်မှာ ခေါင်းကို စားပွဲရှိရာသို့ငုံ့ကာ ငြိမ်နေလိုက်သည်။

'ဒါကို မင်း ခန့်မှန်းမိတယ် မဟုတ်လား'

'ဒါမျိုး ခန်းမို့ရာ မင်း ငါ့ကို ကြိုတင်ပြီး ပြောသင့်တာပေါ့ကွာ'

'ဟာ....ဝူချင်းဖိန်၊ မင်းကလဲ ဘယ်ရောက်လို့ ရောက်နေမှန်းမှမသိတာ၊ ငါ ဘယ်လိုလုပ်ပြီး ကြိုတင် အကြောင်းကြားနိုင်မှာလဲကွာ'

'အေးလေ ဟုတ်ပါတယ်၊ ဘယ်အချိန်က လာဖမ်းတာလဲ၊

ဘယ်သူတွေက လာဖမ်းတာလဲ'

'အဲဒါကိုတော့ ငါမပြောတတ်ဘူး၊ မင်း မေချူးရဲ့အဖေကို သွားမေးကြည့်ပါလား၊ လူဆိုးတွေက မျက်နှာကို မျက်နှာဖုံးစွပ်ထားတဲ့လူတွေလို့ ပြောတယ်'

ဝူချင်းဖိန် ဝုန်းခနဲ ထရပ်လိုက်သည်။

'ဒါဆိုရင်တော့ ငါ အခုပဲသွားမယ် ခန်းမို့'

'အေး....မင်း အခြေအနေတော့ သိရမှာပဲ၊ မင်းကလဲ လူသတ်မှုနဲ့ ဝရမ်းပြေးလိုဖြစ်နေတော့ ခက်တာပဲ'

'မေချူးတော့ ရေတိမ်နစ်ပြီ ထင်ပါတယ်ကွာ'

'နိမိတ်မရှိ နမာမရှိ မပြောစမ်းပါနဲ့ကွာ၊ ငါ မေချူးကို မတွေ့တွေ့အောင် ရှာမယ်၊ မြေကြီးထဲ ရောက်နေရင်တော့ မတတ်နိုင်ဘူးပေါ့ကွာ'

ဝူချင်းဖိန်သည် စကားဆုံး ‿ည်နှင့် လစ်ခနဲ ထွက်သွားလေသည်၊ သူသည် မေချူးတို့ဆိုင်ရှိရာသို့ ရောက်ရှိလာ၏၊ ဆိုင်မှာ လုံးဝပိတ်ထားသည်ကို တွေ့ရသည်။

'ဒုန်း....ဒုန်း....ဒုန်း'

ဆိုင်တံခါးကို ဝူချင်းဖိန် ထုလိုက်သည်။

'ကျွန်တော် ဝူချင်းဖိန်ပါ ဘကြီးလျူ'

မေချူး၏အဖေ လျူကျိုရင်းသည် ကုလားထိုင်တစ်လုံးပေါ်တွင် အရုပ်ကြိုးပြတ်ထိုင်နေသည်၊ အဘိုးကြီးလျူကျိုရင်း၏ လက်နှစ်ဖက်မှာ တွဲလောင်းကျနေပြီး ခေါင်းမှာ နောက်သို့ မှီထား၏၊ မျက်နှာတွင်လည်း ကြည့်မကောင်းလောက်အောင် ဒဏ်ရာများ ပြည့်နှက်နေသည်။



'ဩော်....မင်းရောက်လာပြီကိုး'

လျူကျိုရင်းက အားနည်းစိတ်ပျက်သော လေသံဖြင့် ပြောလိုက်သည်။

'အဲဒီ စားပွဲပေါ်မှာ စာရှိတယ် ဝူချင်းဖိန်၊ မင်း အဲဒီစာကို ဖတ်ကြည့်ရင် အားလုံး သဘောပေါက်ပါလိမ့်မယ်'

ဝူချင်းဖိန်သည် စားပွဲပေါ်တွင် ပန်းအိုးလေးနှင့် ဖိထားသော စာရွက်တစ်ရွက်ကို ကောက်ယူကာ ဖတ်လိုက်သည်။

ဝူချင်းဖိန်

မေချူးကို အသက်ရှင်လျက် တွေ့ချင်ရင်တော့ သုံးရက်အတွင်း လောဟူကောင်ကြားကို လိုက်လာခဲ့ပါ၊ သုံးရက်ကကျော်ရင်တော့ မေချူးကို မင်း နောက်ဘဝမှ လိုက်ရှာပေတော့။

တာကျင်းယုံ

အောက်တွင် ရေးသားထားသော နာမည်မှာ ဝူချင်းဖိန်တစ်ခါမှ မကြားဖူးသော နာမည်ဖြစ်သည်။

'တာကျင်းယုံဆိုတဲ့လူကို ကျွန်တော် မသိဘူး ဘကြီးလျူ'

'အင်း....ဖမ်းသွားတာ နှစ်ရက်ပဲရှိသေးတော့ အချိန်မီနိုင်ပါသေးတယ်ကွာ၊ ဒီတော့ မင်း ငါ့သမီးကို လိုက်ကယ်ပါကွာ'

'စိတ်ချပါ ဘကြီးလျူ၊ သူတို့က ဘကြီးလျူရဲ့သမီးကို လိုချင်တာ မဟုတ်ပါဘူး၊ ကျွန်တော့်ကို လိုချင်တာပါ၊ ဒါ...

ကျွန်တော့်ကို လူသတ်သမားဖြစ်အောင် အကွက်ဆင်တဲ့လူတွေရဲ့ လက်ချက်ပဲ'

'ဘာပဲဖြစ်ဖြစ် မင်းနဲ့တွေ့ကြတာ သမီးလေး ကံဆိုးပါတယ်ကွာ၊ ဘုရားသိကြားမလို့ သမီးလေး ဘေးကင်းရန်ကင်း ဖြင့်ပြန်လာပါစေ'

'ကျွန်တော်အခုပဲ လောဟူ တောင်ကြားကို လိုက်သွားပါမယ် ဘကြီးလျူ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် ရင်ဆိုင်မှာပါ'

'အေး မင်းလဲကံကောင်းပါစေလို့ ဘကြီးလျူဆုတောင်းပါတယ်ကွာ'

ဝူချင်းဖိန်သည် ဘကြီးလျူ၏ ဆိုင်ခန်းတံခါးကို ဖွင့်ကာ တဟုန်ထိုး ထွက်ခွာလာခဲ့၏၊ သူ၏ ခြေထောက်များသည် လောဟူတောင်ကြားသို့ ခြေဦးတည်နေကြလေတော့၏။

အခန်း (၄၀)

---

သူဌေးကြီး လိုကျန်းဖုန်းသည် စံအိမ်တံခါးမှ ရဲမက်များ ဝင်လာသည်ကို တွေ့သည်နှင့် ထိတ်လန့်ကာ ထရပ်လိုက်မိလေသည်။

'ရဲမက်တွေပါလား ဘာကိစ္စများရှိလို့များလဲ'

'ကျွန်တော် ကျုန်ကုဝေခေါ် ကျုန်ကျောင်းပါ၊ သူဌေးကြီးကို သုခမိန်ကြီးက တွေ့ချင်လို့ ဖိတ်ကြားခိုင်းလိုက်ပါတယ်'

'ဟင်း'

လိုကျန်းဖုန်းမှာ အံ့အားသင့်သွားလေသည်၊

'သုခမိန်ကြီးက သူဌေးကြီးနဲ့ ဟိုအရင်ကတည်းက အင်မတန် ရင်းနှီးတယ်လို့ ပြောပါတယ်၊ ဒါကြောင့် မိတ်ဆွေချင်း မတွေ့ကြတာကြာလို့ လာဖြစ်အောင်လာပါလို့ ဖိတ်ကြားခိုင်းလိုက်ပါတယ်'

လိုကျန်းဖုန်းမှာ မျက်နှာပျက်နေသည်၊ သို့သော် သူသည် ဟန်ဆောင်ကာ ပြုံးလိုက်သည်။

'အော်....ဟုတ်ပါရဲ့ ကျုပ်ကလဲ ကျန်းမာရေးမကောင်းလို့ မြို့ဝန်အိမ်ကိုရောက်တော့လည်း ကျုပ်သောကနဲ့ ကျုပ်မို့ သုခမိန်ကြီးကိုတွေ့ဖို့ မေ့လျော့ခဲ့တာ ခွင့်လွှတ်ပါလို့'

'ဟုတ်ကဲ့ ပြောပြလိုက်ပါ့မယ်၊အဲဒီတော့ သူဌေးကြီးဘယ် တော့ကြွလာမယ်ဆိုတာ အမိန့်ရှိပါ'

'အို....အခန့်သင့်တုန်း အခုပဲလိုက်ခဲ့ပါ့မယ်'

'ဒါဆို ကျွန်တော်တို့ စောင့်နေပါ့မယ်'

'အောညက်'

သူဌေးကြီးက သူ့လူယုံတော်ကို ခေါ်လိုက်သည်၊ အောညက်သည် သူဌေးကြီးရှေ့သို့ ရောက်ရှိလာပြီး အရိုအသေပြု လိုက်သည်။

'ဝေါယာဉ်ကို ယူခဲ့ခိုင်းလိုက်ပါ၊ မြို့ဝန်အိမ်ကို ငါခုသွား မယ်'

'ဟုတ်ကဲ့'

မကြာမီ သူဌေးကြီး၏စံအိမ်အတွင်း ဝေါယာဉ်ထမ်းသမား လေးဦးနှင့် ကတ္တီပါအဝတ် ကာရံထားသော ဝေါယာဉ် ရောက်ရှိလာသည်၊သူဌေးကြီးလိုကျန်ဖုန်းသည် ဝေါယာဉ်အ



တွင်းသို့ ဝင်၍ထိုင်လေတော့၏။

ကျန်ကျောင်းဦးဆောင်သော အနီရောင် ရဲမက်များ ဦးဆောင်၍ သုခမိန်ကြီးနေထိုင်သော မြို့ဝန်၏ အိမ်ဝင်းထဲရှိ အဆောင်ရှေ့သို့ ဝေါယာဉ်နှင့်အတူ လိုကျန်းဖုန်း ရောက်ရှိ လာသည်။

သုခမိန်ကြီးသည် စားပွဲဝိုင်းတွင်ထိုင်ကာ လိုကျန်းဖုန်းကို စောင့်လျက်ရှိသည်၊စားပွဲဝိုင်းပေါ်၌ စားသောက် ဖွယ်ရာများ က အသင့်ပြင်ဆင်ထားသည်၊ အရက်ပုလင်းတစ်လုံးကိုလည်း တည်ခင်းထားသည်။

သုခမိန်ကြီးက ပြုံး၍ ထရပ်လိုက်သည်။

'မတွေ့ရတာကြာလို့ ဖိတ်ကြားခိုင်းလိုက်တာပါ လိုကျန်း ဖုန်း'

'ကျွန်တော် လိုကျန်ဖုန်းသုခမိန်ကြီးကို ဂါရဝပြုပါတယ်'

လိုကျန်းဖုန်းက ဦးညွှတ်၍ ဂါရဝပြုလိုက်သည်။

ထိုဂါရဝပြုမှုကြောင့် သုခမိန်ကြီးမှာ စူးစမ်းသောမျက်လုံး များဖြင့် လိုကျန်းဖုန်းကို အကဲခတ်လိုက်သည်။

'မိတ်ဆွေတွေပဲ ဘာဖြစ်လို့ အရိုအသေပြုနေရတာလဲ၊ ပြီး တော့ လိုကျန်းဖုန်းရာ အရင်က ကျုပ်ကိုရင်းရင်းနှီးနှီးပေါင် ချိန်လို့ ခေါ်ခဲ့တာပဲ အဲဒီလိုပဲ ခေါ်ပေါ့'

'အော်....ကိုအရင်ကနဲ့ မတူဘူးလေပေါင်ချိန်ရဲ့ အခုဟာ က နိုင်ငံတော်ရဲ့ တရားသူကြီး သုခမိန်ကြီး ဖြစ်နေပြီ မဟုတ် လား ဟား ဟား ဟား'

လိုကျန်းဖုန်းက သုခမိန်ကြီး၏ စကားနှင့် စီရွှော်အောင်

လိုက်လျောညီထွေ ပြောလိုက်လေသည်၊ သုခမိန်ကြီးကတော့ အကဲခတ်သော မျက်လုံးများဖြင့် ကြည့်လိုက်လေသည်။

'ကဲ စကားပြောရင်း စားကြ သောက်ကြ တာပေါ့ ထိုင်ပါ'

သုခမိန်ကြီးနှင့် မျက်နှာချင်းဆိုင် စားပွဲရှေ့ရှိ ထိုင်ခုံတွင် လိုကျန်းဖုန်းထိုင်လိုက်သည်၊ သုခမိန်ကြီးက လိုကျန်းဖုန်း၏ နေပုံထိုင်ပုံ အမူအယာများကို အကဲခတ်ကြည့်နေ၏။

လိုကျန်းဖုန်း မျက်လုံးများမှာ သုခမိန်ကြီးကိုရင်မဆိုင်ရဲ သကဲ့သို့ စားပွဲဝိုင်းပေါ်ရှိ စားစရာများကိုသာ စိုက်ကြည့် နေ၏။

'ကျုပ်တို့မတွေ့ရတာ ဆယ်နှစ်လောက်ရှိပြီနော်၊ ဒါပေ မယ့် ခင်ဗျားကတော့ အရင်ကလိုပဲ လိုကျန်းဖုန်း အိုမသွား ဘူး၊ ကျုပ်ကသာ အိုသွားသလိုပဲ'

'ဘယ်မှမသွားမလာဘဲ ကျုပ်ဟာအိမ်ထဲမှာနေတာ များတာ ကို ပေါင်ချိန်ရဲ့၊ ပေါင်ချိန်ကတော့ ဘုရင့်ဂဏ်ရှားသူကြီး ဆို တော့ ခရီးပန်းတာ စိတ်ပန်းတာတွေ များတာပေါ့'

စားသောက် စားပွဲပေါ်တွင် သီဟိုစေ့ ပန်းကန်ကိုအလယ် တွင်ချထားပြီးအသီးအရွက်နှင့် အသားကြော်များကိုဘေးတွင် ချထား၏၊ အရက်ပုလင်းမှာ လိုကျန်းဖုန်း၏ရှေ့တွင် ရှိလေ သည်။

'ခါတိုင်းအတိုင်း အားရပါးရ စားပါသောက်ပါ လို ကျန်းဖုန်းရာ၊ တာဟူးမြို့မှာ အိမ်ရှင်ဖြစ်ပြီး ခင်ဗျားကမခေါ် တော့ ကျုပ်က ခေါ်ရတာပေါ့ လိုကျန်းဖုန်းရာ'



'စိတ်သောကများနေလို့ ခွင့်လွှတ်ပါ ပေါင်ချိန်၊ သူငယ် ချင်းကို အိမ်ဖိတ်ပြီး ဧည့်ခံပါမယ်'

လိုကျန်းဖုန်းက ကြက်ပေါင်ကြော်တစ်ခု ကောက်ယူကာ စားသည်ကိုတွေ့ရ၍ သုခမိန်ကြီး မျက်ခုံးများ မြင့်တက်သွား သည်။

'ဟင်....လိုကျန်းဖုန်း၊ တော်တော် ပြောင်းလဲနေပါလား'

'ဘာဖြစ်လို့လဲ'

'အရင်ကဆိုရင် မင်းက သီဟိုစေ့ကြော် သိပ်ကြိုက်တဲ့လူပဲ၊ သီဟိုကြော်ကိုတွေ့ရင် တခြားအစာအစားကို သိမ်းခိုင်းပြီး ဒါပဲ စားတာ မဟုတ်လား'

ရုတ်တရက် သုခမိန်ကြီး၏စကားကြောင့် လိုကျန်းဖုန်းမှာ မျက်နှာပျက်သွား၏၊ သို့သော်....တစ်ခဏအတွင်း ပြုံးလိုက် သည်။

'ဟင်း....ကျုပ်ရောဂါနဲ့မတည့်တာတည်းက သီဟိုစေ့ကြော် ကို ကျုပ်မစားတော့တာပါ ပေါင်ချိန်'

'ပြီးတော့ အရက်ကော မသောက်တော့ဘူးလား'

သုခမိန်ကြီးက စကားထောက်လိုက်သည်။

'ဟုတ်ပါတယ်၊ အရက်နဲ့သီဟိုစေ့ကြော်ကို ကျုပ်ဖြတ်လိုက် တာ ငါးနှစ်ကျော်ပါပြီ'

သုခမိန်ကြီး၏ မျက်လုံးများကို ရင်မဆိုင်ဘဲ နံရံကိုကြည့်၍ လိုကျန်းဖုန်းကပြောလိုက်သည်၊ လိုကျန်းဖုန်း မျက်နှာပျက်နေ သည်ကို သုခမိန်ကြီးက ပြုံး၍ကြည့်လိုက်သည်။

'လူတစ်ယောက်ဟာ ဆယ်နှစ်အတွင်းမှာ ဒီလောက်ပြောင်း

လဲသွားမယ်လို့ ထင်မှာမဟုတ်ဘူးနော်၊ ဒါပေမယ့် သီဟိုဠ်ကြော် မကြိုက်တာကတော့ စိတ်မကောင်းပါဘူး....

'လိုကျန်းဖုန်း....ခါတိုင်းလိုအောက်မေ့လို့ ကျုပ်က သီဟိုကြော်တွေ အများကြီးလုပ်ထားမိတယ်'

သုခမိန်ကြီးက ထပ်ပြောသော စကားကြောင့် လိုကျန်းဖုန်းမှာ ဣန္ဒြေမနည်းဆယ်နေရသည်။

'အားနာစရာကြီးဗျာ'

'တယ်ထူးဆန်းပါလား လိုကျန်းဖုန်းရဲ့၊ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက ကျုပ်တို့ တစ်ယောက်ကိုတစ်ယောက် အားနာတဲ့စကား မပြောကြေးဆို'

သည်တစ်ခါတွင်တော့ လိုကျန်းဖုန်းမှာ အံ့အားပင် သင့်သွားရ၏။

'အင်းဗျာ....ပေါင်ချိန် စိတ်ဆိုးရင်လဲခံရမှာပဲ၊ အခု ကျုပ်သတိတွေလဲ သိပ်မကောင်းတော့ပါဘူးဗျာ'

'ဟုတ်တာပေါ့၊ ဒီလောက်ရင်းနှီးတဲ့သူတွေပဲ၊ အားနာတဲ့စကား မပြောသင့်ပါဘူးလေ'

သုခမိန်ကြီးက ပြုံးလိုက်ပြန်သည်။

'အင်း....ကျုပ်စိတ်ထဲမှာ ခင်ဗျား စကားပြောပုံဆိုပုံ အမူအရာတွေပါ အကုန် ပြောင်းလဲသွားတယ်လို့ ထင်မိတယ်၊ ဒါပေမယ့်....ခင်ဗျား မမေ့နိုင်တဲ့ စကားဟာစ်ခုတော့အမှတ်ရမှာပါ၊ ခင်ဗျားဇနီးဆုံးတုန်းက ပြောခဲ့တာလေ'

သုခမိန်ကြီးစကားကြောင့် သူဌေးကြီး လိုကျန်းဖုန်းမှာ အကျပ်အ ည်းကိုရင်ဆိုင်ရသော မျက်နှာမျိုးဖြစ်သွားသည်၊



နှုတ်မှ ချေးစများကို လက်ဖြင့်အသာသုတ်လိုက်လေသည်။

'ကျုပ် ဘာများပြောမိပါလိမ့်'

လိုကျန်းဖုန်းက လုံးဝ အဓိပ္ပာယ်မဖော်နိုင်ခြင်းကို မေ့လျော့ဟန်ဆောင်နေလိုက်သည်။

'အင်း....ဒီလောက်အထိ မေ့တတ်တာတော့ သိပ်မကောင်းပါဘူး လိုကျန်းဖုန်းရာ၊ ကျုပ်အထင် ခင်ဗျား ကျုပ်ကိုပါ မေ့နေသလိုမျိုးထင်မိတယ်'

သုခမိန်ကြီးက ပေါ့ပေါ့ပါးပါးပြုံးရယ်၍ပြောလိုက်သော်လည်း လိုကျန်းဖုန်းမှာ အတော်ကလေးကိုပင် အနေရ ခက်နေသည်။

'ကဲ....ကျုပ်နဲ့စကားပြောတဲ့အချိန်မှာ ခင်ဗျားစိတ်တွေ သမီးလေးဖုဖုဆီ ရောက်နေတယ်ထင်ပါရဲ့'

'ဒီသမီးလေးကလဲဗျာ၊ ဘုန်းကြီးကျောင်းမှာ ပျော်နေတယ်၊ ကျုပ်သွားခေါ်တာတောင် တစ်ရက်နှစ်ရက် နေဦးမတဲ့'

'အဖေ့ကို သိပ်ချစ်တဲ့ပဲသမီးဗျာ၊ ပြန်လာမှာပေါ့'

အချိန်လည်း အနည်းငယ်ကြာသွားသည်နှင့် သုခမိန်ကြီးသည် လိုကျန်းဖုန်းအား....

'ခင်ဗျားမှာ အရေးကြီးတဲ့ကိစ္စများ ရှိသေးလား၊ ကျုပ် စကားကောင်းနေတာနဲ့'

'ဩော်....ဟုတ်တယ်၊ ကျုပ်ကျန်းမာရေးလဲ ခုတလော သိပ်မကောင်းဘူး ပေါင်ချိန်၊ ဆေးသောက်ချိန်တောင် နီးနေပြီ၊ သမားတော်ကြီးနဲ့ ချိန်းထားလို့ ပြန်ခွင့်ပြုပါဦး'

'ကောင်းပါပြီ၊ နောင်အေးအေးဆေးဆေး တွေ့ကြသေး

တာပေါ့ လိုကျန်းဖုန်း၊ မဖိတ်ကြားတဲ့ လာလည်နိုင်ပါတယ်'

'ခွင့်ပြုပါဦး ပေါင်ချိန်'

'ကဲ....ကျန်ကျောင်း၊ သူ့ငွေးကြီးကို လိုက်ပို့လိုက်ပါဦး'

'ဟုတ်ကဲ့....'

လိုကျန်းဖုန်းမှာ သွက်လက်သောခြေလှမ်းများဖြင့် သုခမိန်ကြီးရှေ့မှ ထွက်ခွာသွားလေသည်၊ သုခမိန်ကြီးမှာ စားပွဲပေါ် ထိုင်လျက် မျက်မှောင်ကြုတ်၍ စဉ်းစားနေလေသည်။

ကုန်းစွန်းသည် သုခမိန်ကြီးရှိရာသို့ လာရောက် ရပ်လေသည်။

'ကုန်းစွန်း ဘယ်လိုသဘောရသလဲ၊ သူဟာ ကျုပ်မိတ်ဆွေ လိုကျန်းဖုန်းမဟုတ်တာတော့ သေချာတယ်'

'ဟုတ်ပါတယ် သုခမိန်ကြီး၊ ကျွန်တော်လဲ အခန်းဝကအကဲ ခတ်နေပါတယ်၊ သူ တော်တော်စိတ်လှုပ်ရှားနေတယ်၊ ပြီးတော့ မျက်နှာလဲ ခဏခဏ ပျက်နေတယ်'

'ဒါပေမယ့် တစ်ခုစဉ်းစားရခက်တာက အရှယ်နဲ့လိုက်ပြီး ရင့်မလာတာကလွဲရင် သူ့ရုပ်ရည်ဟာ အရင်အတိုင်းပဲ၊ လို ကျန်းဖုန်းမှာ အမွှာညီအစ်ကိုများရှိနေသလား၊ ဒါလဲ မဖြစ် နိုင်ပါဘူး၊ အမွှာအစ်ကိုတောင် ဒီလို ထပ်တူ ရုပ်ချင်းမဆင်နိုင် ပါဘူး၊ သူ့နားရွက်ဖျားက မှည့်က ဘယ်လိုလုပ်ပြီး သူများနဲ့ တူနိုင်မှာလဲ'

သုခမိန်ကြီးမှာ စဉ်းစားရခက်သောမျက်နှာဖြင့် ညာလက် ဖြင့် မုတ်ဆိတ်မွေးများကိုဆွဲကာ သပ်နေသည်။

'သုခမိန်ကြီး ကျွန်တော်တစ်ခု စဉ်းစားရတယ်ခင်ဗျာ'



'ပြောစမ်းပါဦး ကုန်းစွန်း၊ တစ်ခါ တစ်ခါ မင်းပေးတဲ့ အကြံတွေက အဖိုးတန်တယ်'

'ဟို တလောက ပန်းချီနဲ့ ရုပ်ထုအတတ်တတ်တဲ့ လူနှစ် ယောက် အသတ်ခံရတာ ဒီကိစ္စနဲ့များ ဆက်စပ်နေမလား မသိ ဘူး....'

'ထင်းဖိုနဲ့ ကျောင်းဖုကိုသတ်တဲ့အမှုလား'

'သူတို့လို့ထင်ပြီး ရုပ်တုလုပ်ထားတဲ့ သူ့တပည့်နှစ်ယောက် ကို လူသတ်သမားက သတ်သွားတာလေ'

'ဟုတ်ပါတယ် သုခမိန်ကြီး'

သုခမိန်ကြီး၏ မျက်နှာက တမုဟုတ်ချင်း ရွှင်လန်းသွား သည်။

'ကုန်းစွန်း မင်းသိပ်တော်တယ်၊ မင်းစိတ်ကူးတာ သိပ်မှန် တယ်၊ တင်းဖိုကတော့ တိုက်လက်ထဲမှာဖမ်းမိပြီးမှအဆိပ်သောက် သေသွားတယ်၊ အခု အရေးကြီးတဲ့လူနှစ်ယောက်ကျန်နေတယ် အဲဒီလူဟာ ကျောင်းဖုပဲ၊ ကျောင်းဖုကို ရှာဖွေနိုင်ရင် သိပ် ကောင်းမှာပဲ'

'ကျောင်းဖုကတော့ အသက်ရှင်နေတာ ဖြစ်နိုင်တယ်၊ ဒါ ပေမယ့် တာပဟူးမြို့မှာတော့ သူနေတော့မှာမဟုတ်တော့ဘူး လို့ ထင်တယ် သုခမိန်ကြီး'

"ဟုတ်တယ် ကုန်းစွန်း၊ ကျောင်းဖုဟာ တာဟူးမြို့ထက် ဝေးတဲ့နေရာမှာ သူ့အတတ်ပညာနဲ့ အလုပ်သွားလုပ်ပြီး ဇာတ်မြုပ်နေမှာပဲ၊ ဘာပဲဖြစ်ဖြစ် တို့လူတွေခွဲပြီး ကျောင်းဖုကိုတွေ့အောင်ရှာရမယ်၊ ဒီအမှုမှာ ကျောင်းဖုကို မတွေ့လို့ မဖြစ်ဘူး"

သုခမိန်ကြီးသည် သူ၏ယူဆချက်ကို ခေါင်းတညိတ်ညိတ်နှင့် စဉ်းစားနေလေသည်။

## အခန်း(၄၁)

လောဟူ တောင်ကြားတွင် နှင်းမှုန်များက သိပ်ဝေအုံ့မှိုင်းနေသည်၊ တောင်ကြားသို့ ရောက်အောင် ကုန်းမြင့်ပေါ်သို့ ဝူချင်းဖိန်သည် တရွေ့ရွေ့ဖြင့် တက်လှမ်းလာခဲ့လေသည်။ လောဟူတောင်ကြားမှာ တာဟူးမြို့၏ တောင်ဘက်တွင် ရှိ၍ တောင်ပိုင်းပြည်နယ်နှင့် ဆက်စပ်နေသောနယ်ခြားဒေသမြို့ ဖြစ်သည်။

ဝေးလံသီခေါင်သော တောင်မြင့်ပေါ်သို့ လူ အရောက်အပေါက်နည်းလှသည်။

ထို့ကြောင့် ဝူချင်းဖိန်ကိုဖမ်းလိုသူတို့သည် ထိုဒေသတွင် ချိန်းဆိုလိုက်ခြင်းဖြစ်ပေသည်။

ဝူချင်းဖိန်သည် တောင်ကြား လမ်းဆုံသို့ ရောက်သည်နှင့် ခြေလှမ်းများကို ရပ်တန့်ကာ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

တောင်ကြားထိပ်နှစ်ခုမှာ ဆင်စွယ်နှစ်ခု ထောင်ထားသကဲ့သို့ ရှိနေသည်၊ ထိုအချွန်နှစ်ခုကြားတွင် လှုပ်ရှားနေသောအရာနှစ်ခုကို တွေ့လိုက်ရသည်။

လူရိပ်တစ်ရိပ်ဖြစ်သည်၊ ထိုလူရိပ်မှာ အသူတရာ နက်သော တောင်ကြားထိပ်နှစ်ခုကြားတွင် ကြိုးဖြင့်ချည်နှောင်ကာ တန်းလန်းဆွဲထားခြင်းခံရလေသည်။

ဝူချင်းဖိန်ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်၊ အဝေးမှ မြင်ရသော တောင်ကြားထိပ်မှ ကြိုးတန်းလန်းဖြင့် ကျနေသည့် လူရိပ်မှာ မိန်းကလေးတစ်ဦး၏ သဏ္ဌာန်ပေါ်နေလေ၏။

'ဟား....ဟား....ဟား သိပ်စိုးရိမ်သွားသလား ဝူချင်းဖိန် ဒီကောင်မလေးကို မိုးပေါ်ထောင်ပြလိုက်တာနဲ့ မေချူးကို ချည်ထားတဲ့ကြိုးကို ငါတပည့်က ဖြုတ်ချလိုက်မှာပဲကွ'

ထူရှာခြုံထဲမှ ဘွားခနဲ ခုန်ထွက်လာသော လူရိပ်တစ်ခုက သူ့ကို ရယ်မောဟားတိုက်ကာ ပြောလိုက်ခြင်းဖြစ်သည်။

'ခင်ဗျားတို့ ဘာရန်ငြိုးရန်စရှိလို့ ဒီလိုလုပ်ရတာလဲ ကျုပ်ဘယ်သူ့ကိုမှ မကောင်းတဲ့စိတ်နဲ့ ဒုက္ခမပေးဘူးပါဘူး'

'အေး ဒုက္ခပေးတာမပေးတာတော့ မသိဘူး၊ ဝူချင်းဖိန်ရေ တို့အတွက်ကတော့ မင်းဟာ အင်မတန် အလုပ်ရှုပ်တဲ့ အမှိုက်ပဲ'

ဝူချင်းဖိန်မှာ ပိန်ပိန်ရှည်ရှည်မျက်နှာဖုံးစွပ်ထားသူ၏ အသံ



ကို သူနားထဲတွင်ကြားဘူးသလိုရှိနေ၏။

'အော် ကျုပ်သိပြီ၊ ကျုပ်ဟာ ခင်ဗျားတို့ကို အနှောင့်အယှက်ဖြစ်စေမယ့်လူဆိုပါတော့'

'ဟုတ်တယ် အဓိကကတော့ မင်းရဲ့သိုင်းပညာနဲ့ ပါးရည်နပ်ရည်ရှိမှုပဲ'

နောက်ထပ် စကားသံကို ကြားလိုက်ရသော အခါတွင် ဝူချင်းဖိန်သည် အသံရှင်ကို မှတ်မိသွား၏။

'ဩော်....အောင့်ညက်ခင်ဗျားကိုး'

'အေး မင်းငါ့ကိုရိပ်မိတယ်ဆိုတာကိုထင်သားပဲ၊ ကိစ္စမရှိပါဘူးကွာ၊ ဒါဟာ မင်းရဲ့နောက်ဆုံးအချိန်ပဲ၊ ဒီတော့ ငါတို့ဆရာသခင်က မင်းနဲ့ဆွေးနွေးစရာရှိတယ်၊ မင်းအေးအေးဆေးဆေးလိုက်ခဲ့ပါ'

'ကျုပ်လိုက်ခဲ့မယ် လောလောဆယ်တော့ခင်ဗျားတို့ မေချူးကို ပြန်လွှတ်လိုက်ပါ'

'ဒီလိုသဘောတူညီမှု မရသေးခင် ဘယ်ကတိပေးလို့ ဖြစ်မလဲ၊ မင်းဟာ ငါတို့ဆွေးနွေးတာကို သဘောတူရင် ငါ မင်းရော မေချူးပါ တစ်ခါတည်းလွှတ်ပေးလိုက်မယ်'

'ခင်ဗျားတို့ ကတိတည်ပါ့မလား'

'ကဲ တောင်ထိပ်ပေါ်ကိုသာ အေးအေး ဆေးဆေးလိုက်ခဲ့ပါ'

ဝူချူးဖိန်သည် အခြေအနေကိုအကဲခတ် ကြည့်ရှုပြီးနောက် အောင့်ညက်၏နောက်မှ လိုက်ပါသွားသည်၊ တောင်ထိပ်ပေါ်သို့တရွေ့ရွေ့တက်လာခဲ့ကြသည်၊ တောင်ကြားထိပ်သို့တဖြည်း

ဖြည်းတက်သွားပြီး ကွေးကာပြန့်ကျယ်သော တောင်ပါးပျဉ်းလေးပေါ်သို့ ရောက်ရှိလာကြသည်၊ တောင်ပါးပျဉ်းပေါ်တွင် လူသုံးယောက်တိတိရှိသည်။

ထိုလူများမှာ မာကျောက်ယီ၏ လက်ရန်းများ ဖြစ်သော ယူကျင်၊ ကျင်းယုံနှင့် လူဘီလူးကြီး ကျုံးထန်ပင်ဖြစ်သည်၊ လူဘီးလူးကျုံးထန်သည် တောင်ထိပ်အစွန်အဖျားရှိ ငုတ်တိုင်တွင် ချည်နှောင်ထားသော ကြိုးတစ်ချောင်းပေါ်တွင် ဓားကိုတင်ထားကာ အေးအေးဆေးဆေးထိုင်နေသည်။

ထိုငုတ်တွင် ချည်ထားသောကြိုးမှာ တောင်ထိပ်ဖျားမှ တောင်ကြားထဲသို့ ကြိုးဖြင့်တုပ်နှောင်ကာ လေထဲတွင် တန်းလန်းဆွဲထားသည့် မေချူး၏ကိုယ်ခန္ဓာနှင့်ဆက်နေသော ကြိုးဖြစ်သည်၊ လူဘီလူးကြီးကျုံးထန်က ဓားကိုတစ်ချက် လှီးဆွဲလိုက်ရုံဖြင့် ပေသုံးရာကျော်ရှိ တောင်ကြားထဲသို့ ကျကာ မေချူး၏ခန္ဓာကိုယ်မှာ အစိပ်စိပ်အမွှာမွှာ ဖြစ်သွားပေသိမ့်မည်။

ထိုင်နေသော လူ့ဘီလူးကြီးကျုံးတန်ကို ကျောပေးကာ ရှေ့ငါးပေအကွာတွင် ရပ်နေသူနှစ်ယောက်ကတော့ ပိန်လှီသောကိုယ်ခန္ဓာဖြင့် မျက်နှာရှည်လက်မရှိခားသမား ယူကျင်ပင်ဖြစ်သည်၊ ယူကျင်ဘေးတွင် ဓားသုံးလက် ကျင်းယုံက ခါးထောက်ကာ တောင်ထိပ်ပေါ်သို့ရောက်ရှိလာသော ဝူချင်းဖိန်ကိုကြည့်နေ၏။

'မင်းက မဆိုးပါဘူး ဝူချင်းဖိန်၊ ဒီကောင်မလေးကိုတော့ မင်းတော်တော်သစ္စာရှိသားပဲကွ'



ကျင်းယုံက နှုတ်ခမ်းကိုတွန့်ကာ ခနဲ့တဲ့တဲ့လေသံဖြင့်ပြောလိုက်သည်။

'ခင်ဗျားတို့က ကျုပ်ကိုဖမ်းချင်တာနဲ့ ဒီအပြစ်မရှိတဲ့ မိန်းကလေးတစ်ယောက်ကို ဒုက္ခပေးတာတော့ တရားမျှတမှု မရှိပါဘူးဗျာ'

ယူကျင်က ခါးထောက်ကာ တဟားဟား ရယ်လိုက်လေသည်။

'တို့က တရားမျှတမှုကို ရှာဖွေနေတဲ့ ခိုင်ဖုန်းတရားသူကြီး မဟုတ်ဘူးကွ၊ တို့သခင်ကြီးက ခိုင်းတာကို တသွေမတိမ်း လုပ်ရမှာ တို့တာဝန်ပဲ'

'ကျုပ်က အချိန်မီရောက်မလာလို့ မေချူးကို ခင်ဗျားတို့သတ်လိုက်တော့ရော ဘာများခင်ဗျားတို့အတွက် အကျိုးထူးနိုင်မလဲ'

'သိပ်ထူးတာပေါ့ကွာ၊ ရော့ဒီစာကို ဖတ်ကြည့်ပါလား'

ယူကျင်က သူ့အင်္ကျီအိတ်ထဲမှ စာတစ်စောင်ကို ထုတ်ပေးလိုက်လေသည်၊ ဝူချင်းဖိန်က စာကိုဖတ်ကြည့်လိုက်သည်။

'သူ့ရဲ့အလိုကိုမလိုက်လို့ ဝူချင်းဖိန်က ကျွန်မကို သတ်ဖို့တောင်ထိပ်မှာ ကြိုးနဲ့ချည်နှောင်ထားပါတယ်'

မေချူး၏ လက်ရေးနှင့် မေချူး၏လက်မှတ်ကို အောက်တွင်ရေးထိုးထားသည်၊ မေချူးသေသွားလျှင် မေချူးကိုသတ်သောတရားခံအဖြစ် ဝူချင်းဖိန်ရောက်ရှိစေရန်ဖြစ်သည်။

'ကဲ....ဝူချင်းဖိန် ဒီစာကိုသာ ခိုင်ဖုန်းတရားသူကြီးဆီကိုသာပို့လိုက်ရင် မင်းခွေးရုပ်ခေါင်းပြတ်စက်ကိုရောက်ဖို့ သေ

ချာတယ်မဟုတ်လား'

ယူကျင်က အေးစက်စက်လေသံဖြင့် ပြောလိုက်သည်။

ခင်ဗျားတို့ တော်တော်ယုတ်မာကောက်ကျစ်ပါလား'

'အခုကျုပ်ကိုရော ဘာများအကျပ်ကိုင်ဦးမလို့လဲ'

ဝူချင်းဖိန်က ဒေါသသံနှင့်မေးလိုက်သည်။

'မင်းလေကြီးပြီး ခုခံဖို့မကြိုးစားပါနဲ့၊ ဟိုဘက် တောင်ထိပ်ကိုကြည့်လိုက်စမ်း'

တစ်ဘက်မြင့်မားသော တောင်ထိပ်ပေါ်တွင် မြားသမားချောင်းလီက မြားဖြင့် ဝူချင်းဖိန်၏ရင်ဝကို ချိန်ရွယ်ထားသည်ကို တွေ့လိုက်သည်၊ ဝူချင်းဖိန်သည် အကွာအဝေးနှင့် မြားလမ်းကြောင်းကို ခန့်မှန်းလိုက်သည်။

ချောင်းလီက တောင်ထိပ်ပါးပျဉ်းပေါ်ရှိ မြင်ကွင်းကိုသာ မြင်နိုင်ပြီး တောင်ထိပ်ဖျားမှ ကြိုးတန်းလန်းဖြင့် ကျနေသည့် မေချူးထံသို့မှု မြားလမ်းကြောင်းဖြင့် ပစ်ခတ်ရန် မမြင်တွေ့နိုင်ပေ။

'ကဲ ဝူချင်းဖိန်ရာ တို့ဘို့စာတစ်စောင်သာ ရေးပေးပါ၊ မင်းရဲ့ မေချူးကို တို့က အခုကြိုးကိုပြန်ဆွဲတင်ပြီး လွှတ်ပေးပါမယ်'

'ကျုပ်က ဘာစာရေးရမှာလဲ'

'ခိုင်ဖုန်းတရားသူကြီးဆီကိုပေးဖို့ စာတစ်စောင်ပါ၊ ဒီစာက ခင်းဟာ ကျောင်းဖုတို့နှစ်တောက်ရယ်၊ ပြီးတော့ဝမ့်ချောင်းကို အဆိပ်ခတ်သတ်ခဲ့တယ် ဆိုတာရယ်၊ ပြီးတော့ အပြစ်ကို



ကြောက်ရွံ့တဲ့အတွက် တာဟူးမြို့ကထွက်ခွာသွားပါပြီ ဆိုတာရယ်ရေးပေါ့ကွာ၊ ပြီးတော့ မင်းရဲ့လက်မှတ်ကိုထိုး၊ ဒါဆိုရင် ပြဿနာတွေအားလုံး ရှင်းသွားပြီ'

လိုက်လျောမှုဟာ နှစ်ဦး နှစ်ဘက် အကျိုးရှိသောကြောင့် ဝူချင်းဖိန်ကွေဝေသွားသည်။

'စဉ်းစားစမ်းပါဦး ဝူချင်းဖိန်ရာ၊ ကိုယ်ဟာ လူမှုသတ်ချင်တော့တဲ့အတွက် မင်းတို့နှစ်ယောက်ကို တို့ရဲ့အခွင့်အရေး တစ်ခုနဲ့လဲပြီးယူရတာပဲ'

ကျင်းယဲ့က တိုက်တွန်းစကားပြောလိုက်ပြန်သည်။

'ဒီစာရေးပြီးရင် ခင်ဗျားတို့ကတိအတိုင်း ကျုပ်နဲ့မေချူးကို လွှတ်ပေးမှာ အမှန်ပဲလား'

ကျင်းယဲ့က တဟားဟား ရယ်မောလိုက်ပြန်လေသည်၊ ထို့နောက်....

'မင်းက တို့ကို မယုံဘူးလား၊ တို့သခင်ကြီးက ဒီအမှုက လွတ်ကင်းဖို့ သိပ်အရေးကြီးတယ်ကွ၊ ဒီတော့ တာဟူးမြို့ကနေ အပြစ်ကိုဝန်ခံပြီး မင်းရှောင်သွားရင် မင်းနဲ့ မေချူးလဲ စိတ်ချမ်းသာမယ်၊ တို့အတွက်လဲ အားလုံးအဆင်ပြေမယ်

'မေချူးကို တောင်ထိပ်ပေါ် အရင်ရောက်အောင် ပြန်ဆွဲတင်ဦးလေ'

ဝူချင်းဖိန်က စာရေးပေးရန် ဆုံးဖြတ်လိုက်ပြီးနောက် မေချူးကိုစိတ်မချ၍ တောင်းဆိုမှု ပြုလိုက်သည်။

‘ဒီလိုတော့ မရဘူးလေကွာ၊ ရော့....ဒီမှာ စုတ်နဲ့ဆေး၊ ဟောဒီ ပိတ်စပေါ်မှာ မင်းလက်ရေးနဲ့ရေး၊ မင်း စာ တစ်ကြောင်းပြီးရင် တို့က မေချူးကို လေးပုံတစ်ပုံ ဆွဲတင်ပေးမယ်၊ အေး....မင်း စာလေးကြောင်းလုံး ရေးပြီးရင် မေချူးတောင်ပေါ် ပြန်ရောက်ပြီ၊ မင်း လက်မှတ်ထိုးတာနဲ့ မေချူးကို ကြိုးဖြေပြီး မင်းလက်ထဲအပ်မယ်၊ ပြီးတော့.... မင်းတို့ ထွက်သွားကြပေါ့၊ ဒီစာရေးခဲ့ပြီးတော့မှ မရှောင်ရင် မင်းထိုက်နဲ့ မင်းကံပဲ၊ သုခမိန်ကြီးရဲ့ တရားစီရင်တာကို ခံလိုက်ပေါ့ကွာ’

‘ကျွန်တော်က အပြစ်ကိုဝန်ခံပြီးမှတော့ ခေါင်းဖြတ်ခံရဖို့ ကြိမ်းသေနေပြီပဲ၊ တာဟူးမြို့မှာဆက်နေလို့ဘယ်ဖြစ်တော့မှာလဲ’

‘ကဲ....ဒီလိုဆိုလဲ စာရေးပေတော့’

ဝူချင်းဖိန်သည် စုတ်တံကိုကိုင်၍ စာကြောင်းများကို စရေး၏။

ကျွန်ုပ် ဝူချင်းဖိန် သုခမိန်ကြီးထံတွင် အပြစ်ကို
ဝန်ခံ ရေးသားပါသည်။

ဝူချင်းဖိန်သည် စာကြောင်းတစ်ကြောင်းပြီးသည်နှင့် မော့ကြည့်လိုက်သည်၊ လူ့ဘီလူးကြီးကျုံးထန်ကို ကျင်းယုံက မေးငေါ့လိုက်သည်၊ လူ့ဘီလူးကြီးကျင်းနံ့ထက ချောက်ထဲ၌ တန်းလန်းကျနေသည့် မေချူးကို ချည်နှောင်ထားသောကြိုးစအား ဆွဲတင်ကာ ငုတ်တိုင်၌ ပတ်လိုက်သည်။

ဝူချင်းဖိန်လည်း စာကြောင်း တစ်ကြောင်းပြီးတစ်ကြောင်း ရေးသားလိုက်သည်၊ နောက်ဆုံးတွင် မေချူးမှာ တောင်ထိပ်ပေါ်သို့ ပြန်၍ ရောက်ရှိလာတော့၏။

‘အေး....မင်းက ဒီလိုတော့ လိမ္မာသားပဲကွ ဝူချင်းဖိန်၊



လိမ္မာရင်တော့ အသက်ရှင်တာပေါ့ကွာ၊ ကဲ....မင်းနဲ့ မေချူး သွားနိုင်ပါပြီ၊ တာဟူးမြို့ကိုတော့ ပြန်ပြီး ခြေဦးလှည့်မလာနဲ့တော့၊ ခေါင်းဖြတ်တဲ့ ဓားရှပ်ဟာ မင်းကို အမြဲတမ်း ကြိုနေမှာပဲ’

မေချူးသည် ပြေး၍လာကာ ဝူချင်းဖိန်ကို ဖက်လိုက်သည်၊ ဝူချင်းဖိန်သည် မေချူးကိုပွေ့ဖက်ထားရင်း ဖြတ်ခနဲလှည့်လိုက်သည်၊ တောင်စောင်းတွင် ရှိနေသော မြားသမားချောင်းလီ လက်လှုပ်သည်ကို မြင်လိုက်ရသည်။

‘မေချူး လှဲချလိုက်’

ပါးစပ်က ပြောမပြောဆိုဆို မေချူးကိုပွေ့၍ လှဲချလိုက်ကာ တောင်ထိပ်ပေါ်မှ ဝူချင်းဖိန်ကအောက်သို့ လှိမ့်ချလိုက်တော့သည်။

ချောင်းလီပစ်လိုက်သောမြားက သူတို့နှင့် ဘေးတွင် ရပ်နေသော လက်မဝှံဓားသမားယုကျင်၏နံကြားထဲသို့ စိုက်ဝင်သွားသည်။

‘အား’

နှစ်ယောက်သားဖက်၍ မတ်စောက်သော တောင်ထိပ်ပေါ်မှ လှိမ့်ချလိုက်ရာ ဝူချင်းဖိန်နှင့် မေချူးတို့မှာ ပေငါးဆယ်အကွာရှိ ချုံတစ်ချုံသို့ ရောက်သည်အထိလိမ့်ကျသွားခဲ့၏။

မေချူးကိုဖက်၍ ခေါင်းနှင့်တောင်ခုံကိုမထိအောင် သူ၏လက်မောင်းဖြင့် ကာကွယ်လာခဲ့သောကြောင့် လက်ဖျံ လက်မောင်းနှင့် ကျောပြင်တို့တွင် သွေးများ ချင်းချင်းနီနေသည်။

ကျင်းယုံနှင့် လူ့ဘီလူးကြီးကျုံးထန်တို့မှာ သူတို့ကို တိုက်

ရန် တောင်ပေါ်မှ ပြေးဆင်းလာကြသည်၊ ဝူချင်းဖိန်သည် နာကျင်သော ဒဏ်ရာများကို ဂရုမထားနိုင်ဘဲ ဓားကိုဆွဲထုတ်ကာ မတ်တတ်ရပ်လိုက်သည်။

'မေချူး....နောက်ကိုဆုတ်ပြီး ဝေးဝေးနေစမ်း'

ဝူချင်းဖိန်သည် မြားသမားချောင်းလီကိုလှမ်း၍ကြည့်လိုက်သည်၊ ချောင်းလီသည် မြင်ကွင်းမှကွယ်နေပြီး တစ်ဖက်တောင်ထိပ်မှ မြားဖြင့် လိုက်လံပစ်ခတ်၍မရနိုင်တော့ပေ။

'ဝူချင်းဖိန်....ဒီတစ်ခါတော့ မင်းကို အရှင်မထားနိုင်တော့ဘူးကွ'

ဓားသုံးလက် ကျင်းယိုက ညာလက်ဖြင့် ဓားတစ်ချောင်းတည်းကိုခွကိုင်ထားပြီး ဘယ်လက်မှ ဓားတစ်ချောင်းကိုထည့်ကိုင်ထား၏။

'ချွင်....ထန်....ထန်....ထန်'

ကျင်းယို၏ဓားကွက်မှာ ဓားမီးစကြာဟုခေါ်သော အဆင့်မြင့် ဓားသုံးလက်သိုင်းကွက်ဖြစ်ကြောင်း ဝူချင်းဖိန်က ရိပ်မိလိုက်သည်။

လူ့ဘီလူးကြီးကျုံးထန်က သူ့ခါးတွင် ချိတ်ဆွဲထားသော ရောမသစ်သားတင်းပုတ်ကြီးမှကာ ဝူချင်းဖိန်အနီးသို့ ထိုးကပ်လာ၏၊

ဓားသုံးလက်ကျင်းယိုက လေထဲမှ ပျံကျလာသော ဓားများဖြင့် လှည့်ကာ ဝူချင်းဖိန်အားတိုက်ခိုက်လေသည်၊ ဝူချင်းဖိန်သည် ဓားမီးစကြာထဲ ပိတ်မိမနေစေရန် ဘေးသို့ ခုန်ထွက်လိုက်သည်။



ထိုအချိန်မှာပင် ဝူချင်းဖိန်ခုန်ချသောနေရာသို့ ပြေးကာ ကျုံးထန်က သစ်သားထွင်းပုတ်ကြီးဖြင့် ပြေး၍ ထုချလိုက်သည်။

'အုံး....'

ဝူချင်းဖိန်မှာ မြေကြီးပေါ်သို့ကျသည်နှင့် လှိမ့်၍ ရှောင်လိုက်သောကြောင့် သစ်သားထွင်းပုတ်ကြီးမှာ မြေကြီးထဲတွင် ချိုင့်ဝင်သွားပြီး ဖုန်တထောင်းထောင်း ထလာသည်၊ နောက်တစ်ချက်ထပ်ထုရန်အတွက် တင်းပုတ်ကြီးအမတွင် ဝူချင်းဖိန်က မြေပြင်ကို လက်ထောက်၍ ကျုံးထန်၏ရင်ဝကို ခုန်၍ ကန်လိုက်သည်၊

'ဘုန်း....'

'အား'

ကျုံးထန်မှာ သစ်သားတင်းပုတ်ရောလူပါ နောက်သို့ လန်ကျသွားသည်၊ အရှိန်ပြင်းသော ခြေထောက်ဒဏ်ကြောင့် ကျုံးထန်မှာ ပြန်၍ မထနိုင်တော့ပေ။

ဓားသုံးလက်ကျင်းယုမှာ သူ၏ ဓားစကြာဖြင့် ဝူချင်းဖိန်ကို လျှပ်တစ်ပျက် ဝင်ရောက်တိုက်ခိုက်လိုက်သည်၊ ဝူချင်းဖိန်မှာ ရှောင်တိမ်းချိန်မရတော့ပါ၊ သူသည် ကျင်းယု၏ ညာလက်ဖြင့်ကိုင်ကာ လှည့်ထားသော ဓားနှစ်လက်နှင့် အထိမခံနိုင်ပေ၊ ထို ဓားစကြာထဲသို့ သူရောက်သွားလျှင် နှစ်ပိုင်းပင် ပြတ်သွားနိုင်သည်။

ထို့ကြောင့် ဓားကို ညာလက်ဖြင့် ဓားစကြာ ရပ်တန့်သွားအောင် ထိုး၍ ကာလိုက်သည်။

'ချမ်း'

'အား'

ကျင်းယု၏ ညာလက်မှ ဓားစကြာရပ်တန့်သွားပြီး ဝူချင်းဖိန်မှာ ကျင်းယု၏ ဘယ်လက်မှ ဓားချက်ကို မရှောင်တိမ်းနိုင်တော့ပေ။

ကျင်းယု၏ ဘယ်လက်မှဓားက ဝူချင်းဖိန်၏နံကြားသို့ ထိုးဝင်သွားသည်၊ နာကျင်စွာအော်လိုက်သော ဝူချင်းဖိန်၏ အသံထွက်ပေါ်လာသည်။

ဝူချင်းဖိန်သည်လည်း ဓားစကြာကို ထိုး၍ ကာဆီးထားသော သူ၏ ဓားဦးကိုကော့ကာ ကျင်းယု၏ လည်တိုင်ဆီသို့ ပင့်တင်ပေးလိုက်၏။

'အွတ်'

ကျင်းယု၏လည်တိုင်မှ ဂုတ်အထိ ဝူချင်းဖိန်၏ ဓားက ထိုးဖောက်သွားကာ ကျင်းယု ဒူးထောက်ကျသွားသည်၊ ဝူချင်းဖိန်သည် ညာခြေထောက်ဖြင့် သူ့အားစိုက်ထားသော ဓားကိုကိုင်ထည့် ကျင်းယု၏ ဘယ်လက်အား ဆောင့်ကန်ထုတ်လိုက်လေသည်။

ဝူချင်းဖိန်၏နံကြားတွင် စိုက်ဝင်နေသောဓားမှာ ကျင်းယုနှင့်အတူကျွတ်ထွက်သွားသည်၊ ကျင်းယုကတော့ ဒူးထောက်ရာမှ မှက်လက်လန်ကျကာ မထနိုင်တော့ပေ။

ဝူချင်းဖိန်မှာ ညာတက်နံရိုးကြားမှ ဓားဝင်သွားသော ဒဏ်ရာကို ဘယ်လက်ဖြင့်ကိုင်ကာ ငိုက်စိုက်ငိုက်စိုက်ဖြင့် တောင်အောက်သို့ ဆင်းလာသည်။



'အစ်ကို....ဖြစ်ရသေအစ်ကိုရယ်'

ခြုံထဲတွင် ပုန်းနေသော မေချူးက ပြေးထွက်လာကာ ဝူချင်းဖိန်ကို ဖက်လိုက်သည်။

ဝူချင်းဖိန်၏ ညာလက်ထဲမှသွေးများအကျသာကာ လက်ကြားမှ သွေးများ ယိုစိမ့်လာသည်။

'ဒဏ်ရာ တော်တော်ပြင်းသလား'

'ပြင်းတယ် မေချူး၊ အစ်ကို မနေရတော့ဘူးထင်တယ်'

ဝူချင်းဖိန်က မေချူးကို မီကားထားရင်း ပြောလိုက်၏။ ထိုအချိန်မှာပင် လေဘက်ကိုဖြတ်သန်းလာသောအသံတစ်သံကို ကြားလိုက်ရသည်။

'ရှီး....'

'ထန်း....'

သူတို့နှစ်ယောက်ထံသို့ ဦးတည်လာသော အဆိပ်လူးမြှားကို ဝူချင်းဖိန်က ပက်ထုတ်လိုက်သည်။

တစ်ဖက်တောင်စောင်းပေါ်မှ ဆင်းလာသော မြှားသမားချောင်းလီက ချိန်ရွယ်ကာ ပစ်လိုက်သောမြှားဖြစ်သည်။

'တစ်ယောက်ကျန်သေးတယ်၊ မေချူးသွားတော့၊ ဒီကောင်ကို ရှင်းပြီးမှ အစ်ကို အသေခံမယ်'

'အို ...မဟုတ်တာ၊ သူက ဟိုဘက်တောင်ကလေပ်ကနေ ပစ်တာပါ၊ အစ်ကို ဒဏ်ရာက သွေးတိတ်ဖို့ အရေးကြီးပါတယ်၊ လာပါ အစ်ကို'

မေချူးက တွဲရင်း ဝူချင်းဖိန်ကို တစ်ဖက် တောင်ကြားမှ

ချောင်းလီ မပစ်နိုင်သည့်ခြုံထဲသို့ ဆွဲခေါ်သွားလေသည်၊ ပြီး
နောက် သူမ၏ အင်္ကျီအနီရောင်လက်ရှည်ကို ဆုတ်လိုက်ကာ
ခြုံထဲတွင် ဝူချင်းဖိန်၏ နံကြားမှ ခါးထိထားသောနေရာကို
အထပ်ထပ် ပတ်ပေးလိုက်လေ၏။

ခါးချက်က မည်သည့်နေရာကို သွားရောက်စိုက်ဝင်နေသည်
မသိ၊ ဝူချင်းဖိန်၏ မျက်နှာမှာရှုံ့မဲ့နေလေတော့၏။

'အစ်ကိုအားတင်းထားပါ၊ သူ့ကို ရင်ဆိုင်မနေနဲ့၊ ကျွန်မ
တို့ တောင်ကြားကို လိမ့်ချပြီး တောထဲကို ဖြတ်ပြေးကြမယ်၊
သူ ဒီဘက်တောင်ကြောကိုရောက်ဖို့ တော်တော် ကြာဦးမှာပါ'

'အား... အစ်ကိုတော့ ဘာမှမပြောတတ်တော့ဘူး၊ ခေါင်း
တွေလဲမူးလာပြီ'

မေချူးသည် ဝူချင်းဖိန်ကိုထားခဲ့ကာ တောင်နံရံကို ကြည့်
ရန် သွားသည်၊ ပြေလျောသောတောင်ကြောကို တွေ့လိုက်ရ
သည်။

'လာ အစ်ကို၊ အားတင်းပြီး ဒီအတိုင်းသာ လှိမ့်ချလိုက်
ပါ မေချူးလဲ ဒီလိုပဲ လှိမ့်ချလိုက်မယ်'

ဝူချင်းဖိန်မှာ သွေးရူးသွေးတန်းဖြင့် ယခုအချိန်တွင် မေ
ချူးပြောသော စကားကိုသာ လိုက်နာနေရသည်။

တလိမ့်လိမ့်နှင့် တောင်ခြေသို့ ရောက်သွားပေတော့သည်၊
တောင်ခြေသို့အရောက်တွင် ဝူချင်းဖိန်မှာ တော်တော်အခံရ
ခက်နေပြီဖြစ်၏။

'လာ အစ်ကို၊ အားတင်းထားပါ၊ ဒီနေရာမှာတော့ သူတို့
လာရှာရင် တွေ့နိုင်သေးတယ်'



ဝူချင်းဖိန်သည် မေချူးကို အားပြုရင်း တောထဲသို့ တရွေ့
ရွေ့ဖြင့် လိုက်ပါသွားခဲ့လေသည်။

'နေ....နေပါဦး မေချူးရယ်၊ မောလိုက်တာ၊ အစ်ကို
ဆက်ပြီးမသွားနိုင်တော့ဘူး ထင်တယ်'

သစ်ပင်တစ်ပင်အောက်တွင် မေချူးကို မှီထားရင်း ဝူချင်း
ဖိန်က ညည်းတွားလိုက်သည်။

'နေရာကောင်းကောင်းတစ်ခုကို ရှာပြီး နားမှဖြစ်မယ်
အစ်ကို၊ ဒီနေရာက လမ်းဆုံလမ်းခွကြီး ဖြစ်နေတယ် လ'

'အား....အစ်ကို မသွားနိုင်တော့ဘူး'

စကားအဆုံးမှာပင် မေချူးကိုမှီထားရင်း ဝူချင်းဖိန်မှာ
လျှောကျသွားသည်။

အစ်ကို'

'အစ်ကို ဝူချင်းဖိန်'

ဝူချင်းဖိန်မှာ ပြန်၍ မထူးနိုင်တော့ပေ၊ မေချူးသည် ဝူ
ချင်းဖိန်၏ကိုယ်ကို စမ်းသပ်ကြည့်ပြီး သတိမေ့သွားသည်ကို
သိသည်နှင့် ခဏထားခဲ့ကာ ဘေးပတ်ဝန်းကျင် ခိုစရာနေရာ
ကို အပြေးအလွှား ရှာဖွေကြည့်ရှုမိလေတော့၏။

ခရီးသွားများ နားခိုကာ ချက်ပြုတ်စားသောက်သွားဟန်
ရှိသော တဲကြီးတစ်လုံးလို တွေ့ရသည်၊ ထိုတဲမှာ မလုံခြုံလှ
သော်လည်း အမိုးအကာရှိနေသည်။

'အင်း....ဒဟာဒီနေရာကို အစ်ကို့ကိုခေါ်လာတာကောင်း
မယ်'

မေချူးသည် ဝူချင်းဖိန်ကို ချိုင်းမှမ၍ တရွက်တိုက်ဆွဲက

တဲကြီးအတွင်း ရွှေ့လာခဲ့၏၊ မိုးမချုပ်မီ တဲပတ်ဝန်းကျင်တွင် မေချူးသည် ထင်းစများ ရသလောက် ရှာဖွေလိုက်သည်၊ မှောင်ရီသမ်းလာလျှင် အေးလာမည်ဖြစ်၍ သူတို့နှစ်ဦးအတွက် နွေးထွေးစေရန် မီးဖိုထားရန် လိုအပ်ပေသည်။

တဲတံခါးကိုပိတ်ထားကာ မေချူးသည် သစ်ကိုင်းများကို ကွေး၍ နှယ်ကြိုးဖြင့် ကွင်းလျှောလုပ်ကာ ထောင်ချောက်လေးများ သစ်ပင်ပေါ်တွင်တချို့၊ မြေပြင်ပေါ်တွင်တချို့ လုပ်ထားလိုက်သည်၊ ပြီးနောက် ဂူချင်းဖိန်ထံသို့ ပြန်လာ၍ တောထဲမှ ခူးလာသော ဆေးတိတ်ရွက်ကို ဓားဒဏ်ရာနေရာတွင်အုံကာ အဝတ်စဖြင့် ခပ်ကျပ်ကျပ် စည်းနှောင်လိုက်သည်။

ဂူချင်းဖိန်ကတော့ သေ[illegible]ကြီးနှင့် အဆက်အသွယ်ပြတ်နေ၏၊ ဂူချင်းဖိန်ကို အဝတ်စနှင့် ဆေးထည့်နေချိန်မှာ သစ်ပင်ပေါ်မှ အသံများ ကြားလိုက်ရသည်။

'ကတွက်....ကတွက်'

မေချူးသည် ပြုံးလိုက်၏၊ ပြီးနောက် နှယ်ကြိုးဖြင့် ထောင်ချောက်ထောင်ထားသော သစ်ပင်များပေါ်သို့ မော့ကြည့်လိုက်သောအခါတွင် တောကြက်ကြီးနှစ်ကောင် မိနေသည်ကို တွေ့ရသည်။

'အင်း....ဒါကတော့ အစ်ကိုနဲ့ငါ့အတွက် ညစာ မနက်စာ ရတာပေါ့'

မှောင်ရီသန်းသည်နှင့် မေချူးက မီးစကိုခတ်ကာ ရှာဖွေစုဆောင်းထားသော ထင်းများကို မီးမွှေးလိုက်သည်၊ တဖြတ်



ဖြတ်မြည်ကာ ထင်းများကို မီးလောင်လာသဖြင့် အေးစိမ့်နေသော တဲကလေးမှာ နွေးထွေးလာသည်။

'အင်း....ဒီအချိန်မှာ အစ်ကိုသာ ဓားဒဏ်ရာမရခဲ့ရင် သိပ်ပျော်စရာကောင်းမှာပဲ'

မေချူးသည် ကြက်များကို အမွေးနှုတ်၍ မီးကင်နေရင်းမှ တစ်ကိုယ်တည်း ကွေးတောနေလေ၏၊ နှင်းစက်များက တဲအမိုးပေါ်သို့ တဖျောက်ဖျောက်ကျနေသည်၊ မေချူးသည် အင်ဖက်များကို ကတော့ပုံလုပ်ကာ ဖင်မှချိုး၍ပိတ်ပြီး တဲတံစက်မြိတ်အောက်တွင် ထောင်ထားလိုက်သည်။

တဲအမိုးပေါ်မှ နှင်းစက်များက အင်ဖက်ကန်တော့ထဲသို့ တဖောက်ဖောက်မြည်သံဖြင့် ကျဆင်းနေသည်၊ အေးစိမ့်နေသော တောင်ကျောပေါ်တွင် သောက်ရေရရှိစေရန် နှင်းစက်များကို ခံ၍သောက်သောက်သော အလေ့အကျင့်များကို မေချူးသည် သူမအဖေနှင့် ခရီးထွက်ခွာစဉ်ကတည်းက ထိုပညာ ရရှိခဲ့သည်။

နှင်းစက်များမှာ မိုးရွာသကဲ့သို့ တံစက်မြိတ်မှ အဆက်မပြတ်ကျနေ၍ အင်ဖက်ကန်တော့လေးများ လေးငါးခုမှာ ပြည့်လျှံသွားလေသည်။

မေချူးသည် အင်ဖက်ကန်တော့နှစ်ခုကိုယူကာ တဲထဲတွင် လှဲမကျအောင် ထောင်ထားလိုက်၏၊ ဂူချင်းဖိန်၏ကိုယ်ကိုရွှေ့ကာ အင်ဖက်ကန်တော့ထဲမှနေ၍ ရေကို တစ်စက်ချင်း ပါးစပ်ထဲသို့ ချပေးသည်။

'အား'

'အီး'

ဝူချင်းဖိန်မှာ ရေများ လေးငါးပေါက် ပါးစပ်ထဲသို့ ဝင်သွားပြီးနောက် တွန့်ကာညည်းလိုက်သည်။

'အင်ကို....အစ်ကို ဝူချင်းဖိန် သတိရပြီလားဟင်'

'အင်း'

ဝူချင်းဖိန်က မျက်လုံးဖွင့်ကြည့်သည်၊ မီးဖိုမှ အလင်းရောင်ဖြင့် တဲခေါင်မိုးကို မြင်လိုက်ရလေတည်။

'အစ်ကို ဝူချင်းဖိန် မသေနိုင်တော့ပါဘူး၊ သွေးတိတ်ရွက်ရလို့ ညီမ ဒဏ်ရာကို အုံပေးထားပြီ'

'အစ်ကို'

'အား'

'လှုပ်လို့မရဘူး'

'မလှုပ်နဲ့ဦး အစ်ကို၊ ဒဏ်ရာကပြင်းတော့ အစ်ကို ဖိုနာနေမှာပေါ့၊ ခါးချက်က သိပ်မနက်ပါဘူး၊'

'အောက်ဆုံးနံရိုးနားမှာဆိုတော့ အသည်းတွေ အဆုတ်တွေနဲ့ လွတ်ပါတယ်'

'ဟင်....ဟုတ်ရဲ့လား ညီမ'

'ဟုတ်ပါတယ် အစ်ကို၊ ညီမ ဆေးအတတ်ကို နည်းနည်းပါးပါး လေ့လာဖူးပါတယ်၊ စိတ်ကိုသာ တင်းထားပါ'

ဝူချင်းဖိန်မှာ လှုပ်လိုက်တိုင်း ဒဏ်ရာက နာနေ၍ ငြိမ်သက်စွာ၍ မေချူးကိုသာ ကြည့်နေသည်။

'ဟိုမြားသမား အစ်ကိုတို့နောက်ကို လိုက်လာလိမ့်မယ်ထင်တယ်'



'မပူပါနဲ့ အစ်ကိုရယ်၊ ဒါတောင်ပိုင်းပြည်နယ်ထဲကို ရောက်နေပါပြီ၊ ပြီးတော့ ညီမတို့က ဖြတ်လမ်းကနေ လာတာ၊ တောင်ကြောအတိုင်းသာလာမယ်ဆိုရင် မြားသမားဟာဒီခရီးကို နှစ်ရက်နဲ့တောင် မရောက်နိုင်ပါဘူး'

'ညီမ ဘယ်လိုလုပ် သိသလဲ'

'ညီမ ငယ်ငယ်ကတည်းက ဖေဖေလျှောက်ရင်းနဲ့ တောထဲလိုက်ရင်း ညီမ ဖေဖေက အရှယ်ကောင်းတုန်းက အမဲပစ် ဝါသနာပါတာပေါ့၊ တောထဲထွက်တိုင်း ညီမကို ခေါ်ခေါ်သွားတာပေါ့'

'သြော်....ဒါကြောင့် ညီမက ဒီခရီးလမ်းကို ကျွမ်းကျင်နေတာပေါ့၊ တော်ပါသေးရဲ့၊ ညီမပါလို့ အစ်ကို အသက်ရှင်ခွင့်ရတာပဲ'

'ကဲ....က အကြောင်းပဲပေါ့'

မီးခတ်ဖြင့် သစ်ရွက်များကိုကင်ကာ မေချူးက ဝူချင်းဖိန်၏ ဒဏ်ရာများကို ကပ်ပေးသည်။

'အား....ပူလိုက်တာ ညီမရယ်၊ ဘာလုပ်နေတာလဲ'

'အနာကျက်အောင် ဆေးရွက်အုံပေးတာ အစ်ကိုရဲ့၊ ဒါ ဖေဖေသင်ပေးထားတဲ့ ပညာပေါ့၊ တောထဲမှာ ထိခိုက်ရှနာဖြစ်ရင် ဘယ်လိုအရွက်မျိုးကိုခူးပြီး သုံးရတယ်၊ အဆိပ်မိရင် ဘယ်အပင်ကအမြစ်ကိုနုတ်ပြီး စားရတယ်ဆိုတာ ဖေဖေက ခြောက်နှစ်သမီးလောက်ကတည်းက မေချူးကို တောလည်ခေါ်လာပြီး သင်ပြခဲ့တယ်လေ'

'မေချူးရဲ့ဖေဖေကို အစ်ကိုက အသုံးမကျတဲ့ လူကြီးတစ်

ယောက်လို့ ထင်နေခဲ့တာ၊ အခုတော့ သမားတော်ကြီး တစ်ယောက် ဖြစ်နေတာကိုး'

'ဒါမယ်အထင်သေးလိုက်တာ၊ ဖေဖေဟာ သူဌေးကြီး လိုကျန်းဖုန်းကိုတောင် ဆေးကုသပေးဖူးဘယ်ရှင့်၊ လိုကျန်းဖုန်း တစ်ကိုယ်လုံးကို ယားနာတွေပေါက်တုန်းက သူ့အိမ်လိုက်သွားပြီး ဖေဖေက ဆေးလိမ်းပေးလို့ ပျောက်သွားခဲ့တာပဲလေ'

ဂူချင်းဖိန်သည် မေချူး၏စကားကို နားထောင်ရင်း စဉ်းစားနေမိ၏၊ သူဌေးကြီး လိုကျန်းဖုန်းသည် သူ့အား ဆေးကုသပေးသော ဆင်းရဲသား လျူကျီမှင်းကို အဘယ်ကြောင့် ဆေးဖိုးဝါးခပေး၍ မစောင့်ရှောက်ပါသနည်း။

'ဒါဆို မေချူးရဲ့အဖေက သမားအတတ်ကိုလဲ တတ်တဲ့လူပဲ၊ လိုကျန်းပုန်းက ဆေးဘိုးဝါးခ မပေးဘူးလား'

'အင်း....ဖေဖေက မာနကြီးတယ်၊ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ဆေးကုပေးပြီးကတည်းက မသွားတော့ဘူး'

'ဘာဖြစ်လို့လဲ'

'လိုကျန်းဖုန်းဟာ လမ်းမှာ ဖေဖေနဲ့မျက်နှာချင်းဆိုင်တွေ့တာတောင် နှုတ်ဆက်ဖော်မရလို့ဆိုပြီးနောက် လိုကျန်းဖုန်းကိုဆက်ကို မဆက်သွယ်တော့ဘူး'

'လိုကျန်းဖုန်းက ရိုင်းတယ် မေချူးရယ်၊ ပြီးတော့ ကြမ်းတမ်းတယ်၊ စိတ်ဆိုးလွယ်တယ်၊ ကိုယ်လဲ သူ့ကို သဘောမကျပါဘူး'



မေချူးက ဆေးရွက် တစ်မျိုးပြီးတစ်မျိုး အုံပေးနေသောကြောင့် ဒဏ်ရာသက်သာလာသော ဂူချင်းဖိန်မှာ စကားကိုပို၍ ပြောလာနိုင်သည်။

'အစ်ကို့ ဒဏ်ရာက တော်တော်နာသေးလားဟင်'

'အင်း... သိသိသာသာကို မနာတော့ပါဘူး၊ အစ်ကို ထိုင်ချင်တယ်'

'ထိုင်တော့ မထိုင်နဲ့ဦးအစ်ကို့ သွေးပြန်ထွက်လာမှာ စိုးရိမ်ရတယ်၊ အစ်ကိုစောစောက ပြောတာဖြင့် ညီမအံ့သြတယ်'

'ဘာကိုလဲ'

'သူဌေးကြီး လိုကျန်းဖုန်းဟာ ကြမ်းတမ်းတယ်၊ ရက်စက်တယ်၊ ပြီးတော့ တစ်ကိုယ်ကောင်းဆန်တယ် ဟုတ်လားဟင်'

'ဟုတ်တယ်လေ၊ အစ်ကို့ကိုလုပ်ကြံတာ ညီမလဲသိသားနဲ့'

'ဖေ ဖေပြောတော့ လိုကျန်းဖုန်းဟာနူးညံ့ကယ်၊ ယဉ်ကျေးတယ်၊ စေတနာကောင်းတယ်၊ မာနလေးနဲနဲကြီးတာကလွဲရင် သဘောကျစရာကောင်းတဲ့ လူတစ်ယောက်ပါတဲ့'

'ဒါ လွန်ခဲ့တဲ့ဆယ်နှစ် မေချူးရဲ့အဖေနဲ့ တွေ့တဲ့အချိန်က ဟုတ်ချင်ဟုတ်မှာပေါ့'

'ကြုံကြုံဖန်ဖန်အစ်ကိုရယ်၊ အသက်ကြီးလာတဲ့ လူတွေဟာ အသိဉာဏ် ပိုကြီးရင့်လာတယ် မဟုတ်လား'

မိုးဆမ်းပန်းစာပေ

'ဒါပုံသေနည်းမဟုတ်ဘူး မေချူးရဲ၊ တချို့ကတော့ ကြီးလေ ပိုပြီးရိုင်းလေ မိုက်လေဖြစ်တဲ့လူမျိုးလဲ့ ရှိတာပေါ့'

'အဲဒါဟုတ်မလားမသိဘူး'

'ကဲ....အစ်ကိုနားပါတော့ စကားသိပ်ပြောရင် မောနေပါ့မယ်'

## အခန်း (၄၂)

'အပြင်ဘက်မှာ ဆူဆူညံညံ အသံတွေနဲ့ အလံတွေ တံခွန်တွေ မြင်နေရတယ် ကျန်ကျောင်း ဘာလုပ်နေသလဲလို့ သွားကြည့်စမ်း'

သုခမိန်ကြီးက အခန်းထဲတွင်ထိုင်နေရာမှ ကျန်ကျောင်းကို လှမ်းအော်ပြောလိုက်သည်၊ ကျန်ကျောင်းသည် လမ်းမပေါ်သို့ ထွက်ကြည့်ပြီးနောက် တခဏအတွင်း ပြန်ရောက် လာသည်။

'ဘာတွေဖြစ်နေတာလဲ ကျန်ကျောင်း'

'အိမ်ရှေ့မင်းသားက မာကျောက်ယိကို သူ့တပ်က တပ်မှူးကြီးခန့်လိုက်ပြီ၊ တပ်မှူးကြီးမာကျောက်ယိက မြို့ကိုလှည့်ပတ်ကြည့်ရှုနေတာပါ သုခမိန်ကြီး'

'ဘာ'

'ဟုတ်ပါတယ် သုခမိန်ကြီး မိုးမျှော်စံအိမ်က မာကျောက်ယိဟာ တပ်မှူးကြီးဖြစ်သွားပါပြီ'

သုခမိန်ကြီးသည် ခေါင်းကိုအသွင်သွင်ခါယမ်းလိုက်သည်။

'အင်း အမှုကတော့ပိုဆိုးလာပြီကျန်ကျောင်း မာကျောက်ယိဟာ လူသတ်မှုကျူးလွန်အောင် စေခိုင်းတဲ့ တရားခံဖြစ်ကြောင်း ချူးကုပြောတာ မင်းကြားတယ်မဟုတ်လား၊ အခုသူက အိမ်ရှေ့မင်းသားရဲ့ တပ်မှူးဆိုတော့သူ့ကို သက်သေနဲ့တရားစွဲနိုင်ဖို့ အရေးကြီးလာပြီ'

'ချူးကုဟာ သက်သေထင်ရှားတယ်မဟုတ်လား သုခမိန်ကြီး'

နောက်တွင်ရပ်နေသော ကုန်းစွန်းက ဝင်ပြောလိုက်ခြင်းဖြစ်သည်။



'ချူးကုက သူ့ကိုရန်ငြိုးရှိလို့ မုန်းလို့ပါလို့ သူက ငြင်းဆိုရင်ဘာလုပ်မလဲ၊ ပြီးတော့မာကျောက်ယိဟာ သိတ်ရဲရင့်ပြီး ပိရိတဲ့လူတစ်ယောက်ဆိုတာ ငါရိပ်မိပါတယ်ကွာ'

'နောက်တပ် သက်သေရှာရဦးမှာပေါ့'

ကုန်းစွန်းက သုခမိန်ကြီးကိုကြည့်ကာ ပြောလိုက်၏။

'ကျန်ကျောင်း'

'အမိန့်ရှိပါ သုခမိန်ကြီး'

'မင်းတာဟူးမြို့ထဲမှာ ကျောင်းဖုန့် ဝူချင်းဖိန့်ကို နေရာအနှံ့ရှာတာ မတွေ့ဘူးဆို'

'ဟုတ်ပါတယ် သုခမိန်ကြီး'

'ဒါဆိုရင် မင်းတောင်ပိုင်းပြည်နယ်ကို ခရီးထွက်ရလိမ့်မယ် တာဟူးမြို့က လူတွေဟာ ရာဇဝတ်မှုတွေပဲဖြစ်ဖြစ်၊ ကုန်သွယ်ဖို့သွားတာပဲဖြစ်ဖြစ် ခရီးလမ်းသင့်တဲ့ တောင်ပိုင်း ပြည်နယ်ကိုသွားလေ့ရှိကြတယ်၊ ဒီတော့မင်းရဲ့လက်တွေကိုခေါ်ပြီး မနက်ဖြန် တာဟူးမြို့ တောင်ပိုင်း နယ်တစ်ပိုက်မှာ ရှာဖွေပေတော့ အရေးကြီးတယ်နော် အချိန်လဲ သိပ်မကြာစေနဲ့'

'စိတ်ချပါ သုခမိန်ကြီး'

သုခမိန်ကြီးက ကျန်ကျောင်းထွက်သွားသည်နှင့် ကုန်းစွန်းဘက်သို့ မျက်နှာလှည့်လိုက်သည်။

'ဒီအမှုကိုတော့ ငါဖော်မှ ဖော်ထုတ်နိုင်ပါ့မလား မသိဘူး ကုန်းစွန်းရေ'

'သိတ်စိတ်မပူပါနဲ့ သုခမိန်ကြီးရေ၊ သုခမိန်ကြီးမှာနတ်မျက်စိရှိတယ်မဟုတ်လား၊ လူတွေပြောနေကြပါတယ်ဗျာ'

'အေး ဒါသူတို့က ငါ့ကိုအထင်ကြီးတာပါ၊ ငါကတော့ ဉာဏ်ပညာတောင်သိတ်မရှိဘူးလို့ ကိုယ့်ကိုယ်ကို ထင်မိတာပဲ'

သုခမိန်ကြီးမှာ လက်ကိုနောက်ဘက်သို့ဆုပ်ပြီးအခန်းထဲမှာ လမ်းလျှောက်နေသည်။

'ခလေးမလေးကို မေးတုန်းက သူ့အဖေ လိုကျန်းဖုန်းကို မုန်းတ ၊ ဖေဖေဟာ ရက်စက်တယ်လို့ပြောတယ်၊ ဒီစကားကို ဘာဖြစ်လို့ ပြောရတာလဲ'

သုခမိန်ကြီး တစ်ကိုယ်တည်းစဉ်းစားနေသည်။

'အင်း....ဖုဖုတို့အိမ်ကို ဘယ်ကလူတွေ လာတတ်သလဲလို့ မေးတော့ ဘာဘကြီးလို ခင်စရာကောင်းတဲ့လူမျိုးတစ်ယောက်မှ မလာဘူး၊ မိုးမျှော်စံအိမ်က ကြောက်စရာမျက်နှာနဲ့ လူကြီးတွေလာလေ့ရှိတယ်၊ ဒါဆို ဖုဖု အခန်းထဲမှာဝင်ပြီး ပုန်းနေရတယ်လို့ပြောတယ်၊ ဒီတော့....မိုးမျှော်စံအိမ်နဲ့ သူဌေးကြီးလိုကျန်းဖုန်းဟာ အဆက်အသွယ်ရှိကိုရှိရမယ်'

'ဘာတွေများ စဉ်းစားနေလဲ သုခမိန်ကြီးရယ်'

'လိုကျန်းဖုန်းသမီးဖုဖုနဲ့ စကားပြောတုန်းက စကားတွေကို တွေးနေတာပါ၊ ဒီကလေးမလေးဟာ သက်သေကောင်းတစ်ယောက်ဖြစ်နိုင်တယ်'



ကုန်စွန်းက သဘောပေါက်နားမလည်၍ သုခမိန်ကြီး ပြောစကားကိုငြိမ်၍နားထောင်နေ၏၊ ထိုအချိန်မှာပင် လောဟူတောင်ကြား၌ လူသေအလောင်းနှစ်လောင်း တွေ့ကြောင်း သတင်းလာပို့သည့်လူများ သုခမိန်ကြီးထံသို့ ရောက်ရှိလာလေသည်။

## အခန်း (၄၃)

အပြန်ခရီးတွင် ကျောင်းဖုနှင့်ယွင်ဖေးချူးမှာ ချစ်သူများ ဖြစ်သွားကြလေ၏၊ တောလမ်းခရီးတစ်လျှောက်လုံး တစ်ဦးနှင့်တစ်ဦးကြင်နာယုယစွာနှင့် ပျော်မဆုံးမော်မဆုံး ဖြစ်နေကြသည်။

'အစ်ကို ကျောင်းဖု'

'ဘာလဲ ချစ်'



'ညီမရဲ့မွေးစားအဖေ ဆိုပေမယ့် ညီမအဖေကိုသတ်ပြီး ညီမတို့ပစ္စည်းတွေကိုယူသွားတဲ့ မာကျောက်ယီကို လက်စားချေပေးဖို့ အစ်ကို ကတိပေးထားတယ်နော်'

'ဘာလဲ....ဒီကတိကို ညီမက စိတ်မချလို့လား'

'မဟုတ်ပါဘူး၊ မာကျောက်ယီကသိပ်ပါးနပ်ပြီး ကောက်ကျစ်တာ အစ်ကို၊ သူ့ကို ထိပ်တိုက်ဝင်ပြီးတိုက်ရင်တော့ နိုင်ဖို့မလွယ်ဘူး'

'ဒီလိုတော့ ဘယ်လုပ်မလဲ ညီမရယ်၊ အစ်ကို့ရဲ့ပညာနဲ့ ရုပ်ပြောင်းပြီး မိုးမျှော်စံအိမ်ထဲရောက်အောင် သွားမှာပေါ့၊ ပြီးတော့မှ မာကျောက်ယီကို အနီးကပ်လုပ်ကြံမယ်လေ'

'ဒီအကြံကတော့ မဆိုးပါဘူး၊ ရှေ့ဆိုရင် လားဟူကောင် ကြားရောက်တော့မယ်၊ ကျွန်မတို့ရုပ်တွေမပြောင်းဘဲ ဒီအတိုင်း ဆက်ပြီးသွားရင် ဘာဟူးမြို့ရောက်တာနဲ့ ဒုက္ခရောက်လိမ့်မယ် ထင်တယ်'

ထိုအချိန်၌ ကျောင်းဖုသည် သူတို့ရုပ်တွေပြောင်းဖို့ သတိရသွားသည်။

'ဟာ ဟုတ်ပြီ၊ ဒီတစ်ခါတော့ နယ်လှည့်ပြီး သစ်သီးရောင်းတဲ့ ဈေးသည်လင်မယားပုံမျိုး ရုပ်ပြောင်းရမယ်၊ ပြီးတော့မှ ဘာဟူးမြို့ထဲမှာ ဈေးသည်ယောင်ဆောင်ပြီးနေမယ်၊ မကောင်းဘူးလား'

'အစ်ကိုက ညာဏ်ကောင်းပါတယ်'

ယွင်ဖေးချူးက ကျောင်းဖုအား ချီးကျူးစကား ဆိုလိုက်ကာ....

'အဲဒါဆို ဟိုရှေ့ကတဲထဲမှာဝင်ပြီး တို့ရုပ်တွေကို ဈေးသည်ဖြစ်အောင်လုပ်ဖို့ ခဏနားကြတာပေါ့'

'အစ်ကို့သဘောလေ'

တစ်ဦးနှင့်တစ်ဦးလက်တွဲ၍ လမ်းဘေးတဲရှိရာသို့ ဦးတည်သွားကြလေ၏။

'တဲထဲမှာ လူရှိနေမလား မသိဘူး'

'ဒါ ခရီးသည်တွေ တည်းခိုတဲ့တဲပဲ၊ ဒီမှာ အမြဲနေတဲ့လူတော့ မရှိပါဘူး'

ထိုအချိန်တွင် ငူချင်းဖိန်အား တဲတွင်း၌ ဆေးတိုက်နေသည့်မေချူးမှာ လူသံကြား၍ တဲပေါက်ဝအပြင်သို့ ထွက်၍ကြည့်လိုက်သည်။

'အို'

မေချူးက အံ့အားသင့်သွားသည်။



'ဟင်....မင်းကိုး'

ကျောင်းဖုကလည်း အံ့အားသင့်ကာ ရေရွတ်လိုက်သည်။
'ဩော်....ရှင်ကိုး'

ယွင်ဖေးချူးမှာသည်း ကျောက်စိမ်း လက်ကောက်ကို မေချူးထံတွင် ရောင်းချခဲ့ဘူးသူဖြစ်၍ မေချူးကိုမှတ်မိနေ၏။
မေချူးမှာ ဒုက္ခရောက်နေသူဖြစ်သောကြောင့် မျက်နှာကို ပြုံးလိုက်သည်။
'ရှင်တို့ တောင်ပိုင်းပြည်နယ်က ပြန်လာကြတာ ထင်တယ်လာ ဝင်နားလေ၊ ဒီတဲက ဘယ်သူနားနားရပါတယ်'

'မင်း ဒီမှာဘာလာလုပ်နေတာလဲ'

ကျောင်းဖုက ချစ်သူဟောင်းဖြစ်ခဲ့ဖူးသော မေချူးကို မုန်းတီးနာကျင်စိတ်မထားတော့ဘဲ ချိုသာစွာမေးလိုက်သည်၊
'တဲထဲကို ရှင်ဝင်ကြည့်ရင် ရှင်အံ့အားသင့်သွားမှာပေါ့'
'တဲထဲမှာ ဘာရှိလို့လဲ'

ယွင်မေချူးထ မိန်းကလေးပီပီ႕အော်င့်နိုင်တော့ပဲ တဲထဲကိုခေါင်းဝင်ကာ ချောင်းကြည့်လိုက်သည်။

'အစ်ကိုငူချင်းဖိန်ပါလား၊ ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေတာလဲ'

တစ်ချိန်က သူ့အသက်သခင် ဖြစ်ခဲ့ဘူးသော ဝူချင်းဖိန်ကို တွေ့၍ ယွင်ဖေချူးက တဲထဲကိုငုံ့ဝင်လိုက်သည်၊ ယွင်ဖေချူး နောက်မှ ကျောင်းဖုကလိုက်ဝင်လာသည်။

'ညီမယွင်မေချူး မင်းက သူ့ကိုသိနေတယ်ဟုတ်လား'

ယွင်ဖေချူးက ခေါင်းညိတ်လိုက်သည်။

'ဒါ ညီမရဲ့အသက်ကိုကယ်ခဲ့ဖူးတဲ့ ကျေးဇူးရှင်ပဲ အစ်ကို၊ ဒီအစ်ကိုကို ဝူချင်းဖိန်သာဝင်မကယ်ခဲ့ရင် မိုးမျှော်စံအိမ်ကလူ တွေသတ်လို့ ဦးလေးအားရှောင်လို့ ညီမလဲသေမှာပဲ'
'အော်'

ကျောင်းဖုမှာ အံ့အားသင့်သွား၏၊ သို့သော် သူ့လက်မှ ချစ်သူမေချူးကို လုယူသွားသော ဝူချင်းဖိန်ကိုတော့ သူအခဲ မကျေသေးပေ။

'ကျောင်းဖု ပြီးခဲ့တဲ့ကိစ္စတွေကို မေ့ပစ်လိုက်ပါတော့လို့ ငါတောင်းပန်ပါတယ်'

ဝူချင်းဖိန်သည် နံရံကိုမှီ၍ ထိုင်နေရာမှ တောင်းပန်လိုက်သည်၊ ကျောင်းဖုက ခေါင်းခါလိုက်သည်။



'မင်းရဲ့တောင်းပန်စကားတွေကို ခုချိန်မှာ ငါလက်မခံနိုင်ဘူး၊ တစ်ချိန်က မင်းနဲ့ငါနဲ့ အကြွေးရှိတယ်လို့ပဲ ငါမှတ်ထားတယ်'

'အဲဒီအကြွေးကို ခုမင်းပြန်လိုချင်လို့လားဟင် ကျောင်းဖု'

ဝူချင်းဖိန်က ခပ်အေးအေးပင် မေးလိုက်၏။

'အေး ခုပဲယူတော့မယ်ကွာ'

ကျောင်းဖုက သူ့ခါးတွင် ချိတ်ထားသော ဓားကိုဆွဲထုတ်ကာ ဝူချင်းဖိန်ကို ခုတ်ချလိုက်၏၊ ဝူချင်းဖိန်မှာ မှကျောင်းဖု ဓားချက်ကို ရှောင်တိမ်းခြင်းမပြုပေ။

သို့သော် ကျောင်းဖု၏ဓားချက်မှာလည်း ဝူချင်းဖိန်၏ကိုယ် ပေါ်သို့ ရောက်လာခြင်းမရှိပေ။

'အစ်ကိုကျောင်းဖု ကိုယ့်ကိုမခုခံတဲ့လူကို ဘာလို့ခုလိုလုပ်ရ တာလဲ၊ အစ်ကိုကျောင်းဖုကို ရက်စက်တတ်တဲ့သူလို့ ညှာန်မ မထင်ခဲ့ဘူး'

ခါးကိုင်သောလက်ပြန်ကို ယွင်ဖေချူးကနောက်က ဆွဲကိုင်ထားရင်းမှ ကျောင်းဖုကိုပြောလိုက်သည်။

'ဟုတ်ပါတယ်ရှင်၊ သူအခုဒဏ်ရာရထားပါတယ်၊ ဒဏ်ရာရထားတဲ့လူတစ်ယောက်ကို အနိုင်မကျင့်သင့်ပါဘူး'

'မေ့ချူးက ငိုသံပါလေးဖြင့် တောင်းပန်လိုက်သည်။

'ဘာလဲမေချူး နင့်ချစ်သူအသက်ဆုံးရှုံးမှာစိုးလို့ ငါ့ကို မျက်ရည်ခံတိုးနေတာလဲ၊ ဒီတုန်းက ငါဘယ်လောက် ခံစားခဲ့ရတယ်ဆိုတာ နင်ဘယ်စာနာသတ်မလဲ'

'ဒါတွေဟာ ပြီးသွားပါပြီ ကျောင်းဖု၊ ခုနင်လဲချစ်သူရှိနေပြီမဟုတ်လား၊ ပြီးတော့ အစ်ကိုဂူချင်းဖိုန်ဟာ နင့်ချစ်သူရဲ့ ကျေးဇူးရှင်ဆိုတာကို မေ့မပြစ်ပါနဲ့'

မေချူးက ယွင်မေချူးကို အကူအညီတောင်းသောမျက်နှာဖြင့်ကြည့်လိုက်သည်။

'နေပါစေ မတောင်းပန်ပါနဲ့ မေချူးရယ် သူဒေါသကြီးနေတာ အထင်လွဲနေတာကို ပြေပျောက်သွားအောင် ငါ့ကို သတ်ချင်လဲသတ်ပါစေ၊ သူမသတ်ရင်လဲ ဒီဒဏ်ရာနဲ့ ငါသေနိုင်တာပဲ'



ဂူချင်းဖိုန်၏ စကားကြောင့် ကျောက်ဖုမှ ခါးကိုင်လက်ကို ပြန်ချလိုက်သည်။

'အစ်ကို ဂူချင်းဖိုန်ကို ဘယ်သူကများ- နိုင်အောင်တိုက်နိုင်တာလဲ'

'မိုးမျှော်စံအိမ်ကလူတွေနဲ့ဖြစ်ခဲ့တဲ့ တိုက်ပွဲပဲပေါ့ ယွင်မေချူးရယ်'

ဂူချူးဖိုန်သည် သူမေချူးကိုကယ်တင်ရင်း ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်ကို ယွင်ဖေချူးနှင့် ကျောင်းဖုတို့အား ပြောပြလိုက်လေသည်။

ဂူချင်းဖိုန်၏စကားကြောင့် ကျောင်းဖုံမှာလည်း ဒေါသစိတ်များပြေအားသည်။

'ဒါဆိုရင် တို့ရဲ့ရန်သူက တစ်ဦးတည်းဖြစ်နေတာပဲ ဂူချင်းဖိုန် ရောက်ရောက်ချင်းက ငါမသိလို့ စော်ကားရိုင်းပြမိတာ ခွင့်လွှတ်ပါ၊ ငါလဲအရင်လိုရိုင်းစိုင်းတဲ့ အကျင့်တွေကို ပျောက်အောင် ကိုယ့်ကိုကိုယ်ပြုပြင်နေတဲ့လူပါ'

ကျောင်းဖုက ဂူချင်းဖိုန်ရှေ့တွင် ထိုင်ရင်း တောင်းပန်စကားဆိုလိုက်သည်။

'ကိစ္စမရှိပါဘူး၊ ငါက်အရင်ကတည်းက မင်းတို့အပေါ်မှာ ရန်ငြိုးမရှိပါဘူး ကျောင်းဖူး၊ ပြီးတော့တို့ဟာ တစ်ယောက်နဲ့ တစ်ယောက် ကျေးဇူးမကင်းတဲ့ လူတွေဖြစ်နေကြပြီပဲ'

တစ်ခဏအတွင်း လူလေးဦးမှာ အဆင်ပြေသွားသည်၊ မေချူးက သူ့ထောင်ချောက်မိသော ယုန်သားဘင်ကို ခရီးပန်းလာသော ကျောက်ဖုနှင့် ယွင်မေချူးတို့အား ချကျွေးလိုက်သည်။

'အခုလိုတို့လေးယောက်ပေါင်းတော့ ပိုပြီးအင်အားရှိတာပေါ့၊ ပြီးတော့ မာကျောက်ယီကို တို့စုပေါင်းပြီး သုတ်သင်ရှင်းလင်းလိုက်ကြတာပေါ့'

'မာကျောက်ယီကို မင်တို့သုတ်သင်ရှင်းလင်းလို့ မရတော့ဘူးကွ၊ အခုမာကျောက်ယီက အိမ်ရှေ့မင်းသားနဲ့တပ်မှူးဖြစ်သွားပြီ၊ သူ့မှာရဲမက်တွေ များကြီးရှိတယ်'

'ဟင်'

တဲအပြင်မှအသံကြောင့် လူလေးယောက်သုံးထရပ်လိုက်ကြသည်၊ တဲတွင်းသို့ဝင်လာသူမှာ ခိုင်ဖုန်းတရားသူကြီး၏ အားကိုးရသော ထောက်လှမ်းရေးမှူးဖြစ်သည့် ကျန်းကုဝေခေါ် ကျန်ကျောင်းဖြစ်သည်။

'ဆရာကျန်ကျောင်းတစ်ယောက်ထဲလား'

ဂူချင်းဖိန်က နှုတ်ဆက်လိုက်သည်။

'မဟုတ်ပါဘူး၊ ကျုပ်နဲ့အတူ ရဲမက်တွေလဲပါတယ်'



သူတို့အပြင်ကို ထွက်ကြည့်လိုက်သောအခါတွင် တဲကိုဝိုင်းထားသော နက်ပြာရောင်ဝတ်စုံနှင့် ရဲမက်များကိုတွေ့လိုက်ရသည်။

'ခင်ဗျားတို့အားလုံးကို သုခမိန်ကြီးက တွေ့ချင်နေပါတယ်'

## အခန်း (၄၄)

သုခမိန်ကြီးသည် သူ့ရှေ့တွင်ရပ်နေသော လူလေးဦးကို ကြည့်လိုက်သည်၊ မေချူး ဝူချင်းဖိန်၊ ကျောင်းဖုံ၊ ယွင်ဖေချူး တို့ဖြစ်သည်၊ သုခမိန်ကြီးက အစွန်ဆုံးမှ မိန်းကလေးကို လက်ညှိုးထိုးလိုက်သည်။

'မင်းနာမည် ဘယ်သူလဲ'

'မေချူးပါ'

'မင်းကရော နာမည်ဘယ်လိုခေါ်လဲ'

'ကျွန်မက ယွင်ဖေချူးပါ'



'မင်းကိုတော့ငါသိတယ်၊ ဝူချင်းဖိန် ဒီဘက် အစွန်ကရပ်နေတာ ကျောင်းဖုလား'

'ဟုတ်ပါတယ် သုခမိန့်ကြီး'

သုခမိန်ကြီးက ခေါင်းညိတ်လိုက်သည်။

'ကျောင်းဖု၊ ကျောင်းဖု၊ မင်းကို ငါ သိတ်တွေ့ချင်နေတာကြာပြီ၊ ကဲ ကျောင်းဖုခဏနေခဲ့ သူတို့သုံးယောက်တော့အနားယူပါစေဦး၊ ဝူချင်းဖိန်ကိုဆေးကုပေးဖို့လဲ ကုန်းစွန်းကိုပြောလိုက်ပါ'

ကျန်ကျောင်းက ဦးညွတ်ကာ ပြန်ထွက်သွားတော့သည်။ သုခမိန်ကြီးက သူ့ရှေ့တွင်ရပ်နေသော ကျောင်းဖုကို စူးစူးစိုက်စိုက်ကြည့်လိုက်သည်။

'ကျွန်တော်ကျောင်းဖု သုခမိန်ကြီးကို ဂါရဝပြုပါတယ်'

သုခမိန်ကြီးက ထိုင်ခုံတွင်ထိုင်ရန် လက်ပြလိုက်လေသည်၊ စားပွဲဝိုင်းရှိ ထိုင်ခုံပုလေးတွင် ကျောင်းဖုဝင်ရောက်၍ထိုင်လိုက်သည်။

'မင်းဘာလို့ တာဟူးမြို့ကနေ တောင်ပိုင်းပြည်နယ်ကိုထွက်ပြေးနေရတာလဲကျောင်းဖု'

'ကျွန်တော် အသတ်ခံရမှာစိုးလို့ပါ'

'မင်းကို ဘာဖြစ်လို့သတ်ရမှာလဲ၊ ဘယ်သူက သတ်မှာလဲ ပြောစမ်း'

'ကျွန်တော်ဟာ ထင်ရှားတဲ့ လူတစ်ယောက်ရဲ့ မျက်နှာအ ေကို လုပ်ပေးခဲ့ရပါတယ် အဲဒီကိစ္စအတွက်ပဲ ခြေရာပျောက်အောင်လို့ ကျွန်တော့်ကို လုပ်ကြံသတ်ဖြတ်တာပါ၊ နောက်ဆုံးငွေချေတဲ့နေ့မှာ ကျွန်တော် မသက်ာလို့ ကျွန်တော့်တပည့်နှစ်ဦးကို ကျွန်တော့်ရုပ်နဲ့ ထင်းဖိရုပ်နဲ့တူအောင် ပြုပြင်ပြီး လွှတ်လိုက်ပါတယ်၊ သူတို့နှစ်ယောက်စလုံး အသတ်ခံလိုက်ရတယ်'

သုခမိန်ကြီးက ခေါင်းငြိမ့်လိုက်လေသည်။

'အင်း သနားစရာပဲ ကိုယ့်ဆီမှာ ပညာသင်တဲ့ တပည့်ကို ကိုယ့်ကိုစား သေအောင် လွှတ်လိုက်သလို ဖြစ်တာပေါ့'

'ဟုတ်ပါတယ် ကျွန်တော်လဲ စိတ်မကောင်းပါဘူး၊ လူဆိုတာ ကိုယ့်အသက်ဟာ အရာအားလုံးကို စွန့်လွှတ်ရမှာဘဲ မဟုတ်လား သုခမိန်ကြီး'



သုခမိန်ကြီးက ခေါင်းခါလိုက်သည်၊ ထို့နောက် မတ်တတ်ရပ်ကာ လက်နှစ်ဖက်ကို နောက်ဖက်တွင်ထပ်ကာ လမ်းလျှောက်ရင်း....

'ကျောင်းဖုံကိုယ်ခန္ဓာကို ပြင်ပမှာရှိတဲ့ ပစ္စည်းနဲ့ ကိုယ့်ခန္ဓာ ခြေလက်အင်္ဂါ စွန့်လွှတ်ဖို့ကြုံလာရင် ခန္ဓာကိုပြင်ပပစ္စည်းကို စွန့်ရတယ်၊ ခြေလက်အင်္ဂါကိုမစွန့်ရဘူး၊ ဒီလိုပဲ ကိုယ်လက်အင်္ဂါနဲ့ အသက်နဲ့ စွန့်ဖို့ကြုံလာရင် ကိုယ်လက်အင်္ဂါကို စွန့်ရတယ် အသက်ကို မစွန့်ရဘူး'

ကျောင်းဖုက ငြိမ်သက်စွာ ခေါင်းငုံ့နားထောင်နေသည်။

'ကျောင်းဖု နောက်ဆုံးအသက်ကို ဘယ်အချိန်မှာ စွန့်သင့်လဲသိလား'

'အမိန့်ရှိပါ သုခမိန်ကြီး'

'အကျင့်ကောင်း အကျင့်မြတ်ဆိုတဲ့ အမှန်တရားနဲ့အသက်နဲ့ တစ်ခုခုစွန့်ဖို့ကြုံလာရင် အသက်ကိုသာ စွန့်ရတယ်၊ အကျင့်ကောင်း အကျင့်မြတ် အမှန်တရားကို မစွန့်ရဘူး၊ အသက်ကို စွန့်တာဟာ တစ်ဘဝပဲသေတယ်၊ အကျင့်ကောင်းအကျင့်မြတ်ကိုစွန့်တာဟာ ဘဝပေါင်းမရေမတွက်နိုင်အောင် တမလွန်မှာ သေရတယ်၊ ဒီတော့မင်းအမှန်တရားကိုဘွက်ဆိုပါ၊ ငါမေးတဲ့

မေးခွန်းတွေကို အကျင့်ကောင်းအကျင့်မြတ်ဆိုတဲ့အမှန်စကားနဲ့ဖြေပါ'

'ဟုတ်ကဲ့ ကျွန်တော်ဖြေပါ့မယ်'

'မင်း ဘယ်သူ့ရဲ့ မျက်နှာကို အတု လုပ်ပေး ခဲ့ရတာလဲ ကျောင်းဖို့'

'သူဌေးကြီး လိုကျန်ဖုန်းရဲ့ မျက်နှာကိုပါ'

'ဟင်'

ကျောင်းဖုစကားကြောင့် သုခမိန်ကြီး မျက်လုံးများ မြင့်တက်သွားသည်။

'ငါထင်တဲ့အတိုင်းပါပဲလား'

'မင်းကိုမျက်နှာဖုံးအတုလုပ်ဖို့ ဘယ်သူလာပြီး အပ်သလဲ'

'ကျွန်တော့်ဆီကို သူဌေးကြီး လိုကျန်ဖုန်းရဲ့ကိုယ်ရံတော်အောညက်ကလာပြီးအပ်ပါတယ်'

'အောညက်က မင်းကို ဘယ်လိုပြောခဲ့သလဲ'



'သူဌေးကြီး လိုကျန်ဖုန်းရဲ့ မျက်နှာကို တစ်ဦးဦးက စွပ်လိုက်ရင် တစ်ထေရာတည်း ဖြစ်အောင်လုပ်ပေးရမယ်၊ အဲ့ဒီလိုလုပ်ပေးရင် ရွှေဒင်္ဂါးတစ်ရာပေးမယ်လို့ ပြောပါတယ်၊ ကျွန်တော်က အာမခံတော့ သူဌေးကြီး လိုကျန်ဖုန်းဆီကို ခေါ်သွားပါတယ်'

'ဒီအချိန်မှာ သူဌေးကြီးလိုကျန်ဖုန်းက ဘာလုပ်နေသလဲ'

'သတိမေ့နေတယ်'

'မင်း မျက်နှာအတုလုပ်တော့ ဘယ်လိုလုပ်သလဲ'

'မေ့နေတဲ့ သူဌေးကြီးရဲ့မျက်နှာကို ဖယောင်းရည်လောင်းပြီး ပုံကြမ်းယူပါတယ်၊ ပြီးတော့မှ ကျွန်တော့်အိမ်ကို ယူသွားပြီး ဆံပင်တွေ ဆေးတွေနဲ့ ကျွန်တော်စီရင်ထားတဲ့ ရာဘာကို အရည်ဖျော်ပြီး လုပ်ခဲ့တာပါပဲ'

ကျောင်းဖု စကားဆုံးသည်နှင့် သူဌေးကြီးက ခေါင်းမော့ကာ စဉ်းစားနေသည်။

'မင်းတွေ့ခဲ့တာ သူဌေးကြီးလိုကျန်းဖုန်းအစစ်ပဲပေါ့'

'ဟုတ်ပါတယ်'

'နောက်တော့ သူတို့က ဘာလုပ်သလဲဆိုတာ မင်းစိတ် မဝင်စားဘူးလား'

'ကျွန်တော် မသိပါဘူးခင်ဗျာ'

ကျောင်းဖုက အမှန်အတိုင်းပင် ပြေလိုက်သည်။

'အမှန်တော့ မင်းဟာ လူသတ်မှုတစ်ခုကို အောင်မြင်အောင် အထောက်အပံ့ပေးခဲ့တာပဲ ကျောင်းဖု'

'ကျွန်တော် မသိလို့ပါ'

'အေး....မင်းဟာ ပူးပေါင်း ကြံစည်ပြီး သတ်တဲ့လူတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် မင်းတတ်တဲ့ပညာနဲ့ မင်းဟာ ရည်ရွယ်ချက်ကိုမသိဘဲလုပ်ပေးခဲ့တာဖြစ်လို့သာ ဒီအမှုမှာ ညာတာခွင့်ရှိတယ်'

'ကျွန်တော့်ရဲ့ မိုက်မဲမှုကို ညာတာပါသုခမိန်ကြီး'

'အေး....မင်းလဲ ရုံးတော်မှာ ဒီအတိုင်းထွက်ဆိုဖို့ ကတိပေးပါ ကျောင်းဖု'

'ကျွန်တော် ကတိပေးပါတယ် ခင်ဗျာ'

သုခမိန်ကြီးသည် အခန်းဝတွင် ရပ်စောင့်နေသော ကျွန်



ကျောင်းကိုခေါ်၍ ကျောင်းဖုအားထားရှိမည့်နေရာသို့ လိုက်ပို့ရန် ပြောလိုက်သည်။

ကျောင်းဖုမှာ ထိတ်လန့်သော မျက်နှာဖြင့် ကျန်ကျောင်းခေါ်ဆောင်ရာသို့ လိုက်ပါသွားရလေသည်။

## အခန်း (၄၅)

ကျန်ကျောင်းနှင့် တွေ့ဆုံပြီးနောက် သုခမိန်ကြီးက ဝူချင်းဖိန်နှင့် မေချူးတို့ကိုခေါ်ယူ တွေ့ဆုံလေသည်၊ ဝူချင်းဖိန်နှင့် မေချူးတို့သည် သုခမိန်ကြီးအား အရိုအသေပြု၍ သုခမိန်ကြီး ရှေ့၌ ဒူးထောက် ထိုင်နေကြသည်။

'ဝူချင်းဖိန်၊ မင်းတို့ ဒုစရိုက်မှုတွေ မကျူးလွန်မိစေဖို့ ငါ ခေါ်ပြီး သတိပေးခဲ့တယ်၊ အခု လောဟူတောင်ကြားမှာ လူနှစ်ယောက်ကို မင်းသတ်ခဲ့တယ်'



'သူတို့ကိုမသတ်ရင် သူတို့က ကျွန်တော့်ကိုခေါင်းဖြတ်စက်နဲ့ အသတ်ခံရအောင်ကြံစည်လို့ပါ'

'ဘယ်လို ကြံစည်တာလဲ ဝူချင်းဖိန်'

'ဒီလိုပါ သုခမိန်ကြီး'

လောဟူ တောင်ထိပ်သို့ ကျင်းယုံက ဖမ်းဆီးခေါ်ဆောင်သွားပုံ၊ ထို့နောက် သူ့အား ဝန်ခံကတိရေးခိုင်းပုံ၊ ဝန်ခံကတိရေးခိုင်းပြီးမှ သတ်ရန်ကြံစည်၍ ခုခံရပုံတို့ကို ဝူချင်းဖိန်ရော မေချူးကပါ သုခမိန်ကြီးကို ရှင်းလင်း ပြောပြကြ၏။

'ကျင်းယုံနဲ့ချူးသန်ဟာ မိုးမျှော်စံအိမ်က မာကျောက်ယိရဲ့ တပည့်တွေပဲ၊ ဒီအလောင်းတွေတော့ ရုံးတော်မှာ တင်ပြဖို့ အတွက် သိမ်းထားပြီးပြီ'

ကုန်းစွန်းဘက်သို လှည့်၍ သုခမိန်ကြီးက ပြောလိုက်လေသည်။

'မာကျောက်ယိက သူ့တပည့်တွေမဟုတ်ပါဘူးလို ငြင်းရင်ကော သုခမိန်ကြီး။

'သက်သေပြနိုင်ဖို့လိုတာပေါ့၊ မိုးမျှော်စံအိမ်ကလူလို့ ထုတ်ဖော်ပြောမယ့်လူကို မကြာခင် တရားရုံးမှာ ခေါ်စစ်ဆေးတော့မှာပါ ကုန်းစွန်း'

'ဘယ်သူများလဲ'

'လိုကျွန်းဖုန်းရဲ့သမီး ဖုဖုပဲပေါ့'

'ဒီကလေးမလေးက သိပါ့မလား'

'လိုကျွန်းဖုန်းဆီကို မိုးမျှော်စံအိမ်က ကြောက်စရာမျက်နှာနဲ့လူတွေ လာလည်တယ်လို့ ငါ့ကိုပြောဖူးတာပဲ၊ ဒီကောင်မလေးဟာ ဒီလူသေအလောင်းတွေရဲ့မျက်နှာကိုမြင်ရင် မှတ်မိမှာသေချာပါတယ်'

ကုန်စွန်းနှင့် သုခမိန်ကြီးတို့ စကားပြောနေစဉ် ဂူချင်းဖိန်နှင့် မေချူးတို့က ခေါင်းငုံ့ကာ ငြိမ်နေကြ၏။

'သူဌေးကြီးလိုကျွန်းဖုန်းကိုသတ်ပြီး လိုကျွန်းဖုန်းအတုပါလိုဖော်ထုတ်ဖို့အတွက် ဇစ်ကယ့်သူဌေးကြီး လိုကျွန်းဖုန်းကိုမြင်ဖူး မှတ်သားဖူးတဲ့ သက်သေရှိရင် သိပ်ကောင်းမှာပဲ'

သုခမိန်ကြီးက စိတ်ပျက်စွာ ညည်းညူလိုက်လေသည်၊ ဂူချင်းဖိန်က ခေါင်းမော့ကာ....

'ကျွန်တော် အကြံပေးခွင့် ရှိပါသလားခင်ဗျား'ဟု မေးလိုက်၏။

'အေး....အကြံပေးခွင့်ရှိပါတယ်ကွာ၊ ငါဟာ ဘယ်သူအကြံပေးပေး လက်ခံပါတယ်၊ ကဲ....ပြောပါဦး'

'သူဌေးကြီးလိုကျွန်းဖုန်းအစစ်ကို လွန်ခဲ့တဲ့ ၁၀-နှစ်က မြင်ဖူးသူတစ်ယောက်ရှိတယ်'



'ဘယ်သူများလဲ'

'ဟောဒီက မေချူးရဲ့အဖေ လျူကျီချင်းပါခင်ဗျာ၊ သူက သူဌေးကြီးလိုကျွန်းဖုန်းရဲ့ကိုယ်မှာ ယားနာပေါက်လို့ တစ်ကိုယ်လုံးချွတ်ပြီး ဆေးကုသပေးခဲ့ဖူးပါတယ်'

'ဟုတ်သလား မေချူး'

သုခမိန်ကြီးက မေချူးကိုမေးလိုက်လေသည်။

'ဟုတ်ပါတယ် သုခမိန်ကြီး၊ အဖေက တောမှာအမဲလိုက်ရင်း ဆေးပင်ဆေးမြစ်တွေ နှုတ်ပြီး စမ်းသပ်လေ့လာခဲ့လို့ ဆေးကုတတ်ပါတယ်၊ ဒါကြောင့် လိုကျွန်းဖုန်းကို ဆေးကုဖူးတယ်လို့ ဖေဖေက ပြောဖူးပါတယ်'

'ကောင်းပြီ၊ ကျန်းလုံ နဲ့ကျောက်ဟူ တို့'

သုခမိန်ကြီး အော်သံကြောင့် ကျန်းလုံနှင့် ကျောက်ဟူတို့ အခန်းထဲ ဝင်လာကြသည်။

'တာဟူးဈေးထဲက အချုပ်ဆိုင်မှာရှိတဲ့ လျူကျီချင်းကို သွားပြီးခေါ်ခဲ့'

'ဟုတ်ကဲ့'

သုခမိန်ကြီးသည် မေးစရာကိစ္စများ မေးမြန်းပြီးပြီဖြစ်၍ ဂူချင်းဖိန်နှင့် မေချူးတို့ကို ကျန်ကျောင်းအား ခေါ်ယူကာ သူတို့သွားသည့်နေရာသို့ လိုက်ပို့ခိုင်းလိုက်သည်။

'ကုန်းစွန်း လွန်ခဲ့တဲ့ ဆယ်နှစ်က ဘုရင့်ဘဏ္ဍာတော်တွေကို လုယက်ပြီး လူသတ်ခဲ့တဲ့ ကြယ်နီပွင့်ဓားပြဂိုဏ်းကြီးဟာ တာဟူးမြို့မှာ ပီတော့မယ် ထင်တယ်'

'ကြယ်နီပွင့်ခေါ်းပြဂိုဏ်းခေါင်းဆောင် ဒီအမှုထဲမှာ ပါလို့လား သုခမိန်ကြီး'

သုခမိန်ကြီးက မဖြေကြားဘဲ ငြိမ်သက်စွာ စဉ်းစားနေလေသည်။

၀

## အခန်း (၄၆)

သူဌေးကြီး လိုကျန်းဖုန်းမှာ စိတ်နှလုံး ချောက်ချား၍ အစားပျက် အအိပ်ပျက်ခဲ့သည်မှာ လေးငါးရက်ခန့်ရှိလေပြီ၊ သူသည် စံအိမ်ဝမှ လမ်းသို့ကြည့်ကာ မည်သည့်အခါတွင် ရဲမက်များ သူ့အိမ်ထဲသို့ ဝင်ရောက်လာလိမ့်မည်နည်းဟု ဂနာမငြိမ်ဖြစ်နေ၏။

'ဟော....ရဲမက်တွေ'

သူထိတ်လန့်နေသည့်အချိန်မှာပင် အနီရောင်ဝတ်စုံနှင့် နက်ပြာရောင် ဝတ်စုံဝတ်ထားသော ရဲမက်များ သူ့ စံအိမ်ဝင်းထဲသို့ ဝင်လာသည်ကို တွေ့လိုက်ရသည်။

'သင်္ကေတ စ္စမျှားရှိလို့ပါလဲ'

လိုကျန်းဖုန်းက ဤမြွေဆည်ကာ မေးလိုက်သည်၊ ရှေ့ဆုံးမှ ရောက်လာသော ကျန်ကျောင်းက....

'သုခမိန်ကြီးက သူဌေးကြီး လိုကျန်းဖုန်းကို ခိုင်ဖုံးတရားရုံးကို လာခဲ့ဖို့ဖိတ်ခေါ်လို့ပါ'

ဟု ပြောလိုက်၏။

'အခု ကျန်းမာရေးမကောင်းလို့ နောက်နေ့မှ လာလို့ မရဘူးလား'

တုန်လှုပ်သောအသံဖြင့် လိုကျန်းဖုန်းက မေးလိုက်၏။

'မရပါဘူးခင်ဗျာ၊ အခုလိုက်ခဲ့ရမယ်လို့ ခေါ်ပါတယ်'

လိုကျန်းဖုန်းမှာ မတတ်သာတော့ လက်နက်ကိုင် ရဲမက်များကို ကြည့်ကာ လို ပါလာခဲ့ရလေတော့သည်၊ ခိုင်ဖုံးတရားရုံးတွင် တရားစီရင်ရန်အတွက် အခမ်းအနားများ ခင်းကျင်းပြီးသားဖြစ်နေသည်။



ဘေးမှ နှစ်တန်း စီရန်ထားသော ရဲမက်များ၏ ထိပ်ဆုံး စားပွဲတွင် ခိုင်ဖုန်းတရားသူကြီး ပေါင်ချင်းကျန်းမှာ စားပွဲဖြင့် ထိုင်နေသည်ကို ထိတ်လန့်စွာ တွေ့လိုက်ရသည်။

သူဌေးကြီးလိုကျန်းဖုန်းသည် ယိုင်လဲကျမတတ် ခြေလှမ်းများဖြင့် ခိုင်ဖုံးတရားသူကြီးရှေ့သို့ ရောက်ရှိလာ၏။

'သူဌေးကြီး လိုကျန်းဖုန်း ရောက်ရှိလာပါပြီ သုခမိန်ကြီး'

တရားရုံးမှ တာဝန်ခံက လျှောက်တင်လိုက်သည်နှင့် သုခမိန်ကြီးသည် တုန်လှုပ်သောမျက်နှာဖြင့်ရပ်နေသော လိုကျန်းဖုန်းကို စူးစိုက်ကြည့်လိုက်လေသည်။

'အခု ရုံးတော်ကိုရောက်နေတာ ဘယ်သူလဲ'

'သူဌေးကြီးလိုကျန်း၊ သုခမိန်ကြီးကို ဂါရဝပြုပါတယ်'

သုခမိန်ကြီးက မျက်လုံးများကို ပြူးကြည့်လိုက်လေသည်။

'သူဌေးကြီးလိုကျန်းဖုန်းဟုတ်လား'

'ဟုတ်ပါတယ် သုခမိန်ကြီး'

‘မင်းဟာ သူဌေးကြီးလိုကျန်းဖုန်းမဖြစ်နိုင်ပါဘူး၊ မင်း လိုကျန်းဖုန်းကို သတ်ပြီး လိုကျန်းဖုန်းယောင်ဆောင်ထားတဲ့ လူယုတ်မာပဲ၊ မင်းအဖြစ်ကိုဝန်ခံစမ်းပါ’

‘ဒီမှာပေါင်ချိန်၊ မင်းနဲ့ငါက မိတ်ဆွေတွေပါ၊ မင်း တာဟူးမြို့ကိုရောက်လာလာခြင်း ငါကဧည့်မခံလို့ အခုလို တရားရုံးမှာခေါ်ပြီး အရှက်ခွဲတာလား’

‘ပါးစပ်ကို ပိတ်ထားစမ်း လိုကျန်းဖုန်း အတု၊ မင်းဟာ ငါ့မိတ်ဆွေ လိုကျန်းဖုန်းမဖြစ်နိုင်ဘူး’

‘ဘာ အထောက်အထားများရှိလို့လဲ၊ လူတစ်ဖက်သားကို တရားသူကြီးဆိုတဲ့ အာဏာနဲ့ ဒုက္ခရောက်အောင် မလုပ်သင့်ဘူး....’

‘ဝမ်ချောင်း....မောဟန်’

တရားသူကြီးက အော်ငေါက်လိုက်သည်နှင့် တရားရုံးအပေါက်ဝမှ တောင်ဝှေးတစ်ချောင်းကိုထောက်ရင်း ပိန်လှီသောလူတစ်ဦးဝင်လာသည်။



‘အခုရုံးတော်ကိုရောက်လာတာဘယ်သူလဲ’

‘ကျွန်တော် အရုပ်ရောင်းတဲ့ဆိုင်က လျူကျီရင်းပါ’

‘ကောင်းပြီ လျူကျီရင်း၊ မင်းရှေ့မှာရပ်နေတဲ့လူကို သိသလား’

‘သူဌေးကြီး လိုကျန်းဖုန်းပါ’

‘ဟုတ်ပြီ၊ သူဌေးကြီး လိုကျန်းဖုန်းနဲ့ တစ်ထေရာတည်း တူတယ် မဟုတ်လား’

‘ခွဲမရအောင်တူတယ်၊ ကျွန်တော် သူဌေးကြီးလိုကျန်းဖုန်း လို့ပဲထင်ပါတယ်’

‘မင်းနဲ့ သူဌေးကြီး လိုကျန်းဖုန်းပတ်သက်ခဲ့ဖူး သလား’

‘ပတ်သက်ခဲ့ဖူးပါတယ်၊ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က သူ့မှာ ယားနာတွေပေါက်လို့ တစ်ကိုယ်လုံးကို ဆေးကုသဘူးပါတယ်’

လျူကျီရင်း၏ စကားအဆုံး-တွင် လိုကျန်းဖုန်းက ဟစ်အော် တားဆီးလိုက်သည်။

'သုခမိန်ကြီး ဒါဘာလုပ်တာလဲ၊ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကို ကျုပ်မမှတ်မိဘူး'

'တိတ်စမ်း၊ မင်းမှတ်မိစရာမလိုဘူး၊ မင်းကိုမမေးအဲဘာမှ ဝင်ပြီးမပြောနဲ့၊ ရုံးတော်ကို မထီလေးစားမလုပ်နဲ့'

စားပွဲကိုထု၍ပြောလိုက်သောကြောင့် လိုကျန်းဖုန်းလည်း မကျေနပ်စွာဖြင့် စကားရပ်လိုက်သည်။

'အဲ့ဒီလိုဆေးကုသတော့ လိုကျန်းဖုန်းရဲ့ကိုယ်ခန္ဓာမှာဘာ အမှတ်အသားတွေ တွေ့သလဲ လျူကျီရင်း'

'လိုကျန်းဖုန်းရဲ့ ကျောပြင်မှာ လက်ဝါးလောက်ရှိတဲ့ မီးလောင်တဲ့ဒဏ်ရာ အမာရွတ်ကြီး ရှိပါတယ်၊ သူငယ်ငယ်ကမီးဖိုနားက တင်းစပေါ်မှာ လဲကျခဲ့လို့ ရတဲ့ဒဏ်ရာလို့ ကျွန်တော့်ကိုပြောပြခဲ့ပါတယ်'

သုခမိန်ကြီးက ခေါင်းညိတ်လိုက်လေသည်။

'ဝမ်ချောင်းမောဟန်၊ ဒီမှာသူဌေးကြီးလိုကျန်းဖုန်းလို့ ဟန်ဆောင်ထားတဲ့လူမှာ ခုပြောတဲ့ အမာရွတ်ရှိမရှိ လျူကျီရင်း ကြည့်စမ်း'



'အို မလုပ်ပါနဲ့ မချွတ်ပါနဲ့'

ရဲမက်များက ချုပ်နှောင်ထားသည့်ကြားမှ လိုကျန်းဖုန်းအတုမှာ ရုန်းကန်နေသည်၊ သို့သော် နောက်ဆုံးတွင်အင်္ကျီချွတ်လိုက်ရပြီး သူ၏ကျောပြင်ကို သုခမိန်ကြီးဘက် လှည့်ပြလိုက်သည်။

မီးလောင်ထားသော အမာရွတ်ဒဏ်ရာမရှိဘဲ ချောမွေ့သော အသားအရေသာ ရှိလေသည်။

'ဘာပြောချင်သေးသလဲ လိုကျန်းဖုန်းအတု၊ မင်းဟာဟန်ဆောင်ထားတာပဲ၊ မင်းရုံးတော်မှာ ဘယ်သူဆိုတာ ဝန်ခံစမ်း'

'ဒါ ကျုပ်ကို မတရားစွပ်စွဲတာပဲ၊ ကျုပ်မှာ အစကတည်းကဘာဒဏ်ရာမှ မရှိဘူး'

'ကဲ ရဲမက်တွေ သူ့မျက်နှာပေါ်မှမျက်နှာဖုံးအတုကိုချွတ်ခွာလိုက်စမ်းကွာ'

ရဲမက်များကချွတ်ခွာလိုက်သောကြောင့် ပါးတွင်ဓားဒဏ်ရာရှိသော လူကြမ်းကြီးတစ်ဦး၏ မျက်နှာ ပေါ်လာလေသည်။

ပခုံးပေါ်တွင်လည်း အနီရောင်ကြယ်ပွင့်ကြီးကို တွေ့မြင်လိုက်ကြရသည်။

'မင်းဟာ ဘုရင့်ဘဏ္ဍာတော်တွေကို ခိုးပြတိုက်တုန်းက ပါခဲ့တဲ့လူမဟုတ်လား၊ မင်းရဲ့ပုခုံးမှာကြယ်နီပွင့် တပ်ထားတော့ မင်းဟာ အဲဒီခိုးပြအဖွဲ့က ခိုးပြ ခေါင်းဆောင်မဟုတ်လား ပြောစမ်း'

ခိုင်ဖုန်းတရားသူကြီးက စစ်ဆေးလိုက်လေသည်၊

'ဘုရင့်ဘဏ္ဍာတော်တွေကို ခိုးပြတိုက်တဲ့အမှုထဲမှာတော့ ကျွန်တော် မပါခဲ့ပါဘူး'

'တိတ်စမ်း ခိုးပြခေါင်းဆောင်ရဲ့ ပုခုံးတစ်ဘက်စီမှာ ကြယ်နီပွင့်တွေ ရှိပါယ်ဆိုတာ တို့ရုံးရဲ့အမှတ်အသားမှာ မှတ်တမ်းတင်ပြီးသား'

လိုကျန်းဖုန်းအတုမှာ မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ငိုယို လေသည်။

'ကျွန်တော်ခိုးပြခေါင်းဆောင်တော့မဟုတ်ပါဘူး၊ အင်မတန်ဆင်းရဲလွန်းလို့ သူဌေးဖြစ်ချင်နေတဲ့ ရှောင်ဟုန်ဆိုတဲ့ လူဆင်းရဲလေးပါ'



'ရှောင်ဟုန် ဟုတ်သလား၊ ဒီနာမည်က အမှန်ပဲလား'

'အမှန်ပဲ သခင်မိန်ကြီး၊ ကျွန်တော်ဘာလူသတ်မှုမှ မကျူးလွန်ခဲ့ပါဘူး'

'ဒါဖြင့် ဘာလို့ သူဌေးကြီးလိုကျန်းဖုန်းရဲ့ မျက်နှာကို အတုလုပ်ပြီး သူဌေးယောင်ဆောင်နေရတာလဲ'

'ကျွန်တော်ဟာ စားစရာမရှိတာနဲ့ ချူးချန်ဆိုတဲ့ လူဆီမှာ နောက်လိုက်တပည့် လုပ်ခဲ့ပါတယ်၊ သူ့ကိုနင်းနှိပ်ပေးတာက အစ သူခိုင်းတာအားလုံးကို ကျွန်တော် လုပ်ဆောင်ပေးခဲ့ပါတယ်၊ ဒီလိုလုပ်ဆောင်ပေးတဲ့အတွက် ချူးချန်ဟာ တပည့်အရင်းလို ခင်မင်သွားပြီး မင်းသူဌေးမလုပ်ချင်ဘူးလားလို့ မေးပါတယ်၊ ကျွန်တော်က လုပ်ချင်ပါတယ်ပြောတော့ ကျွန်တော့်ကို မျက်နှာဖုံးတစ်ခုပေးပြီး အဲဒီအိမ်ကိုပို့ခဲ့တာဖါပဲ၊ ဒါပေမယ့် ကျွန်တော်က ချူးချန်းရဲ့ ခိုင်းစေမှုကိုလိုက်ပြီးလုပ်နေရတာပါ'

'ချူးချန်း ဟုတ်လား၊ ဒီနာမည်က ခိုးပြခေါင်းဆောင်နာမည်ပဲ၊ အခုသူက အမည်ပြောင်းထားသလား'

'ပြောင်းထားပါတယ်၊ချူးချန်းက တပ်မှူးကြီးမာကျောက်ယံပါ'

'ဘာ မင်းစကားက မှန်ရဲ့လား၊ ဘာလို့ မင်းက ကြွယ်နီ ထိုးပြီး ခါးပြခေါင်းဆောင် ဖြစ်နေရပါလဲ'

'အင်း ချုံးချန်း မာကျောက်ယိုဟာ ကျွန်တော် သူဌေး လုပ်ရင် တစ်ခုသဘောတူရမယ်၊ ဒီအမှုတွေပေါ်လို့ စစ်ဆေးရင် ကျွန်တော်က ခါးပြခေါင်းဆောင်ပါလို့ ဝန်ခံပြီး တရားစီရင်တာ ခံပါ့မယ်လို့ ကတိပေးခိုင်းပါတယ်၊ အဲဒီအချိန်က ကျွန်တော် သိပ်ဆင်းရဲလွန်းလို့ သဘောတူညီခဲ့ပါတယ်'

သူခမိန်ကြီးသည် ရှောင်ဟုန်ကို သနား ကြင်နာစွာဖြင့် ကြည့်လိုက်၏။

'ရှောင်ဟုန် မင်းဟာ စီးပွားဥစ္စာကို တရားတဲ့နည်းလမ်းနဲ့မရှာဘဲ ဖြတ်လမ်းက လိုက်တာကိုး၊ မင်းကြောင့် လူတစ်ယောက်ဟာ အပြစ်မရှိဘဲ သေသွားရတယ်'

'ကျွန်တော့်ကို သနားခွင့်လွှတ်ပါခင်ဗျာ၊ ကျွန်တော်ဟာ လိုကျုန်းဖုန်းရဲ့ သမီးလေး ဖုဖုကိုသမီးရင်းတစ်ယောက်လို ပြုစုခဲ့ပါတယ်'

'သူတစ်ပါးကိုထိခိုက် နစ်နာ ပျက်စီးအောင် လုပ်တဲ့သူဟာ သူပြုလုပ်တဲ့မကောင်းကျိုးကို ခံရတယ်ရှောင်ဟုန်၊ ငါ မင်းကို သနားပါတယ်၊ ဒါပေမယ့် အမှန်တရားနဲ့ ဥပဒေက မင်းကို မသနားဘူး၊ ခွင့်လဲ မလွှတ်နိုင်ဘူး'

'ကျွန်တော်ဟာ ချမ်းသာချင်လို့သာ ဒီအမှားကို ကျူးလွန်ခဲ့တာပါ၊ မုက္ခရောက်မယ်ဆိုတာကိုသိရင် ဒီလို လူတစ်ယောက်ကို သတ်ပြီး သူ့ရဲ့ပစ္စည်းတွေကိုယူရတဲ့ အလုပ်မျိုးကို မလုပ်ပါဘူး'



'နောက်ကျသွားပြီ ရှောင်ဟုန်'

'ကျွန်တော့်ကို သနားညှာတာပြီး တရားစီရင်ပါ ခင်ဗျာ'

'ဝမ်ချောင်း....မောဟန်၊ တရားခံကို ခေါ်သွားပေတော့'

ရဲမက်များ ခေါ်ဆောင်ရာ နောက်သို့ ငိုယိုရင်း ရှောင်ဟုန်မှာ လိုက်ပါသွားရလေတော့သည်။

## အခန်း (၄၇)

မိုးမျှော်စံအိမ်ကြီး၏ အပေါ်ထပ် ခန်းမကျယ်ကြီးထဲတွင် မီးများလင်းထိန်နေသည်၊ မကြာသေးမီကမှ အိမ်ရှေ့မင်းသား၏ တပ်မှူးကြီးအဖြစ် ရွေးချယ်ခန့်ထားခြင်း ခံခဲ့ရသော မာကျောက်ယီသည် တာဟူးမြို့ဝန် ချူးရင်ထန်နှင့်တကွ ဂုဏ်သရေရှိ မြို့နေလူများကို ညစာခံပွဲကျင်းပနေ၏။

ညဥ့်ဦးယံတွင်စည်ကားနေခဲ့သော စံအိမ်ကြီးသည် တစ်စတစ်စလူများကွဲသွားပြီးနောက် တပ်မှူးကြီး၏ ကိုယ်ရံတော်



ရဲမက်များနှင့် မြို့ဝန်ချူးရင်ထန်တို့သာ စံအိမ်တွင် ကျန်ခဲ့လေတော့၏။

တကယ်တော့ မာကျောက်ယီ တပ်မှူးဘဝသို့ ရောက်ရှိစေရန်အတွက် မြို့ဝန်ချူးရင်ထန်က အိမ်ရှေ့မင်းသားထံ လက်ဆောင်ပဏ္ဏာများပို့သကာ အကြိမ်ကြိမ် ဆက်သွယ်ခဲ့ရသည်။

'ကဲ....တပ်မှူးကြီး၊ အခုဆိုရင် ခင်ဗျားလဲ ရာထူးကြီးနဲ့ ခန့်ညားထည်ဝါတဲ့ လူတစ်ယောက်ဖြစ်သွားပါပြီကွာ'

ညသည်များပြန်သွားပြီးနောက် အထူး ညစာခန်းဆောင်တွင် တာဟူး မြို့ဝန်နှင့် မာကျောက်ယီတို့ တိတ်တဆိတ်ဆွေးနွေးတိုင်ပင်နေကြခြင်းပင် ဖြစ်သည်။

'ဒါနဲ့ ခိုင်ဖုန်းတရားရုံးက သုခမိန်ကြီးက လိုကျန်းဖုန်းကို ဖော်ထုတ် အပြစ်ပေးလိုက်ပြီ မို့လား၊ ဘာ ထူးခြားသေးလဲ'

'အခြေအနေကတော့ စိုးရိမ်စရာ ကောင်း တယ်ဗျို....ကျုပ်တို့ကိုတောင်အမှုပတ်နိုင်တယ်၊ အခု တာဟူးမြို့မှာ တရားမစီရင်တော့ဘဲ ခိုင်ဖုံးတရားရုံးမှာတရားစီရင်နေပြီ၊ ခင်ဗျားနာမည်ကို ချင်းဟု ထုတ်ပြောဆိုဝန်ခံတယ်မို့လား'

မာကျောက်ယိက စားပွဲပေါ်မှ အရက်ခွက်ကို ကောက်ယူမော့လိုက်ရင်း ကဟားဟား ရယ်မောလိုက်သည်။

'ကျုပ်လို အိမ်ရှေ့မင်းသားရဲ့တပ်မှူးတစ်ယောက်ကို ချင်းဟု စကားလောက်နဲ့ ခေါ်ပြီး အပြစ်ပေးလို့ ရနိုင်မလားဗျာ'

မာကျောက်ယိက မာန်မာနတက်ကာ ပြောဆိုနေသော်လည်း မြို့ဝန်ချူးရင်ထန်ကတော့ စိုးရိမ်စိတ်ဖြင့် တုန်လှုပ်နေသည်။

'သူခွေးလိုကျန်းဖုန်း အသတ်ခံရတဲ့ကိစ္စမှာ ကျုပ်က ငွေကြေးယူပြီး မသိချင်ယောင်ဆောင်နေခဲ့တာကို သုခမိန်ကြီးက ဖော်ထုတ်ပြီး အပြစ်ပေးမှာတွေးပြီး ကျုပ်တော့ အိပ်မပျော်တာကြာပြီ၊ ခင်ဗျားလဲ အိမ်ရှေ့မင်းသားကို ပြောပြပြီး ဒီအမှုတွေဟာ အဓိပ္ပာယ်မရှိဘူး၊ ဆက်လက်မစစ်ဆေးဘဲ ပိတ်ပင်ထားလိုက်ဖို့ ပြောပေးပါလားဗျာ'

ချူးရင်ထန်က တပ်မှူးကြီးရာထူးရထားသော မာကျောက်ယိကို တောင်းပန်စကားဆိုလိုက်သည်။



'ကျုပ်က ခိုင်ဖုံးတရားသူကြီးရဲ့ ခြေလှမ်းအမှားကိုစောင့်နေတာဗျ၊ သူဟာဝူချင်းဖိန်ဆိုတဲ့ လူသတ်သမားတစ်ယောက်ကို အကာအကွယ်ပေးပြီး လက်ခံတယ်၊ အဲဒီလူဟာ ကျုပ်တပည့် ကျင်းယုံနဲ့ ချူးထန်တို့ကိုသတ်တဲ့လူပဲ'

'ခင်ဗျား လူတွေက လူကောင်းတွေမှ မဟုတ်ဘဲ လူဆိုးဓားပြဆိုတာ တာဟူး တစ်မြို့လုံးက သိနေတာ အောင့်မြင်ပါမလား'

ချူးရင်ထန်က မာကျောက်ယိ၏ အားနည်းချက်ကိုထောက်ပြပြောဆိုလိုက်သည်၊ ထိုအချိန်မှာပင် တရားရုံး အခြေအနေကို လှူလှူတ်၍ ထောက်လှမ်းခိုင်းထားသော အောညက်မျက်စေ့ မျက်နှာပျက်ပျက်ဖြင့် ရောက်ရှိလာသည်။

'ဆရာ မာကျောက်ယိ၊ ရှောင်ဟုန်တော့ သူခွေးယောင်ဆောင်မှုရော ဓားပြမှုနဲ့ပါအမှုစစ်ပြီး ထင်ရှားလို့ အဖမ်းခံလိုက်ရပြီ၊ ကျွန်တော်တို့ကိုလဲ သုခမိန်ကြီးကဆက်ပြီး အရေးယူလိမ့်မယ်ထင်တယ်'

အောညက်က ထိတ်လန့်သံဖြင့် ပြောလိုက်သောကြောင့် မာကျောက်ယိ မျက်နှာပျက်သွားသည်။

'ဒီကောင်က ငါ့နာမည်ကိုရော ထည့်ပြောသေးသလား'

'ပြောတာပေါ့၊ ဆရာမာကျောက်ယိက သူ့ကိုသူဌေးဖြစ်အောင် ဘယ်လို လုပ်ပေးခဲ့တယ်ဆိုတာရယ်၊ ပြီးတော့ ကြယ်ပွင့်နီခေါင်းပြဂိုဏ်းခေါင်းဆောင်သူမဟုတ်ဘဲ ဆရာမာကျောက်ယိပါဆိုတာကိုပါ ထုတ်ဖော်ပြောတယ်လို့ တရားရုံးထဲမှာ သူ လျှို့လွှတ်ထားတဲ့ ကျွန်တော့်တပည့်က ပြောတယ်'

'ထွီ၊ စွာမရှိတဲ့ကောင်၊ ဒါဆိုတော်တော် အရေးကြီးနေပြီ၊ ခိုင်ဖုန်းတရားသူကြီးရဲ့ တရားစီရင်ခွင့် အာဏာကို ရုပ်သိမ်းဖို့ ဘုရင့်ကို တောင်းဆိုတင်ပြပေး အိမ်ရှေ့မင်းသားကို မနက်ကို ငါကိုယ်တိုင် သွားပြောမယ်၊ ဒီတရားသူကြီး ပြုတ်သွားမှကောင်းမယ်'

မာကျောက်ယိက ကြိမ်းဝါးလိုက်လေသည်။

'သုခမိန်ကြီးရဲ့ အခွင့်အာဏာကို ရုပ်သိမ်းဖို့ အိမ်ရှေ့မင်းသားက သဘောတူပါ့မလား'

'အို ကျုပ်က ခိုင်ဖုန်းတရားသူကြီးဟာ နန်းတော်ရဲ့ အခွင့်အာဏာကိုတောင် ဆန့်ကျင်ပြီး ပုန်ကန်ဖို့ အခြေအနေရှိတယ်ဆိုတာပါ တင်ပြလိုက်မယ်ဗျာ၊ ဒီအချိန်မှာ အိမ်ရှေ့မင်းသားက ကျုပ်ကိုယုံကြည်ချစ်ခင်နေတဲ့အချိန်ပဲ၊ ကျုပ်ပြောရင်



ဖြစ်မယ်ထင်တယ်'

မာကျောက်ယိက သူ့စိတ်ကူးကို အော့ညက်နှင့် ချူရင်ထန်းတို့ကို ဖွင့်ပြောပြလိုက်သည်။

'အင်း ခင်ဗျားအောင်မြင်ပါစေလို့ ကျုပ်ဆုတောင်းပါတယ်၊ ကျုပ်တို့ရဲ့ကံကြမ္မာဟာ ခင်ဗျားအပေါ်မှာတည်နေပါတယ် တပ်မှူးကြီးမာကျောက်ယိ'

'ဟုတ်ပါတယ် ဆရာမာကျောက်ယိ ဆရာကခိုင်းလို့ လူသတ်မှုတွေကို ကျွန်တော်က ကျူးလွန်ခဲ့ရတာ ကျွန်တော့်အမှုပေါ်ရင်တော့ ခေါင်းပြတ်ခံရမှာ ကြိမ်းသေပဲ'

'အောညက် မင်းနဲ့ငါ ခုချိန်ကစပြီး အဆက်အသွယ်မလုပ်ရင် ကောင်းမယ်'

တင်းမာသော မျက်နှာထားဖြင့် မာကျောက်ယိဟာ ပြောလိုက်သည်။

'ကျွန်တော့်ကို မရက်စက်ပါနဲ့ ဆရာမာကျောက်ယိရယ်၊ ကျွန်တော်ဟာ ဆရာမာကျောက်ယိ ခိုင်းသမျှကို သစ္စာရှိရှိ လုပ်ပေးခဲ့တာပါဗျာ'

အော့ညက်က သူ့အား အကာအကွယ်မပေးဘဲ အပြစ်ပုံချမည်ကို စိုးရိမ်သောကြောင့် မာကျောက်ယိ၏ခြေထောက်အောက်တွင်ထိုင်ကာ ခြေအစုံကို ဖက်ထားလိုက်သည်၊

'အခုအချိန်မှာ မင်းနဲ့ငါနဲ့အဆက်အသွယ် လုပ်နေတာကိုတွေ့ရင် ငါ့အတွက် ရှင်းရခက်တဲ့ပြဿနာ ပေါ်နိုင်တယ်၊မင်းဟာသူဌေးကြီး လိုကျန်းဖုန်းရဲ့ လူယုံတော်အဖြစ် တစ်မြို့လုံးက သိတားတာပဲ သွားကွာ ခုထွက်သွားစမ်း'

'ဆရာ မာကျောက်ယိ ကျွန်တော်ဘယ်ကို သွားရမှာလဲ' မင်း တာဟူးမြို့ကနေ ခဏရှောင်တိမ်းနေစမ်းပါ၊ငါဟာသူဌေးကြီးလိုကျန်းဖုန်းရဲ့ အိမ်နဲ့ ဘယ်လိုမှမရှိဘူး ဆိုတာကိုအိမ်ရှေ့မင်းသားကို ပြောပြီးအကူအညီတောင်းရမှာ'

'ဆရာမာကျောက်ယိ အကာအကွယ်မပေးရင်တော့ ကျွန်တော်ဒုက္ခရောက်မှာအမှန်ပါ'

အော့ညက်က မာကျောက်ယိ၏ ခြေထောက်ကို မလွှတ်သေးဘဲ ငိုယိုတောင်းပန်နေသည်။

'ငါရှင်းရှင်းဘဲ ပြောမယ်၊မင်းတာဟူးမြို့ကထွက်ခွာမသွားဘူးဆိုရင်တော့ မင်းပါးစပ်ကို ငါအခုပိတ်ရမှာပဲ'



မာကျောက်ယိက သူ့ခြေထောက်ကိုဖက်ထားသော အော့ညက်ကို ခြေထောက်ဖြင့် ကန်ထုတ်လိုက်ရာ အော့ညက်မှာကြမ်းပြင်ပေါ်တွင် ပက်လက်လန်ကျသွားလေသည်။

'ခင်ဗျားဟာ အင်မတန် ရက်စက်ကြမ်းကျုပ်တဲ့လူပဲကိုယ့်ပေါ်မှာ ကျွန်ရင်းတစ်ယောက်လို သစ္စာရှိတဲ့လူရဲ့အပေါ်မှာတောင် ခင်ဗျားရက်စက်တယ်၊ ကျုပ်ကိုခင်ဗျားရက်စက်သလို ခင်ဗျားလဲ ဒေါဒုက္ခကြုံရမယ်ဆိုတာ မြဲမြဲမှတ်ထားလိုက်ပါ'

နာကျည်းသွားသော အော့ညက်သည် ပါးစပ်မှသွေးများစီးကျနေသော သွေးများကိုသုတ်ကာ ချာကနဲအခန်းထဲမှလှည့်ထွက်သွားလေသည်။

မာကျောက်ယိမှာ လက်ခုပ်သုံးချက်တီးလိုက်သည်။

အခန်းဝသို့ မြားသမားချင်းလီဝင်လာသည်။

'အမိန့်ရှိပါ ဆရာမာကျောက်ယိ'

'အော့ညက်ကို မင်းတာဝန်ယူလိုက်ပါ၊ ခုလိုက်သွား'

အော့ညက်သည် မာကျောက်ယိ၏ မိုးမျှော်စံအိမ်မှ သွက်လက်သော ခြေလှမ်းများဖြင့် ထွက်ခွာလာခဲ့သည်၊အော့ညက်

၏နောက်သို့ မြားသမားချင်းလီသည် တိတ်တဆိတ် လိုက်ပါလာခဲ့လေသည်။

ညဥ့်အမှောင်ထဲတွင်ဖြစ်၍ အောညက်သည် ခြေကုန်သုတ်ပြေးလေသည်၊ ချင်းလီကလည်းအောညက်သွားနိုင်သည့် လမ်းကို ခန့်မှန်းကာ လိုက်ပါလာခဲ့လေသည်။

အောညက်မှာ ခိုင်ဖုန်းတရားသူကြီးရှိရာသို့ ဦးတည်ကာပြေးလွှား လာခဲ့ခြင်းပင်ဖြစ်သည်၊ တရားရုံးနားသို့ ရောက်သောအခါတွင် ချင်းလီသည် လရောင်ဖြင့် အောညက်ကိုတွေ့မြင်သွားလေသည်။

အောညက်က တရားရုံးသို့ဝင်သည့်လမ်းအတိုင်း လျှောက်လမ်းကာ သွားနေချိန်တွင် အောညက်၏ကျောပြင်ကိုမြားနှင့်ချိန်ရွယ်ကာ ပစ်ခတ်လိုက်လေတော့သည်။

'ဒုံး'

'အား'

အောညက်၏ အော်သံမှာ ကျယ်လောင် လှသောကြောင့် တရားရုံးထဲတွင်ရှိသော ကျန်ကျောင်းကြားသွားသည်။



'ဟော့ ရဲမက်တွေ ဘာသံလဲ မသိဘူး ထွက်ကြစမ်း'

ကျန်ကျောင်းက ဝင်းထရဲ ကိုကျော်ကာလွှားကာနဲ့ခုန်ကျော်ထွက်ရင်း ရဲမက်များကို သတိပေးလိုက်သည်။

ရဲမက်များကလည်း ကျန်ကျောင်း၏နောက်မှ လိုက်လာကြသည်၊ တရားရုံးအဝင်ဝတွင် မြားဒဏ်ရာဖြင့် ဒူးထောက်ပြီး လဲကျနေသော အောညက်ကိုတွေ့လိုက်ရသည်။

'ဘာဖြစ်တာလဲ'

'ကျွန်တော့်ကို ချင်းလီ မြားနဲ့လိုက်ပစ်တာပါ၊ ကယ်ပါ'

နောက်ဘက်သို့ လက်ညှိုးထိုးပြရင်း အောညက်က ကျန်ကျောင်းကို ပြောလိုက်သည်။

'ကဲ....ရဲမက်နှစ်ဦး၊ သူ့ကို စောင့်ရှောက်ပြီး တရားရုံးထဲခေါ်သွား၊ ကျန်တဲ့လူတွေလိုက်ခဲ့'

ကျန်ကျောင်းသည် အောညက် လက်ညှိုးထိုးပြရာ လမ်းအတိုင်း တဟုန်ထိုးလိုက်လာခဲ့သည်၊ မကြာမီ ရှေ့တွင် ပြေးလွှားနေသော လူရိပ်တစ်ရိပ်ကို တွေ့လိုက်ရလေသည်။

'ဟော့....ရပ်လိုက်စမ်း'

ရှေ့မှ ပြေးနေသော ချင်းလီကလည့်အား သူ၏ မြားဖြင့် ကျန့်ကျောင်းကိုပစ်လိုက်သည်။

'ထန့်'

'ချွင်....'

ကျန့်ကျောင်းက သူ့ရင်သို့ ဦးတည်ပြေးဝင်လာသော မြားကိုကို ဓားဖြင့်ဖယ်ထုတ်လိုက်ရသည်။

ထို့နောက် တစ်ပုန်ထိုး လေထဲသို့ခုန်တက်ကာ ချင်းလီ သွားမည့်လမ်းကို ပိတ်လိုက်သည်၊ ချင်းလီသည် နောက်သို့လှည့် လိုက်၏။

နောက်ဖက်တွင်လည်း ရဲမက်လေးဦးက သူကို လမ်းပိတ် ထားလိုက်ကြလေပြီ။

ကျန့်ကျောင်းသည် ချင်းလီကိုပစ်ခတ်သော မြားတံများနှင့် ပစ်သည့်နေလးကိုပါသိမ်းကာ ဖမ်းဆီး ခေါ်ဆောင်လာခဲ့လေ တော့သည်။

ခိုင်ဖုံးတရားသူကြီးမှာ မြားဒဏ်ရာဖြင့်ရောက်ရှိလာသော အောညက်ကို ကုန်းစွန်းအား ဆေးဝါးကုသစေပြီး စောင့် ကြည့်ရန် မှာကြားနေလေ၏။



မကြာမီ ကျန့်ကျောင်းက မြားဖြင့်ပစ်ခတ်သူ ချောင်းလီကို ဖမ်းဆီးခေါ်ဆောင်လာ၍ တရားရုံးရှိရာ အချုပ်ခန်းထဲတွင် ထည့်သွင်းချုပ်နှောင်ခိုင်းလိုက်လေသည်။

ခိုင်ဖုံးတရားသူကြီးသည် အောညက်ကို ပြုစုနေသည့် ကုန်း စွန်းအနီးသို့ လျှောက်လှမ်းလာသည်။

သူ အသက်ရှင်နိုင်ပါ့မလား'

'အင်း.... မြားဆိပ်ကတော့ သိပ်ပြင်းတယ်၊ ဒါပေမယ့် နောက် နှစ်ရက်လောက်တော့ အသက်ရှင်နိုင်ဦးမယ် ထင်ပါ တယ်'

'သူဟာ သိပ်အရေးကြီးတယ်ကုန်းစွန်း၊ တရားရုံးကို တစ် ခုခု ပြောစရာရှိလို့ အပြေးအလွှားလာတာဖြစ်မယ်၊ သမား တော်ကြီးတွေ ခေါ်ပြီး သတိရအောင် ကြိုးစားပါ'

'အတတ်နိုင်ဆုံး ကြိုးစားနေပါတယ် သုခမိန်ကြီး၊ မနက် ဖန်မနက်တော့ သမားတော်ကြီး ရောက်လာပြီး အဆိပ်ဖြေ ဆေး ကောင်းကောင်းတိုက်ပါ့မယ်'

သုခမိန်ကြီးသည် သတိမေ့နေသောအောညက်ကို ကြည့် ကာ ခေါင်းတညိတ်ညိတ်ဖြင့် စဉ်းစားနေလေသည်၊ ကုန်း စွန်းမှာ သတိမေ့နေသော အောညက် နံတင်မှ ထလာသည်။ သုခမိန်ကြီးက....

'သူ တပ်မှူးကြီးမာကျောက်ယိရဲ့ လျှို့ဝှက် လက်စွဲတော်ကြီးပဲ့ ကုန်းစွန်း၊ ခု သူဟာ တပ်မှူးကြီးရဲ့ ညွှန်ခံပဲက ထွက်ပြေးလာတာ ဖြစ်နိုင်တယ်'

ဟု ကုန်းစွန်းကို ပြောပြလိုက်သည်။

❀

## အခန်း (၄၈)

---

အိမ်ရှေ့မင်းသား ကြွရောက်လာပါတယ် 'သုခမိန်ကြီး'

ကျန်ကျောင်းက လာရောက်ပြောကြားသည်နှင့် သုခမိန်ကြီးလည်း ထိုင်ရာမှထကာ ဦးညွှတ်အရိုအသေ ပေးလိုက်သည်။

'ဘာများအရေးတကြီး ကိစ္စရှိလို့ ကိုယ်တော်တိုင်ကြွလာရပါသလဲ အရှင့်သား'

'သုခမိန်ကြီးနဲ့ အမှုကိစ္စ ဆွေးနွေးတိုင်ပင်ချင်လို့ပါ'

သုခမိန်ကြီးက အိမ်ရှေ့မင်းသားအား ကတ္တီပါထိုင်ခုံတွင် ထိုင်ပါရန် အရိုအသေပြု၍ ပြောလိုက်၏၊ သုခမိန်ကြီးက အိမ်ရှေ့မင်းသားရှေ့ရှိ ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

'ဓားပြတိုက်မှုတစ်ခုကို သုခမိန်ကြီးဟာ စစ်ဆေး ထုတ်ဖော်နေတယ်လို့ သိရပါတယ်'

'မှန်ပါတယ် အရှင့်သား'

'ဓားပြမှုဟာ နှစ်ပေါင်းနှစ်ဆယ်ကျော် ကြာခဲ့ပြီပဲ၊ သက်ဆိုင်တဲ့ သူတွေတောင် ကွယ်လွန်ကုန်ကြရောပေါ့'

'မကွယ်လွန်သေးတဲ့ ဓားပြခေါင်းဆောင်တော့ ရှိနိုင်ပါသေးတယ် အရှင့်သား'

'ကောင်းပါပြီ ကျုပ်ရဲ့တပ်မှူးကြီးနဲ့ပတ်သက်လို့ အထင်မှားစရာတွေများ ရှိနေပြီလား သုခမိန်ကြီး'

'သံသယနဲ့ စစ်ဆေးမေးမြန်းဖို့ အစီအစဉ်ပဲ ရှိပါသေးတယ် အရှင့်သား'

'တပ်မှူးကြီးမာကျောက်ယိကတော့ မင်းမှုထမ်းကောင်းတစ်ယောက် ဖြစ်နေပါပြီ၊ သူနဲ့ပတ်သက်လို့ ထိခိုက် နစ်နာလောက်အောင် မထင်ရှားတဲ့ ပြစ်မှုမျိုးနဲ့ ပတ်သက်ရင်



တော့ သုခမိန်ကြီး ငဲ့ညှာစဉ်းစားပေးပါလို့ ကျုပ်ကမေတ္တာရပ်ခံချင်ပါတယ်'

သုခမိန်ကြီးဟာ တည်ကြည်သော မျက်နှာဖြင့် အိမ်ရှေ့မင်းသားကို ကြည့်လိုက်၏၊

'စိတ်ချပါအရှင့်သား အပြစ်မရှိတဲ့ ဘယ်သူ တစ်စုံတစ်ယောက်ကိုမှ မှားယွင်းပြီး အပြစ်မခံရအောင်ကျုပ်ကျိုးစားပြီးစစ်ဆေးပါတယ်၊အဲ...အရှင့်သားရဲ့တပ်မှူးသစ် မာကျောက်ယိဟာ ရက်စက် ကြမ်းတမ်းပြီး ဆိုးရွားတဲ့ လူသတ်မှုမျိုး ကျူးလွန်တာ ထင်ရှားရင်တော့ ကျုပ်ကိုအရှင့်သားနားလည်ခွင့်လွှတ်ပေးပါလို့ ပြန်ပြီး မေတ္တာရပ်ခံပါရစေ'

'အို သုခမိန်ကြီးက မေတ္တာရပ်ခံဖို့ မလိုပါဘူး၊ သုခမိန်ကြီးဟာ ဘယ်တော့မှ အပြစ်မရှိတဲ့သူကို အပြစ်ပေးလေ့မရှိပါဘူး၊ ဒါကြောင့် ဘုရင့်ရဲ့ ကျေးဇူးတော်နဲ့ နိုင်ငံ့တာဝန်ကို သိတတ်တဲ့ တပ်မှူးကြီး မာကျောက်ယိလိုလူမျိုးကို အပြစ်မရှိရင် ခေါ်ယူ စစ်ဆေးမှာတောင် မဟုတ်ဘူး၊ ဟုတ်တယ်မို့လား'

သုခမိန်ကြီးက မျက်မှောင်ကြုံ့သွားသည်၊ အိမ်ရှေ့မင်းသား၏ စကားမှာ သွယ်ဝိုက်သော နည်းဖြင့် တပ်မှူးကြီး

မာကျောက်ယိကို ခေါ်ယူစစ်ဆေးခြင်း မပြုစေလိုကြောင်း ထင်ရှားပါသည်။

'အရှင့်သား တရားသူကြီးဆိုတာ အမှုအပေါ်က် လိုအပ်ရင် မင်းခ ဘုရင်ပဲဖြစ်ဖြစ် ဝန်ကြီး မှူးကြီးကိုဖြစ်ဖြစ် စစ်ဆေးဖို့ ခေါ်ယူနိုင်တဲ့ အခွင့်အာဏာကို အပ်နှင်းထားပြီး ဖြစ်ပါတယ်'

အိမ်ရှေ့မင်းသား၏ မျက်နှာမှာ တည်ငြိမ်သွားသည်။

'သုခမိန်ကြီး ဆိုလိုတာက တပ်မှူးကြီး မာကျောက်ယိဟာ အမှုနဲ့ မလွတ်ကင်းနိုင်တဲ့အကြောင်း အထောက်အထား ရှိပါသလား'

'စစ်ဆေးပြီးမှ သိရပါမယ် အရှင့်သား'

သုခမိန်ကြီး၏ စကားလမ်းကြောင်းသို့ အိမ်ရှေ့မင်းသား သဘောပေါက်သွားသည်။

'ကျုပ်ရဲ့စကားထဲမှာ တရားသူကြီးရဲ့ တာဝန်ကို ထိပါး နှောင့်ယှက်တဲ့ သဘောမျိုးများပါရင် ခွင့်လွှတ်ပါ သုခမိန်ကြီး၊ ဖခမည်းတော်ကိုယ်တိုင်က သုခမိန်ကြီးကို ဘုရင့်ရဲ့ တရားသူကြီးအရာ ပေးထားတာပဲ သုခမိန်ကြီးသာ အပြစ်ရှိတဲ့သူကို ထိုက်တန်တဲ့အပြစ် စီရင်နိုင်ခွင့် ရှိပါတယ်'

'စိတ်ချပါ အရှင့်သား၊ တပ်မှူးကြီး မာကျောက်ယိမှာ ငြိစွန်းတဲ့အပြစ်မရှိရင် အပြစ်လုံးဝ အပေးမခံရဘူးဆိုတာ စိတ်ချတော်မူပါ'

အိမ်ရှေ့မင်းသားပြုံး၍ ခေါင်းညိတ်လိုက်သည်။

'ယုံကြည်ပါတယ် သုခမိန်ကြီး၊ အခုလို တွေ့ဆုံ ဆွေးနွေး



ပြောဆိုခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျုပ်ကိုလဲ သွားခွင့်ပြုပါဦး'

အိမ်ရှေ့မင်းသားမှာ သုခမိန်ကြီးကို နှုတ်ဆက်၍ထွက်ခွာသွားလေတော့သည်။

## အခန်း (၄၉)

အိမ်ရှေ့မင်းသား၏ အဆောင်တော်တွင် တပ်မှူးကြီး မာကျောက်ယိမှာ ရင်ဘတ်ထိတ်ထိတ်ပြင့် စောင့်မျှော်လျက် ရှိလေသည်၊ အိမ်ရှေ့မင်းသားက အခြွေအရံများနှင့် ဝင်ရောက်လာသည်ကို တွေ့သည်နှင့် ပျားပျားဝပ်မှောက်ကာ မာကျောက်ယိက အရိုအသေ ပြုလိုက်သည်။

အိမ်ရှေ့မင်းသားက သူ၏အဆောင်တော်ထဲရှိသလွန်တော်ပေါ် ထိုင်ကာ သူ့နောက်မှ ရဲမက်များကိုလက်ပြ၍ အခန်းအပြင်သို့ ထွက်ခွာခိုင်းလိုက်သည်၊ အခန်းထဲမှရဲမက်များထွက်



ခွာသွားသောအခါတွင် အိမ်ရှေ့မင်းသားသည်မာကျောက်ယိကို ငုံ့ကြည့်လိုက်၏။

'တပ်မှူးကြီး မာကျောက်ယိ'

'အမိန့်ရှိပါအရှင့်သား'

'အခု သုခမိန်ကြီးနဲ့ တွေ့ခဲ့ပြီးပါပြီ၊ သုခမိန်ကြီးကလျှော့ပေါ့စဉ်းစားဖို့အတွက်တော့ လက်ခံပုံ ရပါတယ်၊အမှုကိုလုံးဝတော့ မသစ်လို့ မဖြစ်ဘူးလို့ ပြန်ကြားတယ်'

'အဲဒါ ကျွန်တော်မျိုးကို မျက်မှုန်းကျိုးလို့ တမင်ရန်ရှာပြီး လုပ်ကြံတာပါ အရှင့်သား'

အိမ်ရှေ့မင်းသားက ခေါင်းခါလိုက်သည်။

'ဒီလိုတော့ မဖြစ်နိုင်ပါဘူး တပ်မှူးကြီး၊သုခမိန်ကြီးဟာ တရားစီရင်ရေးနဲ့ ပတ်သက်လို့ ဖခမည်းတော်နဲ့ တိုင်းပြည်က ပညာရှိအပေါင်းက ချီးကျူးဂုဏ်ပြုရတဲ့ ပုဂ္ဂိုလ်ကြီးပဲ'

အိမ်ရှေ့မင်းသား၏ စကားကြောင့် မာကျောက်ယိမှာ ခေါင်းငုံ့ထားလိုက်ရသည်။

'တရားရုံးကိုလာရောက်ဖို့ ခေါ်ဆောင်တဲ့အခါ ရဲရဲရင့်ရင့်သာ ကိုယ့်ဘက်က အပြစ်မရှိစကား သက်သေပြပါ၊ ဆန့်လဲမဆန့်ကျင်ပါနဲ့'

'ကျွန်တော်မျိုးဟာ အရှင်မင်းသားရဲ့ တပ်မှူးကြီး' ဖြစ်ပါလျက်နဲ့ တရားသူကြီးကခေါ်ယူခြင်းခံရမည်ဆိုရင် အရှင်မင်းသားရဲ့ဂုဏ်းတော်သိက္ခာကို ထိခိုက်မှာ စိုးရိမ်လို့ပါ အရှင်မင်းသား'

အိမ်ရှေ့မင်းသားက ခေါင်းခါလိုက်သည်။

'ခေါ်ဖို့အကြောင်းမရှိဘဲနဲ့ သုခမိန်ကြီးဟာ မခေါ်ပါဘူး၊ ကျုပ်ရဲ့ဂုဏ်သိက္ခာကို သူဟာ အခြားလူတွေထက် ထိခိုက်မှာ စိုးရိမ်တဲ့လူလို့ ကျုပ်ယုံကြည်တယ်'

မာကျောက်ယိမှာ တရားရုံးသို့ရောက်၍ အမှုစစ်ဆေးခြင်း မခံရအောင် အမျိုးမျိုး တောင်းပန်ပြောဆိုသော်လည်း အိမ်ရှေ့မင်းသားသည် တရားသူကြီးကို ကားမြစ်ပေးနိုင်သူမဟုတ်ကြောင်း သိနားလည်သွားသည်။

'ကောင်းပါပြီ အရှင်မင်းသား၊ ကျွန်တော်မျိုးဟာ မဟုတ်မမှန်တာ စွပ်စွဲခံရရင်တော့ အရှင်မင်းသားကို အားကိုးပါရစေ'

'စိတ်ချ၊ သင့်ဘက်က မှန်ကန်လို့ တရားသူကြီးဘက်က မတရားပြုမူကြောင်း ထင်ရှားရင် ကျုပ် သင့်ဘက်က အမြဲရှိနေမယ်ဆိုတာ စိတ်ချပါ တပ်မှူးကြီး'

'အရှင်မင်းသား'

'တကယ်လို့ သင့်မှာ အပြစ်ထင်ရှားတဲ့ ကျူးလွန်မှုမျိုးရှိရင်လဲ ကျုပ်ကတားဆီးကာကွယ်ပေးလို့မရဘူးဆိုတာ သဘောပေါက်ပေတော့'

ထိုစကားသည် မာကျောက်ယိ၏ ခေါင်းပေါ်သို့ မိုးကြိုးပစ်ချသကဲ့သို့ပင် တုန်လှုပ်သွားစေလေ၏။

'ကဲ...မာကျောက်ယိ၊ အမှုကိုရင်ဆိုင်ပြီး အောင်မြင်ပါစေလို့ ကျုပ် ဆုတောင်းပါတယ်'

အိမ်ရှေ့မင်းသားက စကားအဆုံးသတ်လိုက်ပြီ ဖြစ်၏၊ မာကျောက်ယိမှာ ဦးညွှတ်ကာ အိမ်ရှေ့မင်းသား၏အဆောင်



တော်ထဲမှ ထွက်ခဲ့ရလေတော့သည်။

တပ်မှူးကြီး အဆောင်အယောင်ဖြစ်သည့် ကတ္တီပါအနီရောင်အုပ်ထားသော လူလေးယောက်ထမ်းသည့် ဝေါယာဉ်ပေါ်သို့ မာကျောက်ယိ ဝင်ထိုင်လိုက်သည်၊ သို့သော် သူ့စိတ်တို့မှာ လှုပ်ရှားနေ၏၊ မာကျောက်ယိသည် နဖူးမှချွေးစက်များကို လက်ခုံဖြင့် သုတ်လိုက်သည်။

ဝေါယာဉ်ဖြင့်ထမ်းလာသော တပ်မှူးကြီး မာကျောက်ယိ၏ ကိုယ်ရံတော်များသည် ဈေးလယ်လမ်းမကြီးကို ရှင်းကာ မိုးမျှော်စံအိမ်ရှိရာသို့ ဦးတည်သွားနေကြ၏၊ ဈေးဝယ်သူ၊ ဈေးရောင်းသူများက ခန့်နားသော အဆောင်အယောင်ဖြင့်သွားနေသော မာကျောက်ယိ၏ ဂုဏ်ကို အားကျငေးမောကာ ကြည့်နေကြလေသည်။

ထိုလူစုထဲတွင် ခန်းမို့ပါ ပါဝင်လေသည်၊ ခန်းမို့သည် ဈေးပေါက်ဝတွင်ငေးမောနေစဉ် သူ့အား တစ်စုံတစ်ယောက်က လာရောက်ထိကိုင်လိုက်သောကြောင့် ထိတ်လန့်ကာ လှည့်ကြည့်လိုက်၏။

ဘူတစ်ခါမျှမမြင်ဖူးသော အဘိုးကြီးတစ်ဦးဖြစ်၏၊ ဝတ်စုံအညိုရောင်ကိုဝတ်ဆင်ထားပြီး လက်မောင်းမှာ ပိန်လှီလှသည်။

'မောင်ရင် အဘကို ဘစ်ခုကူညီနိုင်မလား ခန်းမို့'

'ဘာကူညီရမလဲ အဘ'

ဟု မေးလိုက်၏။

'အဘ ကျန်းမာရေးမကောင်းလို့ ခိုင်ဖုန်းတရားရုံးကိုသွား

ချင်တယ်ကွယ်၊ အဘကို ခိုင်ဖုန်းတရားရုံးကို လိုက်ပို့ပါလား'

'ကိစ္စအရေးမကြီးရင်လဲ မသွားပါနဲ့ အဘရယ်၊ အဘ ကျန်းမာရေးနဲ့ ခရီးကပေးတယ်'

'အဘက ရက်အနည်းငယ်အတွင်း သေရတော့မယ့် လူပါ၊ ဒါပေမယ့် ခိုင်ဖုန်းတရားသူကြီးကို အဘ ပြောစရာတွေရှိတယ်၊ အဲဒါကို မပြောသွားမိရင် အဘ အသေဖြောင့်မှာ မဟုတ်ဘူး မောင်ရင်'

'ဒါဆိုလဲ ကျွန်တော် လိုက်ပို့ပါတော့မယ် အဘရယ်'

ပိန်လှီ၍ အိုမင်းသော အညိုရောင်ဝတ်စုံနှင့် အဘိုးအိုကို တွဲကာ ခန်းမိုကက ခေါ်ဆောင်လာခဲ့သည်၊ ခိုင်ဖုန်းတရားရုံးသို့ တာဟူးမြို့မှ အတော်ဝေးဝေးသွားရမည်ဖြစ်သည်။

စိတ်ကောင်းရှိသော ခန်းမိုမှာ ခရီးဝေးသွားမည်ဖြစ်၍ အဘိုးကြီးကိုပွေ့ကာ ပခုံးပေါ်တွင် ထမ်းလိုက်လေတော့၏။

'အို....မောင်ရင်၊ အားနာစရာကွယ်'



အခန်း (၂၀)

တပ်မှူးကျူးမာကျောက်ယီသည် သူ၏ခန်းမဆောင်တွင် တစ်ကိုယ်တည်း စဉ်းစားနေသည်၊ သည် တပ်မှူးထိုင်ခုံတွင် ထိုင်နေရာမှ ဝုန်းခနဲထကာ လက်သီးနှစ်ဖက်ဆုပ်၍ အံကို တင်းတင်းကြိတ်လိုက်၏။

'တောက်'

ကျယ်လောင်စွာ တောက်ခေါက်လိုက်သည်၊ ခန်းမထဲသို့ တပ်မှူးကြီးကတော် ချင်လွေ့ရင်က ဝင်လာသည်။

'ရှင့်မှာလဲ ဘယ်လိုဖြစ်နေတာလဲ၊ ညလဲ ကောင်းကောင်း မအိပ်၊ အစားအသောက်လဲ မစားဘူး'

'ငါ့မှာ တပ်မှူးကြီးဖြစ်မှ အခက်အခဲကစ်ခုကို ရင်ဆိုင်နေရတယ်ကွ'

မာကျောက်ယိက ချင်လွေ့ရင်ကို ဒေါသဖြင့် ဟော်လိုက်သည်။

'ကျွန်မ သိပါတယ်၊ ခိုင်ဖုန်းတရား သူကြီးက ရှင့်ကို တရားရုံးကိုခေါ်ပြီး အမှုစစ်လိမ့်မယ်၊ ရှင် အရင်က ဘုရင့်ဘဏ္ဍာတော်ငွေကို ခိုးပြီးဘိုက်ခဲ့တဲ့ အဖွဲ့ရဲ့ခေါင်းဆောင်လို့ လူပြောများနေတယ်၊ အဲဒါ တကယ်ပဲလား'

ချင်လွေ့ရင်မှာ တာဟူးမြို့သို့ မာကျောက်ယိ ရောက်ရှိလာပြီးမှ လက်ထပ်ခဲ့သူဇနီးဖြစ်၍ နောက်ကြောင်းများကို မသိ။

'ငါ့လိုလူမျိုးက ဒီအလုပ်မျိုး လုပ်ပါ့မလားကွ'

'ဒါတော့ မပြောနိုင်ဘူးရှင့်၊ ရှင်က လူဆိုးလူမိုက် တပည့်တွေမွေးထားတော့ ကျွန်မ သိနေတာပဲ၊ ဒါ ရှင့်ရဲ့စီးပွားဥစ္စာကို ကာကွယ်ဖို့လို့ ကျွန်မ တင်ခဲ့တာ၊ အခု ဘယ်လိုလုပ်မလဲ၊ စိတ်ပူစရာရှင်'

'ပူစရာမရှိတော့ပါဘူးကွာ၊ ငါ့ကို အရှက်ကွဲအောင်လုပ်ရင် ခိုင်ဖုန်းတရားသူကြီးကို အဲ့ဒီတရားရုံးမှာတင် ငါ အသေသတ်လိုက်မယ်'



'အို....ရှင်မဟုတ်ရင် ငြင်းပေါ့၊ သူတို့က ရှင့်ကို စွပ်စွဲတာဆိုရင်လဲ ရှင်ဟာ အိမ်ရှေ့မင်းသားရဲ့ တပ်မှူးကြီးပဲ၊ ရှင့်ဘက်က ခိုင်လုံရင် ဘာမှလုပ်လို့မရပါဘူး'

မာကျောက်ယိမှာ သက်ပြင်းချလိုက်သည်။

'မင်းပြောတာ ဟုတ်တယ်၊ ငါ့ကို ကရားစွဲဆိုဖို့ သူတို့မှာ သက်သေမလုံလောက်နိုင်ပါဘူး။ ငါဟာ ဘယ်နည်းနဲ့ဖြစ်ဖြစ် ဒီအမှုက လွတ်ရမှာပဲ'

'အဲဒါပြောတာပေါ့၊ သုခမိန်ကြီးက ဘုရင့်တရားသူကြီးရှင့်၊ ရှင် သူ့ကိုအခါခံပြီးတိုက်ခိုက်ရင်တော့ ရှင်ပဲ အသတ်ခံရမှာပဲ၊ ကျွန်မက အဲဒါ သိပ်စိုးရိမ်တာပဲ'

'မစိုးရိမ်ပါနဲ့ကွာ၊ ငါ့မှာငြင်းစရာလုံလောက်တဲ့အကြောင်းတွေ ရှိပါတယ်'

'ရှင် အိမ်ရှေ့မင်းသားကို ဒီအကြောင်းတွေ ပြောမပြဘူးလား'

'ပြောပြခဲ့ပါတယ်ကွာ၊ ဒါပေမယ့် သူကိုယ်တိုင် ငါ့အတွက် ရလိုရငြား သွားပြောတာတောင် တရားသူကြီးက ခေါင်းမာနေတယ်လို့ ပြောတယ်'

'သူ့ကို ရှင့်အကြောင်း မကောင်းပြောတဲ့လူတွေရှိလို့ ဖြစ်မှာပေါ့'

'ဒီလိုစကားမျိုးတွေ ယုံတယ်ဆိုရင်တော့ ပညာဉာဏ်ကြီး ဘယ်လို နာမည်ကြီးနေတဲ့ ခိုင်ဖုန်းဘရားသူကြီးဟာ အလကား ပဲပေါ့'

မာကျောက်ယိနှင့် ချင်လေ့ရင်တို့ စကားပြေ ဆိုနေစဉ် မှာပင် အပြင်မှ မာလေ့ရန်သည် အပြေးအလွှား ဝင်လာ၏။

'သား ဘာဖြစ်လာတာလဲ'

'ဖေဖေ....ဖေဖေ့ အကြောင်းကိုလေ လူတွေက မဟုတ် မမှန် ပြောနေတယ်၊ အဲဒါ ဖေဖေ့ရဲ့ ရဲမက်တွေနဲ့ ဖမ်းဆီးခိုင်း စမ်းပါ'

'ဘယ်သူတွေလဲ'

'မြို့ထဲကလူတွေပေါ့၊ သူဌေးယောင်ဆောင်တဲ့ လိုကျန်းဖုန်း အတုကိုတော့ မိသွားပြီတဲ့၊ ဘုရင့်ဘဏ္ဍာတော်တွေကို ခိုးပြ တိုက်ခဲ့တဲ့ ဓားပြကြီးချူးချန်းကိုလဲ မကြာခင် ခိုင်ဖုန်းဘရား သူကြီးက ဖော်ထုတ်တော့မယ်တဲ့၊ အဲဒါ တပ်မှူးကြီး မာ ကျောက်ယိပဲလို့ လူတွေက ပြောတယ် ဖေဖေ'

'ဘာကွ....ဒီလိုပဲပြောသလား'

'ဟုတ်တယ် ဖေဖေ၊ သားသားက အော်ငေါက်တာတောင် သူတို့က သားကိုလှောင်ပြောင်ကြတယ်'

'တွေ'

မာကျောက်ယိသည် ဒေါသဖြင့် တံတွေးထွေးလိုက်သည်။

'လက်ထောက်တပ်မှူး ကုန်းကျွေစမ်း'

'လာပါပြီ တပ်မှူးကြီး'

'ကျုပ်အကြောင်း မကောင်းပြောတဲ့ လူတွေမှန်သမျှ



ထောက်လှမ်းပြီး ဖမ်းဆီးစမ်းဗျာ'

'ဟုတ်ကဲ့'

'သတိထားပါဦးရှင်၊ ရှင် ဒီလိုလုပ်ရင် လူခမိန်ကြီးက ပိုပြီး အထင်လွဲနေပါမယ်'

## အခန်း (၅၁)

'သုခမိန်ကြီး....သုခမိန်ကြီးကို တွေ့ချင်လို့တဲ့၊ တရားရုံးရဲ့ အပြင်မှာ လူမမာအဘိုးအိုတစ်ယောက် ရောက်ရှိနေပါတယ်'

'လွှတ်လိုက်ပါ ကျန်ကျောင်းရယ်'

သုခမိန်ထိုင်နေသောအခန်းထဲသို့ ခမ်းမိုးက တွဲ၍ခေါ်လာသော လူမမာအဘိုးကြီးကိုတွဲကာ ခေါ်လာခဲ့သည်။

သုခမိန်ကြီးကို ကျွန်တော် ချင်တောက် ဂါရဝပြုပါတယ် ခင်ဗျာ'

သုခမိန်ကြီးက ယိုင်နဲ့နေသော အဘိုးအိုကိုတွဲကာ ကုလားထိုင်ပေါ်တွင် တင်ပေးလိုက်သည်။

'ထိုင်ပါ၊ ကျုပ်ကိုတွေ့ချင်တာ ဘာအကြောင်းများရှိလို့လဲ'



'ကျွန်တော့် အကြောင်းကစပြောပါရစေ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က တောင်ပိုင်းပြည်နယ်ကို သယ်ယူလာတဲ့ ဘုရင့်ဘဏ္ဍာတော်တွေကို ဓားပြတိုက်တဲ့ လူသုံးဦးထဲမှာ ကျုပ်ဟာ တစ်ဦးအပါအဝင်ဖြစ်တဲ့ ချင်တောက်ပါ'

သုခမိန်ကြီးက ခေါင်းညိတ်လိုက်သည်။

'ကျန်နှစ်ဦးက ဘယ်သူလဲ'

'တစ်ဦးက ကျင်းဖိန့်ခေါ်တဲ့လူပါ၊ ကျုပ်တို့ နှစ်ယောက်ကို ခေါင်းဆောင်တဲ့ကြယ်ပွင့်နီဓားပြခေါင်းဆောင်က ချူချန်းပါ'

'ချူချန်း ဟုတ်လား'

'ဟုတ်ပါတယ်၊ ဘုရင့် ဘဏ္ဍာတော်တွေကို တိုက်ယူပြီးတဲ့ အခါ ပြန်တဲ့လမ်းမှာ ပစ္စည်းဥစ္စာအတွက်ကျုပ်တို့ဟာလောဘဇောတွေတက်နေခဲ့ကြပါတယ်၊ ပထမတော့ ချူချန်းက ကျွန်တော့်ကို အယုံသွင်းပြီး ရလာတဲ့ရတနာတွေကို သုံးယောက်ခွဲယူချင် မင်းနဲ့ငါ ဝေစုနည်းမယ်၊ ဒီတော့ ကျင်းဖိန့်ကို ရှင်းပစ်လိုက်ဆိုလို့ ကျုပ်ဟာ ကျင်းဖိန့်ကို တောထဲမှာပဲသတ်ဖြတ်ခဲ့ပါတယ်'

'နောက်တော့ ဘာဆက်ဖြစ်သလဲ'

သုခမိန်ကြီးက စကားကို ထောက်ပေးလိုက်ရလေသည်။

'နောက်တော့ ချူချန်းဟာ ရတနာတွေ အားလုံးကို သူတစ်ယောက်ထဲ လိုချင်ပါတယ်၊ အဲဒီအတွက် ရတနာတွေကို သယ်လာတဲ့ ကျုပ်ကို လမ်းခရီးမှာတင် သူက ဒီနောက်ကကနေနဲ့ ခုတ်ပါတယ်၊ ဟောဒီ ကျုပ်ရဲ့ ညာဘက်ပခုံးစောင်းက ဒဏ်ရာဟာ သူ့လက်ချက်ပေါ့၊ ဒီလိုနဲ့ ကျုပ်တသွေးရူးသွေးတန်း

နဲ့ ဓားထုတ်ပြီး ပြန်တိုက်တော့ သူ့ရဲ့ကျောမှာ ဓားနဲ့ ကန့်လန့် ဖြတ်ခုတ်မိပါတယ်'

'သူ အဲဒီမှာတင် သေမသွားဘူးလား'

'မသေပါဘူးခင်ဗျာ၊ သူ့ရဲ့ဒဏ်ရာက ကျွန်တော်ရတဲ့ ဒဏ်ရာလောက် မဖြစ်ပါဘူး၊ ဆက်ပြီးတစ်ယောက်နဲ့ တစ်ယောက် တိုက်ကြရင်းနဲ့ ကျွန်တော်ဟာ မပန်နိုင်တော့ပါဘူး၊ ချူးချန်းဟာ ကျွန်တော့်ကို ချောက်ထဲ ကန်ချခဲ့ပြီး ထွက်သွားခဲ့ပါတယ်'

'ကျွန်တော်....'

ချင်တောက်မှာ စကားမဆက်နိုင်ဘဲ မောပန်း နွမ်းနယ်နေသည်၊ သုခမိန်ကြီးသည် ကုန်းစွန်းအား ချင်တောက်ကို အမောပြေစေရန်အတွက် ဆေးနှင့်ရေများ တိုက်ကျွေးစေ၏၊ ခဏကြာတော့မှ လူမမာအတိုးအိုချင်တောက်က စကားဆက်ပြောသည်။

'ချူးချန်းဟာ ရတနာတွေကို ယူပြီး ထွက်ခွာသွားပါတယ်၊ ကျွန်တော်ဟာ သေက မရောက် သက်မပျောက်ဖြစ်ခဲ့တဲ့အတွက် ဒဏ်ရာတွေ ပျောက်ကင်းတဲ့အခါ မြို့ရွာအနှံ့ သူ့ကို လိုက်ပြီးရှာခဲ့ပါတယ်၊ ဒါပေမယ့် သူ ရဲ့ခြေရာကို ခံလို့မရဘဲ ဒီတာဟူးမြို့ရောက်တဲ့အခါ ကျွန်တော့်မှာ ကျန်းမာရေးက အလွန် ဆိုးရွာနေပါပြီ၊ ကျွန်တော်ဟာ မကြာခင်မှာ သေတော့မှာပါ၊ အခုမှ သူဟာ မာကျောက်ယိဆိုတဲ့အမည်နဲ့ တပ်မှူးကြီးဖြစ်နေတယ်ဆိုတာ သိရတယ်၊ ဒီစကားတွေကို ကျွန်တော်မသေခင် ပြောပြချင်လွန်းလို့ သုခမိန်ကြီးဆီ လာခဲ့တာပါ'



သုခမိန်ကြီးသည် ချင်တောက်ကို သနားကရုဏာသက်သော မျက်လုံးများဖြင့် ကြည့်ရှုနေ၏။

'ဒီမှာ ချင်တောက် ခင်ဗျားဟာ ခိုင်ဖုန်းတရားရုံးကိုသာ ခဲ့ရင် ဓားပြမှုနဲ့ သေဒဏ် စီရင်ခံရမယ် ဆိုတာ မသိဘူးလား'

'သိပါတယ် သုခမိန်ကြီးခင်ဗျား ဒါပေမယ့် မကောင်းမှုအမျိုးမျိုးလုပ်ခဲ့တဲ့ ကျွန်တော် ဘဝမှာ မကောင်းမှုကြောင့် ခံစားရတဲ့ ဒုက္ခအမျိုးမျိုးတွေကြုံခဲ့ရတာ သဘာထက်တောင် ပိုဆိုးနေပါပြီ ကျွန်တော့်ကို ဒီလိုဘေးဒုက္ခတွေ့အောင်နှိပ်စက်တဲ့သူ၊ ယမ်းညွန့်သူဖြစ်တဲ့ ချူးချန်းဟာ တပ်မှူးတစ်ယောက်အဖြစ်နဲ့ သူ့ရဲ့ ဖြစ်မှုတွေက လွတ်မြောက်ပြီး ခံစားစံစားနေရတာကို မမျှတဘူးလို့ထင်လို့ သုခမိန်ကြီးဆီကို ဒီလိုလာရောက် ဖွင့်ဟဝန်ခံတာပါပဲ'

ချင်တောက်သည် ဒုစရိုက်လုပ်ငန်းများ လုပ်ကိုင်ခဲ့ပြီးနောက် ဆိုးရွားသော ဒုက္ခများကို ကြုံတွေ့ပြီး သေဆုံးလုနီးအချိန်တွင် နောင်တတရား အကြီးအကျယ် ရနေပြီဖြစ်ကြောင်း သုခမိန်ကြီး သိရှိလိုက်သည်။

'ချင်တောက် မကောင်းမှုကို ပြုလုပ်တဲ့သူတွေဟာ ဘယ်လောက်ပဲ ပုန်းကွယ်နေနေ ကံတရားနဲ့ အမှန်တရားကတော့ ခွင့်မလွှတ်ပါဘူး၊ ဒီတော့ တရားရုံးမှာ သက်သေခံ အဖြစ်နဲ့ ချင်တောက်ဟာ ဒီအဖြစ်အပျက်ကို တင်ပြနိုင်ပါ့မလား'

'သုခမိန်ကြီး ကျွန်တော်မသေခင် ဒီအမှုကို စစ်ဆေးမယ်ဆိုရင် တင်ပြပါ့မယ်၊ သက်သေခံပါ့မယ်'

မြေပြင်တို့ လက်ထောက်ကာ ခေါင်းအကြိမ်ကြိမ်ညိတ်၍ ချင်တောက်က သုခမိန်ကြီးကို ကတိပေးနေလေသည်၊ ချင်တောက်က ကိုယ်မှာ ယိမ်းယိုင်နေပြီဖြစ်သည်၊ ပြင်းထန်သောရောဂါကြောင့် နှစ်ရက်သုံးရက်အတွင်း သေဆုံးသွားနိုင်သည်ကို သုခမိန်ကြီးက ရိပ်မိလေသည်။

'ကုန်းစွန်း ချင်တောက်ကို သမားတော်နဲ့ ခေါ်ပြီး အကျသာအောင် ကုသပါ၊ သူစားချင်တဲ့ စားကောင်းသောက်ဖွယ် တွေလဲ ကျွေးပါ'

ကုန်းစွန်းနှင့် ခန်းမို့တို့က ချင်တောက်ကိုတွဲကာ သုခမိန်ကြီးရှေ့မှ တွဲခေါ်သွားကြလေသည်။

'ကျန်ကျောင်းတပ်မှူးကြီး မာကျောက်ယိုကို ခိုင်ဖုန်းတရားရုံးကို လာခဲ့ဖို့ သွားခေါ်ပေါ့၊ ဝမ်ချောင်းမောဟန် တရားရုံးဖွင့်မယ်'

သုခမိန်ကြီးသည် တရားရုံးကို အမှုစစ်ဆေးရင် ပြင်ဆင်ခိုင်းလိုက်လေသည်။

## အခန်း (၅၂)

ကျန်ကျောင်းသည် ရဲမက်များနှင့်အတူ မိုးမျှော် စံအိမ်သို့ ထွက်ခွာလာခဲ့လေသည်၊ မိုးမျှော်အိမ်တံခါးဝတွင် တပ်မှူးကြီး၏ ကိုယ်ရံတော်များက စောင့်ကြပ်နေကြသည်၊ တံခါးကြီးကို ဖွင့်၍ မပေးသေးပေ။

'ဘယ်သူလဲ ဘာကိစ္စလဲ'

တပ်မှူးကြီး၏ လက်ထောက် ကုန်းကျွစမ်းက ကျန်ကျောင်းကို ဆီးကြိုမေးမြန်းလိုက်သည်၊

'ဘုရင့်ရဲ့ ထောက်လှမ်းရေးတပ်မှူး ကျန်ကျောင်းပါ၊ တပ်မှူးကြီး မာကျောက်ယိုကို ခိုင်ဖုန်းတရားရုံးက သုခမိန်ကြီးက တွေ့ဆုံလိုတဲ့အတွက် လာရောက်ခဲ့ခြင်း ဖြစ်ပါတယ်'

အိမ်ရှေ့မင်းသား၏ တပ်မှူးကြီးလက်ထောက်သည်ဘုရင့် ထောက်လှမ်းရေးမှူး ကျန်ကျောင်းကို တားဆီးပိတ်ပင်၍ မရ

ပေါ လေးပင်သော တံခါးကြီးကို ကိုယ်ရံတော်ရဲမက်များက ဆွဲဖွင့်ပေးလိုက်ရသည်။

ကျန်ကျောင်းသည် နောက်လိုက်ရဲမက်များနှင့်အတူ မိုးမျှော်စံအိမ်ကြီးပေါ်သို့ တက်လာခဲ့သည်၊ စံအိမ်မှ ကိုယ်ရံတော်များသည် ကျန်ကျောင်းကို လမ်းဖယ်ပေးလိုက်ကြ၏။

တပ်မှူးကြီး မာကျောက်ယိမှာ ခန်းမကြီးထဲတွင်စိတ်လှုပ်ရှားမှုဖြင့် လမ်းလျှောက်နေသည်၊ အနီရောင်ဝတ်စုံ ဝတ်ထားသော ကျန်ကျောင်းသည် မာကျောက်ယိရှိရာသို့ လျှောက်လှမ်းလာကာ မာကျောက်ယိ၏ရှေ့တည့်တည့်တွင် ရပ်လိုက်သည်။

'ဟေ့ ကောင် မင်းဘယ်သူလဲ၊ ဘာကိစ္စနဲ့ ငါ့အခန်းထဲအထိ ရောက်လာတာလဲ'

မာကျောက်ယိက ခက်ထန်သော အသံဖြင့်မေးမြန်းလိုက်သည်။

'ခိုင်ဖုန်း တရားသူကြီး ပေါင်ချင်းကျန်းက တပ်မှူးကြီး မာကျောက်ယိကို တရားရုံးကိုလာဖို့ခေါ်တဲ့အတွက် ဘုရင့်ထောက်လှမ်းရေးမှူး ကျန်ကျောင်းက လာခေါ်တာပါ'

'ငါက အိမ်ရှေ့မင်းသားရဲ့ တပ်မှူးကြီးကွ၊ ခိုင်ဖုန်းတရားသူကြီးက ခေါ်တိုင်း လိုက်ရမှာလား'

'ကျုပ်ကလဲဘုရင့်ထောက်လှမ်းရေးမှူးကြီး ကျန်ကျောင်းပါ'

မာကျောက်ယိမှာ နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။



'မဟုတ်မမှန်စွပ်စွဲပြီး ခေါ်တော့ရောင်ါကလိုက်ရမှာလား'

ကျန်ကျောင်းသည် ဓားပေါ်သို့ ညာလက်ကိုင်လိုက်သည်။

'ကျုပ်ကလဲ မလိုက်ရင် လိုက်အောင်ခေါ်ဖို့ တာဝန်ရှိပါတယ်'

ကျန်ကျောင်း၏ မာကျောခက်ထန်သော စကားကြောင့် နံရံတွင် ချိတ်ဆွဲထားသော ဓားကို မာကျောက်ယိက ဆွဲယူလိုက်သည်၊ ထို့နောက်ကျန်ကျောင်းထံသို့ ခုန်ဝင်ကာ တိုက်ခိုက်လိုက်၏။

ကျန်ကျောင်းက နောက်သို့ ခြေတစ်လှမ်း ဆုတ်ပေးကာ မာကျောက်ယိကို ငြင်းပြင်းထန်ထန် တုန့်ပြန် တိုက်ခိုက်လိုက်သည်၊ မာကျောက်ယိသည် ကျန်ကျောင်း၏ တိုက်ကွက်ကို ရှောင်တိမ်းရင်း အခန်းထဲမှ ထွက်ပြေးရန်ဟန်ပြင်လိုက်၏။

ကျန်ကျောင်းနှင့်ပါလာသော ရဲမက်များက မာကျောက်ယိ၏ ထွက်ပေါက်ကို ပိတ်ထားလိုက်သည်၊ နောက်သို့ပြန်လှည့်ကာ ကျန်ကျောင်းကို တိုက်ခိုက်ဖို့ ပြင်လိုက်ချိန်တွင်ကျန်ကျောင်းက လေထဲသို့ခုန်တက်ကာ မာကျောက်ယိ၏ဓားကိုင်လက်ကို ညာခြေဖြင့် ကန်ထုတ်လိုက်သည်။

'အား'

'ခွမ်း'

ဓားက လက်ထဲမှလွတ်ကာ ယိုင်သွားစဉ် ကျန်ကျောင်းက ဓားနောင့်ဖြင့် မာကျောက်ယိ၏ ဦးခေါင်းကို ထုလိုက်သည်။

'အား'

မာကျောက်ယိမှာ အိမ်ကြမ်းပြင်ပေါ်သို့ ဝမ်းလျားထိုး

မှောက်ကျသွားသည်၊ ရဲမက်များက မာကျောက်ယိအား ဓားဖြင့် ထောက်ထားလိုက်သည်၊ မာကျောက်ယိသည်ခေါင်း ထောင်တာ ပတ်ဝန်းကျင်ကိုကြည့်လိုက်သည်။

'သူ့အခြေအနေမှာ ခုခံ၍မရတော့ပေ၊ ကျန်ကျောင်းက ရဲမက်များကို အမိန့်ပေးလိုက်သည်။

'သူ့ကို ကြိုးတုပ်ပြီးခေါ်ခဲ့'

ကျန်ကျောင်း၏အမိန့်အတိုင်း ရဲမက်များက ကြိုးတုပ်၍ မာကျောက်ယိကို ဖမ်းဆီးလိုက်သည်၊ မာကျောက်ယိသည် နီရဲသောမျက်လုံးများဖြင့် အံကိုကြိတ်လိုက်သည်။

'သူ့မှာ ဘာအပြစ်ရှိလို့ ဖမ်းတာလဲ၊ သူက တပ်မှူးကြီး ပါရှင့်'

'ဖေဖေ....ဖေဖေ့ကို မဖမ်းပါနဲ့'

မာကျောက်ယိ၏ ဇနီးနှင့်သားတို့က ငိုယိုတားမြစ်ကြသည်၊ ရဲမက်များက တွန်းဖယ်ကာ မာကျောက်ယိကို အခန်းထဲမှ ဆွဲခေါ်သွားကြလေသည်။

## အခန်း (၂၃)

ခိုင်ဖုန်းတရားရုံးတွင် ရဲမက်များ အသင့်နေရာယူပြီးဖြစ်သည်၊ ခိုင်ဖုန်းတရားသူကြီး ပေါင်ချင်ကျန်းသည် တရားသူကြီး၏ နေရာစားပွဲတွင် ခံ့ညားစွာ ထိုင်နေသည်၊ အနားနှစ်ဖက် အပေါ်သို့ထောင်နေသည့် တရားသူကြီးဦးထုပ်ကို ဆောင်းထားပြီး တရားစီရင်ရေးခန်းမအတွင်းသို့ မာကျောသော မျက်နှာဖြင့် ဝင်ရောက်လာသော တပ်မှူးကြီး မာကျောက်ယိကို စူးစိုက်ကြည့်လိုက်သည်။

ခိုင်ဖုန်းတရားသူကြီးသည် ရှေ့၌ရပ်နေသော မာကျောက်ယိကို စူးစိုက်ကြည့်လိုက်။

'ကျွန်တော် တပ်မှူးကြီး မာကျောက်ယိ သုခမိန်ကြီးကို ဂါဝရပြုပါတယ်'

ခိုင်ဖုန်းတရားသူကြီးက ခေါင်းညိတ်လိုက်သည်။

'မာကျောက်ယံ ဒီတရားရုံးမှာ သင့်ကို စေးပြုမှု၊ လူသတ်မှု တွေနဲ့ စစ်ဆေးစရာရှိတယ်၊ သင်ဟာ ပြစ်မှုကျူးလွန်ခဲ့တယ် ဆိုရင် ဝန်ခံပါ''

မာကျောက်ယံက ခေါင်းခါလိုက်သည်။

'ဒီမှာ သုခမိန်ကြီး၊ ကျုပ်ဟာ အိမ်ရှေ့မင်းသားရဲ့ ကိုယ်ရံတော်ဘဝက တပ်မှူးကြီးတစ်ဦးဖြစ်ပါတယ်၊ ဒီလို မဟုတ်မမှန်တဲ့ တိုင်ကြားမှုတွေနဲ့ တရားရုံးကိုခေါ်ပြီး စစ်ဆေးတာဟာ ကျုပ်ရဲ့ဂုဏ်သိက္ခာကို ထိခိုက်ပါတယ်'

'တိတ်စမ်း'

'ဒုန်း....ဒုန်း....ဒုန်း'

သုခမိန်ကြီးက မာကျောက်ယံကို စားပွဲထု၍ အော်ငေါက်ကာ စကားရင်ဒိုင်းသို့ကိုသည်။

'ကျုပ်ဟာ ဘုရင့်ရဲ့တရားသူကြီး ဖြစ်တယ်၊ တရားစီရင်တဲ့ နေရာမှာ ဘာရှာထူး ဘာအရာရှိကိုမှ ကျုပ်ဟာ ငဲ့ကွက်စရာ မလိုဘူး၊ ဒါကြောင့် တရားရုံးမှာ အပြစ်ရှိရင် ရှိတဲ့အတိုင်း ဝန်ခံပါ၊ မရှိရင်လဲ ငြင်းဆိုနိုင်ပါတယ်'

'သုခမိန်ကြီး၊ ကျုပ်မှာ ဘာအပြစ်မှ မရှိပါဘူး၊ ဘာပြစ်မှုမှလဲ မကျူးလွန်ခဲ့ပါဘူး'

မာကျောက်ယံက ခက်ခက်ထန်ထန် ငြင်းဆိုလိုက်သည်။

'မာကျောက်ယံ မှန်သောစကားကို ပြောဆိုပါ၊ ဒီအချိန်မှာ ဝန်ခံရင် အိမ်ရှေ့မင်းသားရဲ့ ထပ်မှူးတစ်ယောက်အနေနဲ့ ကြီးလေးတဲ့ ပြစ်ဒဏ်ကို လျော့သင့်ရင် လျော့ပေါ့လို့ရသေးတယ်'



'ဟား ဟား ဟား ဘာသက်သေအထောက်အထားမှ မရှိဘဲ ကျုပ်ကို သိက္ခာကျအောင် အစ်အောက်ပြီး မေးမနေပါနဲ့တော့ သုခမိန်ကြီး၊ ကျုပ်ဟာ ဘာပြစ်မှုကိုမှ ကျူးလွန်တဲ့သူ မဟုတ်ပါဘူး'

တရားသူကြီး၏ရှေ့တွင် မသေမဲ့မြင် အမူအရာဖြင့် ကိုယ်ကို လှုပ်ယမ်းကာ ရယ်မောရင်း ငြင်းဆိုလိုက်လေသည်။

'မာကျောက်ယံ၊ ကျူးလွန်ခဲ့တဲ့ မကောင်းမှုတွေဟာ ကိုယ့်နောက်ကို အရိပ်လို ဖျောက်ဖျက်လို့မရအောင် လိုက်လာတတ်တယ်၊ ဝမ်ချောင်း မောဟန်၊ ကျန်းလို၊ ကျောက်ဟူ.... သက်သေတစ်ယောက်ကို လွှတ်လိုက်ပါ'

တရားရုံးအပေါက်ဝမှ ပန်းမာလာစားသောက်ဆိုင်ပိုင်ရှင် ချူးကု ဝင်လာသည်၊ ချူးကုသည် ဒူးထောက်ကာ သုခမိန်ကြီးကို အရိုအသေပြုလိုက်လေသည်။

'ချူးကု အခု တရားရုံးမှာ ရပ်နေတဲ့လူကို မင်းသိသလား'

ချူးကုက ဒူးထောက်ရာမှ ခေါင်းညိတ်ပြလိုက်သည်။

'သူဘယ်သူလဲ၊ မင်းနဲ့ ဘယ်လိုပတ်သက်သလဲ'

'သူဟာ မာကျောက်ယံပါ၊ မိုးမျှော်စံအိမ်က တပ်မှူးကြီးဖြစ်ပါတယ်၊ သူဟာ ကျုပ်ကို ဝမ်ချောင်းကိုသတ်ဖို့ ကြိုတင်မှာကြားထားပါတယ်'

ချူးကု၏စကားအဆုံးတွင် မာကျောက်ယိက ချူးကုကို ဒေါသဖြင့် လှည့်ကြည့်လိုက်သည်။

'သူ့ကို ကျုပ်မသိပါဘူး၊ သူနဲ့လဲ ဘာအဆယ်အသွယ်မှ မရှိပါဘူး၊ ကျုပ်ကို မြင်ဖူးတွေ့ဖူးပြီး တရားသူကြီးရဲ့ မှာကြားချက်အတိုင်း ခုလို လူသတ်မှုနဲ့ ဖွပ်စွဲတာကတော့ ဘယ်တရားမျှတပါ့မလဲ'

သုခမိန်ကြီးမှာ မာကျောက်ယိက တုန့်ပြန်ပြောဆိုမှုကြောင့် မျက်မှောင်ကျုံ့သွားသည်။

'မာကျောက်ယိ... မင်းဟာ တော်တော် ရက်စက်ကြမ်းကြုတ်တဲ့လူပါလား၊ သူ့ကို ဝမ်ချောင်းနဲ့ပတ်သက်ပြီး နှုတ်ပိတ်ခိုင်းခဲ့တာကို မင်းကွယ်ဝှက်ချင်လို့လား'

'ကျုပ်ကိုမုန်းလို့ ရန်ညိုးနဲ့ပြောတဲ့ စကားတိုင်းကို လက်ခံယုံကြည်ပြီး တစ်ဖက်သတ် တရားစီရင်လို့တော့ ဘယ်လက်ခံနိုင်ပါ့မလဲ တရားသူကြီး သုခမိန်ကြီး'

'ကောင်းပြီ၊ ဝမ်ချောင်း၊ မောဟန် ချူးကုကို ပြန်ခေါ်သွားပြီး နောက်ထပ် သက်သေတွေ ထပ်လွှတ်လိုက်ပါဦး'

တရားရုံးခန်းမထဲသို့ မျက်နှာဖုံးစွပ်ကိုကိုင်ကာ လူတစ်ယောက်ဝင်လာသည်၊ ထိုသူမှာ ရှောင်ဟုန်ပင်ဖြစ်သည်၊ နောက်ထပ် ရှောင်ဟုန်နောက်မှ ကျောင်းဖုက လိုက်ဝင်လာသည်၊ ကျောင်းဖုနောက်မှ ရင်ဘက်တွင် ပတ်တီးစီးထားသော အော့ညက်ကိုကာန်ကျောင်းကတွဲ၍ခေါ်လာခဲ့သည်၊ ထိုလူသုံးယောက်လုံး သုခမိန်ကြီးကို ဒူးထောက်ကာ အရိုအသေပြုလိုက်သည်။



'အခုဘရားရုံးကို ရောက်လာတဲ့ သက်သေတွေဟာ ဘယ်သူတွေလဲ'

'ကျွန်တော် လိုကျန်းဖုန်းဟန်ဆောင်ခဲ့တဲ့ ရှောင်ဟုန်ပါ'

'ကျွန်တော်က ရုပ်တုနဲ့ ပန်းချီအတတ်ပညာနဲ့ အသက်မွေးတဲ့ ကျောင်းဖုပါ'

'ကျွန်တော်က မာကျောက်ယိရဲ့ လူယုံတော် အော့ညက်ပါ'

သုခမိန်ကြီး ခေါင်းညိတ်လိုက်သည်။

'ကဲ့....အခု သင်တို့ရှေ့မှာ အမှုစစ်ခံရနေရတဲ့သူကို သူ့ကို သင်တို့သိပါသလား'

သုံးယောက်လုံး ခေါင်းညိတ်လိုက်သည်။

'ကဲ....ရှောင်ဟုန်၊ မာကျောက်ယိဟာ မင်းကို ဘယ်လို အကူအညီပေးခဲ့သလဲ'

'မာကျောက်ယိက ကျွန်တော့်ကို သူဌေးကြီးလိုကျန်းဖုန်းကိုသတ်ပြီး သူ့ခင်ဗျားအစားလုပ်ဖို့ ကူညီခဲ့ပါတယ်'

'ထွီ...မင်းက ဘာစကားပြောတာလဲ၊ မင်းနဲ့ငါနဲ့ ဘာဆိုင်လို့လဲ၊ အခြေအမြစ်မရှိတာကို မစွပ်စွဲပါနဲ့'

'တိတ်စမ်း မာကျောက်ယိ၊ ရုံးတော်မှာ ရိုင်းစိုင်းတဲ့ အမူအရာနဲ့ စကားမပြောပါနဲ့'

'မင်းကိုစစ်မေးနေတာ မဟုတ်ဘူး၊ မင်းကိုမေးမှ မင်းစကားပြောခွင့်ရှိတယ်'

မာကျောက်ယိသည် ဒေါသကို ထိန်းထားရပုံမျိုးဖြင့် အံကို တင်းတင်းကိုတ်ထားလိုက်သည်။

'ကျောင်းဖု မင်းက ဒီအမှုမှာ ဘယ်လိုပတ်သက်နေသလဲ'

'ကျွန်တော်က သူဌေးကြီး လိုကျန်းဖုန်းရဲ့ မျက်နှာဖုံးအတုကို လုပ်ပေးခဲ့ရပါတယ်၊ ကျွန်တော်ကို ဟောဒီက အောညက်က အလုပ်အပ်ပြီးတော့ သတိမေ့နေတဲ့ သူဌေးကြီးအိမ်ကိုလိုက်ပြီး ဒီမျက်နှာဖုံးယူရပါတယ်'

သုခမိန်ကြီးက တစ်ဦးပြီးတစ်ဦး မေးခွန်းများ မေးနေသည်။

'အောညက် သူဌေးကြီးလိုကျန်းဖုန်းကို မျက်နှာဖုံးအတုလုပ်ဖို့ မင်းကို ဘယ်သူက ခိုင်းစေတာလဲ'

'ဟောဒီ တရားရုံးမှာ ရပ်နေတဲ့ ကျွန်တော့်ရဲ့ အရှင်သခင် မာကျောက်ယိက ခိုင်းပါတယ်'



'နောက်တော့ သူဌေးလိုကျန်းဖုန်းကို မင်းတို့ ဘာလုပ်လိုက်ကြသလဲ'

အောညက်ကို ချက်ချင်းထသတ်တော့မည့် မျက်နှာမျိုးဖြင့် မာကျောက်ယိက ကြည့်နေ၏။

'သူဌေးလိုကျန်းဖုန်းကို မာကျောက်ယိက အဆိပ်ကျွေးပြီးသတ်ဖို့ အမိန့်ပေးတဲ့အတိုင်း ကျွန်တော် လိုက်နာခဲ့ပါတယ်'

'ဘာကွ...ငါဘယ်တုန်းက မင်းကိုသတ်ခိုင်းခဲ့လို့လဲ၊ မင်းက သက်သက် ငါ့ကိုချောက်တွန်းတာပဲ၊ မင်းက လိုကျန်းဖုန်းရဲ့ လူယုံပဲ၊ မင်းနဲ့ ဒီရှောင်တုန် ပေါင်းပြီးကြံတာ မဟုတ်လား'

'ဒုန်း'

'ဒုန်း'

'ဒုန်း'

ခိုင်ဖုန်းတရားသူကြီး သုခမိန်ကြီးက စားပွဲထုကာ....

'မာကျောက်ယိ တရားရုံးကို မသေးမခန့် မလုပ်ပါနဲ့၊ တိတ်စမ်း'

ဟု ပြောလိုက်၏။

'မတရားသက်သက် စော်ကားစွပ်စွဲနေတာကို ကျုပ်က ခံနေမှာလား'

'တရားရုံးမှာ မလေးမခန့်လုပ်နေတဲ့ မာကျောက်ယိကို ဆုံးမလိုက်စမ်း'

-သုခမိန်ကြီးက အမိန့်ပေးလိုက်သည်နှင့်....

ကျန်းလုံနှင့် ကျောက်ဟူတို့သည် မာကျောက်ယိကို ဆုပ်ကိုင်ကာ ပါးကိုဘယ်ပြန်ညာပြန် ရိုက်လိုက်မိသည်။

မာကျောက်ယိမှာ မျက်လုံးမျှားနီရဲလာကာ အော်ကြိတ်လိုက်မြန်သည်။

'မာကျောက်ယိ မင်းရဲ့အပြစ်ကို မင်း ဝန်မခံသေးဘူးလား'

'သုခမိန်ကြီး၊ ဒါဟာ အကွက်ဆင်ပြီးတော့ ကျုပ်ကို သက်သက်စွပ်စွဲတာတွေပဲ၊ သူတို့ဒီလိုပြောတိုင်း ကျုပ်ဟာ ပြစ်မှုကျူးလွန်တဲ့လူလို့ ယူဆလို့ ခိုင်လုံပါ့မလား'

သုခမိန်ကြီးမှာ မာကျောက်ယိ၏ စကားကြောင့် မျက်နှာပျက်သွားသည်။



'ဟာ...မာကျောက်ယိ မင်းက ခုထက်ထိ ငြင်းနေတုန်းပဲလား၊ မင်းဟာ ဘုရင့်ဘဏ္ဍာတော်တွေကိုလဲ ခိုးပြတိုက်ခဲ့သေးတယ်၊ ကိုယ်နဲ့အတူပူးပေါင်းခဲ့တဲ့ အချင်းချင်းကိုလဲ ရက်စက်စက် သတ်သေးတယ်၊ ပြီးတော့ မင်းသတ်ခဲ့တဲ့ လူသတ်မှုတွေဟာ များပြီ၊ မင်းဟာ ကောက်ကျစ်တဲ့ ကြယ်ပွင့်နီ ခိုးပြဂိုဏ်းခေါင်းဆောင်ဆိုတာ ငါသိတယ်၊ မင်း ဝန်ခံပါ'

'သုခမိန်ကြီးက မမှန်သက်သေတွေ ပြပြီးတော့ ဒီလို ကျုပ်ကို မတရားလုပ်လို့ကော ဘယ်ရပါ့မလဲ၊ ကျုပ်ဟာ အိမ်ရှေ့မင်းရဲ့ တပ်မှူးကြီးပါ'

'ဒီမှာ မာကျောက်ယိ၊ အပြစ်ရှိတဲ့တရားခံဆိုရင် ငါဘယ်ဝန်ကြီး ဘယ်မှူးမတ်ကိုမှ မကြောက်ဘူးကွ၊ တရားဖောက်ိုင်းစီရင်ရမှာပဲ၊ ကဲ....မင်းကို နောက်ထပ် သက်သေတစ်ယောက် ပြရဦးမှာပေါ့၊ ဝမ်ဂျောင်း၊ မောဟန် နောက်ထပ် သက်သေတစ်ယောက်ကို သွတ်လိုက်ပါ၊ သူတို့ကို ပြန်ခေါ်သွား'

အောညက်၊ ကျောင်းဖုနှင့် ရှောင်ဟုန်တို့ကို ရဲမက်များက ပြန်ခေါ်သွားကြသည်၊

မြို့ဝန်ချုပ်ရင်ထန်သည် အရပ်ဝတ်အရပ်စားနှင့် ခေါင်းငိုက်စိုက်ချကာ တရားခွင်သို့ ရောက်လာသည်၊

'ဒီမှာ မာကျောက်ယိ၊ သူ့ကိုတော့ မင်း သိတယ်မဟုတ်လား'

မာကျောက်ယိမှာ မြို့ဝန်ချုရင်ထန်ကိုကြည့်ကာ မျက်နှာပျက်သွား၏။

'မြို့ဝန် ချုရင်ထန်ပါ'

'အေး....မင်းက သူ့ကို လက်ဆောင်တွေပေး၊ ငွေကြေးတွေပေးပြီးတော့ မင်းနဲ့ ရှောင်ဟုန်တို့အကြောင်းကိုပါ မသိအောင် ဖုံးကွယ်ခိုင်းခဲ့တယ်လေ၊ ချုရင်ထန်ဟာ သူ့ကိုယ်သူဝန်ခံလို့ ငါတရားစီရင်ပြီး ဖမ်းချုပ်ထားပြီးပြီ၊ ကဲ....ချုရင်ထန် မာကျောယိနဲ့မင်း ဘယ်လိုဆက်သွယ်ခဲ့သလဲ'

'ကျောင်းဖုရဲ့ တပည့်နှစ်ဦးကိုသတ်မှု၊ ဝမ်ချောင်းကိုချုထန်ကတစ်ဆင့် သတ်ခိုင်းမှု၊ ပြီးတော့ ဘုရှေးကြီး လိုကျန်းဖုန်းကိုသတ်မှုနဲ့ ဒုစရိုက်မှုတွေအတွက် မာကျောက်ယိဟာ ကျွန်တော့်ကို ငွေကြေးအမြောက်အမြား ပေးခဲ့ပါတယ်'

'ထွီ....သစ္စာမရှိတဲ့ကောင်၊ ချုရင်ထန် မင်း တော်တော်သစ္စာမရှိပါလား'

မာကျောက်ယိမှာ ချုရင်ထန်ကို ဒေါသဖြစ်၍ အော်ဟစ်လိုက်သည်။

'ဒီတော့ လူသတ်မှုတွေနဲ့ ခေါးပြုမှုတွေကို ဝန်ခံလိုက်စမ်းပါ မာကျောက်ယိ'



မာကျောက်ယိက ခေါင်းကို သွင်သွင်ခါယမ်းလိုက်သည်။

'ကျုပ် ဒီလူသတ်မှုတွေကို ကိုယ်တိုင်ကျူးလွန်ခဲ့တာ မဟုတ်ပါဘူး၊ ပြီးတော့ ကျုပ်ဟာ ခေါးပြုဂိုဏ်းခေါင်းဆောင်လဲ မဟုတ်ဘူး'

'ဘာကွ....အခုထက်ထိ ငြင်းနေတုန်းပဲလား'

သုခမိန်ကြီးက လက်မြှောက်ပြလိုက်သည်နှင့် ချုရင်ထန်ကို ရဲမက်များက ပြန်၍ခေါ်ဆောင်သွားကြလေသည်။

'ဒီမှာ မာကျောက်ယိ၊ ဒီသက်သေကိုတော့ မင်း ဘယ်လိုမှ ငြင်းနိုင်မှာ မဟုတ်ဘူး'

'သူ ဘယ်သူလဲ'

မာကျောက်ယိ လှည့်ကြည့်လိုက်သည်၊ တရားရုံးထဲသို့ မိန်းမပျိုလေးတစ်ဦး ဝင်ရောက်လာသည်၊ မာကျောက်ယိမှာ ဟန်ပင်မဆောင်နိုင်ဟော့။

'သာမီး'

'သမီး'

'ယွင်ဖေးချူး ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေတာလဲ'

ယွင်ဖေးချူးက မျက်နှာကို တစ်ဖက်သို့ လှည့်လိုက်သည်။

'ကဲ....မာကျောက်ယိ၊ ယွင်ဖေးချူးဟာ မင်းရဲ့ သမီးအရင်းလား'

'ဟုတ်ပါတယ် တရားသူကြီးမင်း'

မာကျောက်ယိက ဝမ်းသာအားရ ပြောလိုက်သည်။

'အာကွ....ယွင်ဖေးချူး သူက သမီးရဲ့ အဖေအရင်းလား'

ယွင်ဖေးချူးက ခေါင်းခါယမ်းလိုက်သည်။

'ဒါဖြင့် သမီးရဲ့အဖေက ဘယ်သူလဲ'

'သမီးရဲ့ အဖေဟာ ချူကန်းကျန်းပါ၊ ဒီကစားပွဲကြီး ချူးချန်းဟာ သမီးတို့အိမ်မှာ လာဘည့်ပြီးတော့ သမီးရဲ့ ဖေဖေကို သတ်ဖို့ကြိုးစားတယ်၊ ဖေဖေ ဒဏ်ရာနဲ့ထွက်ပြေးတော့ မေမေနဲ့သမီးကို ခေါ်ဆောင်သွားခဲ့ပါတယ်၊ မေမေကို နှိပ်စက်သတ်ဖြတ်ပြီးတော့ သမီးကိုတော့ ကြီးပြင်းအောင် မွေးစားခဲ့ပါတယ်'

မာကျောက်ယိ မျက်လုံးအိမ်မှ မျက်ရည်များစဲလာသည်။

'သမီး....သမီးကို ဘယ်သူက သေနံခဲ့ပြီး ဒီလိုမဟုတ်တဲ့ စွပ်စွဲမှုကို သင်ပေးရတာလဲ'

မာကျောက်ယိက ဝမ်းနည်းစွာဖြင့် ပြောလိုက်၏။

'ဦးလေးအားရှောင်က ကျွန်မကို အကုန်ပြောသွားပြီးပါပြီ၊ ကျွန်မရဲ့အဖေဆီကို ကျွန်မလိုက်သွားလို့ သံသေခေါ်းကို တောင်ယူလာပြီးပါပြီ၊ ရှင်ဟာ ကျွန်မအမေကိုလဲသတ်တယ်



ကျွန်မအဖေရဲ့ ကျွန်မကိုလဲ တစ်သက်လုံး မမြင်တော့ရအောင် မိသားစုအပေါ်ကအကုန်ကို ဖျက်ဆီးခဲ့တဲ့ ရက်စက်ယုတ်မာသူပဲ'

ခိုင်ဖုန်းတရားရုံးမှ သုခမိန်ကြီးသည် တားမြစ်ခြင်းမပြုဘဲ ယွင်ဖေချူးစကားများကို နားထောင်ရင်း ကရုဏာသက်စွာ ကြည့်နေလေ၏။

'ဘာပဲဖြစ်ဖြစ် သမီးကို ဒီအရွယ်ထိ လူလားမြောက် အောင် ဖေဖေကျွေးမွေးစောင့်ရှောက်ခဲ့တာပဲ'

ယွင်ဖေချူးက ခေါင်းခါလိုက်သည်။

'ကျွန်မအမေနဲ့အတူ ကျွန်မကိုသတ်လိုက်တာက နောင်ဘ မှာ မိသားစုမြန်မြန်ဆုံတွေ့နိုင်ကြအားသတယ်လို့ ကျွန်မထင်တယ်'

သုခမိန်ကြီးသည် ကျန်ကျောင်းအား ယွင်ဖေချူးကို ပြန်လည်ခေါ်ဆောင်သွားဖို့ အမိန့်ပေးလိုက်သည်၊ ယွင်ဖေချူး သည် ဝမ်းနည်းမျက်ရည်များကို သုတ်ရင်း တရားစီရင်ခန်းမ ထဲမှ ပြန်လည်ထွက်သွားသည်။

မာကျောက်ယိမှာ ခေါင်းငိုက်စိုက်ကျသွားသည်၊ သုခမိန် ကြီးသည် မာကျောက်ယိကိုကြည့်လိုက်သည်။

'မာကျောက်ယိ မင်းရဲ့အပြစ်တွေဝန်ခံ၊ ပြီးတော့ ခားမြ ခေါင်းဆောင်ဖြစ်ကြောင်း တရားရုံးမှာ ဖြောင့်ချက်ပေးပါ'၊

'သုခမိန်ကြီး ကျုပ်ဟာ ရက်စက်ရိုင်းစိုင်းတဲ့ ဒုစရိုက်တွေကို ပြုလုပ်ခဲ့တာ မှန်ပါတယ်၊ ဒါပေမယ့် အခုချိန်မှာ ဘုရင် အမှုတော်ကိုထမ်းတဲ့ အပ်မှူးကြီးဖြစ်နေပါပြီ၊ ဒီအမှုကိုပဲ သွား ပြီး ဆုံးဖြတ်ပေးပါ'

'မာကျောက်ယိ မင်းခံ‌းပြတိုက်ပြီး လူဘေးသတ်တုန်းက

အဲဒီလူတွေကို ညာတာထောက်ထားဖို့ မင်းသတိမရဘူးလား'

'လူတစ်ယောက်ဟာ အရင်ကမကောင်းမှုတွေ ပြုလုပ်ခဲ့ပေမယ့် အခုအချိန်မှာ ကောင်းမြတ်တဲ့လုပ်ငန်း လုပ်နေပြီဆိုရင် သူ့ကို ခွင့်မလွှတ်သင့်တော့ဘူးလား'

'လူတိုင်းမှာ အသက်ရှင်နေတဲ့ဘဝနဲ့ မိသားစုရှိတယ် မာကျောက်ယီ မင်းဟာ ဓားပြခေါင်းဆောင် တစ်ယောက်ပဲ'

'ဓားပြခေါင်းဆောင်ဆိုတာ သုခမိန်ကြီးက စွပ်စွဲတာပဲ၊ ဓားပြခေါင်းဆောင်က ချူချန်းပဲ၊ ကျုပ် အခု မာကျောက်ယီ ဖြစ်နေပြီ ဖြစ်နေပြီ'

'နာမည်ကို ပြောင်းလဲလိုက်ရုံနဲ့ မင်းရဲ့ကိုယ်ခန္ဓာကပြောင်းလဲသွားတာမှမဟုတ်တာ'

'ကျုပ်ဟာ ချူချန်းမဟုတ်ဘူးဆိုရင်ကော'

'မင်းက ချူချန်း ဖြစ်ကြောင်း ငါအခုထုတ်ဖော်ရမှာပဲ၊ ကျန်းလုံ ကျောက်ဟူ နောက်ဆုံးသက်သေကို လွှတ်လိုက်ပါ'

တရားရုံးအပေါက်ဝသို့ မာကျောက်ယီ လှည့်လိုက်သည်၊ ပိန်လှီခါးကိုင်းနေသော လူမမာတစ်ဦးကို လူငယ် တစ်ဦးက တွဲခေါ်လာခဲ့သည်။

သုခမိန်ကြီး၏ရှေ့တွင် ပိန်လှီသော လူမမာကို ထိုင်ခိုင်းလိုက်သည်။

'အခုတရားရုံးကို အစစ်ခံဖို့ ရောက်လာတဲ့ သူဟာ ဘယ်သူလဲ'

'ချင်တောက်ပါ'

'ဟင်'



မာကျောက်ယီအမည်ခံ ချူချန်းသည် သူနဲ့ဘုရင့် ဘဏ္ဍာတော်များကို တိုက်ခိုက်စဉ်က အတူပါဝင်ကာ တိုက်ခိုက် လုယက်ခဲ့သော ချင်တောက်ကို တွေ့လိုက်ရ၍ အံ့အားသင့်သွားသည်။

'အခု တရားရုံးရှေ့မှာ ရပ်နေတဲ့လူကို သိပါသလား'

သုခမိန်ကြီးက ချင်တောက်ကို မေးလိုက်သည်၊ ချင်တောက်က လက်ထောက်၍ ခေါင်းကို နှစ်ကြိမ်သုံးကြိမ် ညိတ်ပြလိုက်သည်။

'အဲဒီလူက ဘယ်သူလဲ'

'သူက ဓားပြခေါင်းဆောင် ချူချန်းပါ'

သုခမိန်ကြီး၏အမေးကို အားနည်းသောလေသံဖြင့် ပြန်ဖြေသည်။

'သေချာကြည့်ပါဦး မျက်စိများ မှားနေသလား သူက ပါဝ်မှူးကြီး မာကျောက်ယီပါ'

သုခမိန်ကြီးက ချင်တောက်ကို သေချာအောင် ထပ်မေးသည်၊ ချင်တောက်က ခေါင်းကို သွက်သွက်ခါပြလိုက်သည်။

ဒါဆို ချင်တောက် သူဟာဓားပြခေါင်းဆောင် ချူချန်းဖြစ်ကြောင်း သက်သေပြနိုင်ပါမလား'

ချင်တောက်က ခေါင်းညိတ်၏။

'ဘယ်လိုသက်သေပြမှာလဲ'

'ဘုရင့်ဘဏ္ဍာတော်တွေကို တိုက်ယူလာပြီး ချူချန်းဟာ တစ်ယောက်ထဲလိုချင်လို့ ကျွန်တော့်ကို နောက်ကနေ ဓားနဲ့ ခုတ်သတ်ပါတယ်၊ ကျွန်တော်က ပြန်ပြီးခုတ်သတ်တဲ့ အတွက်

သူ့ကျောမှာ ကန့်လန့်ဖြတ် ဓားဒဏ်ရာရခဲ့ပါတယ်'

'ဒါကို တပ်မှူးကြီး မာကျောက်ယိ ချူချန်းဆိုရင် သူ့ကျောမှာ ခုထိဒဏ်ရာရှိရမှာပေါ့'

ချင်တောက်ခေါင်းညိတ်ပြလိုက်သည်။

'ကဲ သူ့ကိုပြန်ခေါ်သွားပါတော့ သူသိပ်မောနေပြီ'

ခန်းမိုကလူမာ ချင်တောက်ကို တွဲယူကာ တရားရုံးထဲမှ ခေါ်ထုတ်သွားသည်၊ သုခမိန်ကြီးသည် မာကျောက်ယိကို ကြည့်လိုက်သည်။

မာကျောက်ယိသည် အံကိုကြိတ်၍ သုခမိန်ကြီးကို ကြည့်နေ၏။

'ကျန်ကျောင်း မာကျောက်ယိကို တပ်မှူးကြီးရဲ့ အဆောင်အယောင်တွေ ချွတ်လိုက်ပါ'

'အို...ဘာလို့ ချွတ်ရမှာလဲ၊ ကျုပ်ကို အိမ်ရှေ့မင်းသားက ဒီအဝတ်အစားတွေ ပေးထားတာ၊ ခင်ဗျားက ချွတ်လို့ရပါ့မလား သုခမိန်ကြီး'

'ဒီမှာ မာကျောက်ယိ၊ မင်းက ဗုစရိုပ်မှု ကျူးလွန်ခဲ့တဲ့ ချူချန်း ဆိုတာ ဝန်မခံရင် မင်းရဲ့ကျောကို တို့က စစ်ဆေးရမယ်'



'အို...ကျုပ်ရဲ့ အဝတ်အစားတွေကို မချွတ်ပါနဲ့'

မာကျောက်ယိက ငြင်းဆန်နေလေသည်၊ သို့သော် ရဲမက်များက ချုပ်နှောင်ကာ ဦးထုပ်နှင့် အပေါ် အင်္ကျီများကို ဆွဲချွတ်ပစ်လိုက်သည်။

ချင်တောက်ပြောသည့်အတိုင်း ကျောတွင် ကန့်လန့်ဖြတ် ဓားဒဏ်ရာကြီးက ထင်ရှားနေသည်ကို အားလုံး တွေ့လိုက်ရသည်။

'ဘုရင့် ဘဏ္ဍာတော်တွေ ခိုးပြီး [illegible] လူသတ်မှုတွေ ကျူးလွန်ခဲ့တဲ့ ချူချန်း မင်းဘာပြောချင်သေးလဲ'

'ကျုပ်...ကျုပ် ဘာမှ ပြော[illegible]ပါဘူး သုခမိန်ကြီးရယ်'

ချူချန်းသည် မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ငိုယိုလိုက်သည်၊ ထို့နောက် တဖြည်းဖြည်း ယိမ်းယိုင်[illegible] လဲကျသွားသည်။

'သူ့ကို ပြန်ပြီးထူပေးလိုက်ကြပါ၊ သူဟာ စိတ်ထိခိုက်သွားပြီ....'

သုခမိန်ကြီးစကားကြောင့် ဝမ်ချောင်းနှင့် မောဟန်တို့က မာကျောက်ယိအသွင်ခံ ချူချန်းကို ထူမလိုက်ကြသည်၊ သို့သော် မာကျောက်ယိ တစ်ကိုယ်လုံးမှာ အေးစက်တောင့်တင်းနေသည်ကို သူတို့သတိထားလိုက်မိသည်။

သုခမိန်ကြီးက ထူမမပေးဘဲ ထရပ်လိုက်သော မောဟန်နှင့် ဝမ်းချောင်းတို့ကို အော်ဟစ်မေးလိုက်သည်။

'ဘာဖြစ်တာလဲ ဝမ်ချောင်းနဲ့မောဟန်'

'သူ အသက်မရှိတော့ဘူး သုခမိန်ကြီး၊ အင်မတန်ပြင်းထန်တဲ့အဆိပ်သောက်ပြီး သူ့ကိုယ်သူ သတ်သေသွားပါပြီ'

ခိုင်ဖုံးတရားရုံးသည် တစ်ခဏအတွင်း တိတ်ဆိတ်ငြိမ်သက်သွားလေသည်၊ သုခမိန်ကြီးသည် ခေါင်းကိုတဆတ်ဆတ်ညိတ်ရင်း ခါးပြခေါင်းဆောင်ချူချန်း၏ နိဂုံးကို မှတ်ချက်ချနေလေတော့သည်။

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ မြေသစ်
တောင်ဥက္ကလာ
ဖုန်း ၂၀၄၅၅

ရန်မျိုးအောင်